"ကိုသက်ဖြိုးဝေ"မှ စာအုပ် စာပေဒါနပြုပါသည်
PDF-စာအုပ်ရွာ

စိတ်ကြိုက်စာပေ

# ဘာကြောင့် ထိပ်တန်းမရောက်တာလဲ

သုတိုးနွယ်



ဝေနိုဝေါ်ဒယ်
2012

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဘာကြောင့် ထိပ်တန်းမရောက်တာလဲ

သတိုးနွယ်

## ပုံနှိပ်မှတ်တမ်း

**ပထမအကြိမ်** - ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ

**အုပ်ရေ** - ၁၀၀၀

**တန်ဖိုး** - ၅၀၀ ကျပ်

**အဖုံးဒီဇိုင်း** - သန့်ဇော်သစ်

**ကွန်ပျူတာစာစီ** - A-7 Group (၅၅၊ ၃၈-လမ်းအောက်)

**အတွင်းဖလင်** - A-7 Group (၅၅၊ ၃၈-လမ်းအောက်)

**စီစဉ်သူ** - မျိုးညွန့် (စိတ်ကြိုက်စာပေ)

**ထုတ်ဝေသူ** - ဦးချစ်ညွန့် (၀၄၀၀၄)၊
ဇင်ရတနာစာပေ၊
၂၅၅က/၄-လမ်း၊ မြို့သစ်
(က+ခ) ရပ်ကွက်၊ အင်းစိန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်** - ဦးအောင်မြင့်သိန်း (မြ-၀၆၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်-၁၅၀၊ ၄၇-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၁၃၁.၃

သတိုးနွယ်
သင်ဘာကြောင့်ထိပ်တန်းမရောက်တာလဲ...../ သတိုးနွယ်။ ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၁၂။
၂၁၈-စာ၊ ၁၀.၅ × ၁၆.၅ စင်တီ။
(၁) သင်ဘာကြောင့်ထိပ်တန်းမရောက်တာလဲ.....

## မာတိကာ


| | |
|---|---|
| ပရဟိတစိတ်ဓာတ် | ၁ |
| စက် | ၄ |
| စကား | ၇ |
| ခြင်္သေ့ | ၁၀ |
| ခေါင်းနှင့်ပန်း | ၁၃ |
| မကောင်းရင် ရှန်းထွက်ပါ | ၁၆ |
| ပြော | ၁၉ |
| သမိုင်းကောင်းတွင်အောင် သမိုင်းဝင်တာတွေလုပ် | ၂၂ |
| အပြင်နှင့် အတွင်း | ၂၅ |
| သင့်ကြောင့် စစ်မဖြစ်ပါစေနှင့် | ၂၈ |
| ကလျာဏမိတ္တ | ၃၁ |

လူမိုက် လူကြီး ၃၄
နွား ၃၇
အမုန်တူ အမှား ၄၀
ဝေဖန်ရေး ၄၄
အတားအဆီးများရဲ့ အခြားတစ်ဘက် ၄၆
အခွင့်အရေး ၄၉
စိတ်ကောင်းကို အသုံးချပါ ၅၂
စိတ်ချမ်းသာမှုနှင့် ကိုယ်ကျင့်တရား ၅၅
လွတ်လမ်း ၅၈
ရည်မှန်းထားပါ၊ ထိန်းချုပ်ပါ ၆၁
ပြောင်းပါ ၆၄
လောကပါလနှင့် လူ့ဘဝပတ်ဝန်းကျင် ၆၇
ပဋိပက္ခ ၇၀
ဘာ့ကြောင့် ထိပ်တန်းမရောက်တာလဲ? ၇၃
ဘာ့ကြောင့် ခေါင်းဆောင်မဖြစ်တာလဲ? ၇၆
ဘာလုပ်မှာလဲ ၇၉
မ'အ'စေနဲ့ ၈၂
ထပါ ၈၅
ကိုယ့်ကိုယ်ကို ယုံကြည်အောင်နေပါ ၈၈
အားနည်းသူ၏အခွင့်အရေး ၉၁
အချိန်နှင့်အလုပ် ၉၄
လေးလေးစားစား ဆက်ဆံပါ ၉၇

☆ သတိုးနွယ်


ဘာကြောင့် မကြီးပွားတာလဲ ၁၀၀
လူနှင့် အလုပ် ၁၀၃
အရည်အချင်းဆိုတာ ဘာလဲ ၁၀၆
သုံးသပ်ခြင်း ၁၀၉
သူ့ရဲကောင်း ၁၁၂
စေတနာ ၁၁၅
နို့နှင့် ရေ ၁၁၈
ဝါဠမ်း ၁၂၁
ဖြတ်လမ်း ၁၂၄
ဝီရိယနှင့် လမ်းမှန် ၁၂၇
သင့်ကြောင့် အများမထိခိုက်ပါစေနှင့် ၁၃၀
ဖယောင်းတိုင် ၁၃၃
အလုပ်ထဲမှာပျော်ပါ ၁၃၆
တန်ပြန်သက်ရောက်မှု ၁၃၉
သမိုင်းကောင်း ၁၄၂
ဓား ၁၄၅
အပေးအယူ ၁၄၈
ဘာ့ကြောင့် ၁၅၁
ဟိတောပဒေသအဖွင့်-၁ ၁၅၄
ဟိတောပဒေသအဖွင့်-၂ ၁၅၇
ဟိတောပဒေသအဖွင့်-၃ ၁၆၀
ဟိတောပဒေသအဖွင့်-၄ ၁၆၃

ဟီတောပဒေသအဖွင့်-၅ ၁၆၆
ဟီတောပဒေသအဖွင့်-၆ ၁၆၉
ဟီတောပဒေသအဖွင့်-၇ ၁၇၂
ဟီတောပဒေသအဖွင့်-၈ ၁၇၅
ဟီတောပဒေသအဖွင့်-၉ ၁၇၉
ဟီတောပဒေသအဖွင့်-၁၀ ၁၈၁
ကြောက်စရာကောင်းသော ပညာတတ် ၁၈၄
စိတ်ချမ်းသာပါစေ ၁၈၇

-o-

## အမှာစာ

'ဘာကြောင့် ထိပ်တန်းမရောက်တာလဲ' ဟူသော ဝါကျကို အပြန်အားဖြင့် ကြည့်ပါက 'ဘယ်သူတွေ ထိပ်တန်းရောက်တာလဲ'၊ 'ဘယ်သူတွေသာ ထိပ်တန်းမှာရှိတာလဲ'၊ 'ထိပ်တန်းမရောက်ခြင်း အကြောင်းရင်း' စသည်အားဖြင့် အဓိပ္ပာယ်များထွက်နိုင်ပါသည်။

လူသည် လောကဓံတရားရှစ်ပါး (အကောင်းလေးပါး၊ အဆိုးလေးပါး)ဖြင့် ကြည့်ပါက အကောင်းလောကဓံလေးပါး (လာဘ်ရခြင်း၊ အခြွေအရံများခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း)ကိုသာ ကြုံတွေ့ချင်၏။ ဆိုးဝါးသော လောကဓံများကို မကြုံချင်ပေ။

ဘာကြောင့်ပါလဲ?

အဖြေက ရှင်းပါသည်။ လူတိုင်းသည် အောင်မြင်ကြီးပွားချင်ကြသောကြောင့် ဖြစ်၏။

☆ သတိုးနွယ်

တောင်ပေါ်ကို ရောက်သွားသည့်အခါမှာလည်း မိမိနေရာမှာ အချိန်ကြာမြင့်စွာ ရပ်တည်နိုင်ဖို့၊ တခြားတက်လာသူများကြောင့် မိမိနေရာ မကျဉ်းသွားစေဖို့၊ အပြင်းထန်ဆုံး လေတိုက်နှုန်းကို ခံနိုင်ဖို့ ရပ်တည်ရတာဟာလည်း တောင်တက်ရတာထက် ပိုခိုး၏။

ဘာကြောင့်လည်းဆိုပါက အမြင့်က ပြုတ်ကျရင် ပိုပြီးတော့ အကျနာလို့ပါပဲ။

☆

'ဘာကြောင့် ထိပ်တန်းမရောက်တာလဲ'

ဟူသော အဖြေစကားရပ်ရဲ့ အကြောင်းကို ပြန်ချုပ်လိုက်ပါက…

ထိပ်တန်းကိုသွားချင်သော စိတ်ဓာတ်၊

ထိပ်တန်းကိုသွားနိုင်သော ကြံ့ခိုင်မှု၊

ထိပ်တန်းကိုသွားသောလမ်း၊

ထိပ်တန်း၌ တွေ့ကြုံရမည့် အခက်အခဲ…

စသည် စသည်အားဖြင့် 'ထိပ်တန်းကို ရောက်နိုင်သော အကြောင်းတရား'တွေ မပြည့်စုံရင် မရောက်ပါဘူး။

ထိပ်တန်းကိုရောက်နိုင်သော အကြောင်းတရားများ ပြည့်စုံရင်တော့ ရောက်နိုင်ပါသည်။

သည်တော့…

ခံနိုင်ရည်မရှိလျှင်…

တောင်အောက်ကို ကျသွားနိုင်၏။

တောင်တက်ခြင်းသည် မြေပြန့်ကဲ့သို့မဟုတ်၊ အမြင့်ကို ရောက်လာလေလေ နေရာက ပိုမိုကျဉ်းလာလေ၊ လေတိုက်နှုန်းက လည်း ပိုမိုများပြားလာလေပါပဲ။

ဒါ့အပြင် မိမိတက်တဲ့ တောင်မှာ တက်တဲ့သူများပါက များသည့် အလျောက် အခြားသော တောင်တက်သမားများနှင့် အဆင်ပြေအောင် လည်း ဆက်ဆံရသလို မိမိအတွက် နေရာလွတ်ကိုလည်း ပိုမိုရှာဖွေ ရ၏။ နေရာလွတ်မရှိလျှင် ညပ်ကျန်နေနိုင်သလို အခြားတောင်တက် သမားများကို အဆင်ပြေစွာ မဆက်ဆံနိုင်ပါက သူတစ်ပါးက မိမိကို တောင်အောက်ရောက်အောင် တွန်းချသွားနိုင်ပါသည်။

တောင်တက်သည့်အခါမှာလည်း သူများနောက်က မေးလိုက် ပါက ခရီးမတွင်သလို သူများရှေ့က သွားပြန်ပါကလည်း လမ်းမသိရင် ခရီးမှားကို ရောက်သွားနိုင်၏။

သည်တော့…

လမ်းသိရင် ခရီးတွင်ပါ၏။ သို့သော် လမ်းဟောင်းအတိုင်း လိုက်နေပါက ပြောင်းလဲသွားသော၊ အခြေအနေ၊ မတူညီသော ရာသီ ဥတု အနေအထားများကြောင့်လည်း သူတစ်ပါးရဲ့ ကျော်တက်ခြင်းကို ခံရနိုင်၏။

ဒါဆိုလျှင်…

တောင်တက်သမားဟာ လမ်းသိအောင်လည်း လုပ်ရမှာဖြစ် သလို၊ လမ်းဟောင်းကို(ခေတ်အခြေအနေအရ)လည်း ဆန်းသစ်ကာ သွားနိုင်ရပါမည်။

☆ သတိုးနွယ်

ဒါကိုပင်လျှင် 'ထိပ်တန်းနေရာ'ဟု ခေါ်၏။

သို့သော်…

လူတိုင်းသည် ထိပ်တန်းကိုရောက်ကြပါသလား?

(… … … … …)

ဘာကြောင့် မရောက်တာလဲ?

ရောက်ချင်ပါလျက်နဲ့ မရောက်ခြင်းဟာ တစ်ခုခု လိုအပ်ချက် ရှိနေလို့ပါပဲ။

ဒါဆိုလျှင်…

ထိပ်တန်းရောက်အောင် ဘယ်လိုလုပ်ရမလဲ?

☆

လူသည် မိမိအလိုရှိသော ဘဝတစ်ခုကို တည်ဆောက်ခြင်းဖြင့် မိမိရည်မှန်းချက်ကို အကောင်အထည်ဖော်ရ၏။

ရည်မှန်းချက်တစ်ခုကို အကောင်အထည်ဖော်ခြင်းဟူသည် တောင်တက်ခြင်းနှင့် တူ၏။

တောင်တက်သမားဆိုတာ စိတ်ခွတ်ကြံ့ခိုင်မှု၊ ရုပ်ခန္ဓာကြံ့ခိုင်မှု နှစ်ခုစလုံး ပြည့်စုံဖို့ လိုအပ်သလို တောင်ထိပ်ကို ရောက်အောင်သွား မည်ဆိုသော ဇွဲ သတ္တိလည်း လိုအပ်လှ၏။

တောင်တက်ခရီးဆိုတာ မြေပြန့်မှာ သွားနေရသလို လွယ်ကူမှု ရှိမည်မဟုတ်။ မမြင်နိုင်တဲ့ အချိုးအကွေ့ ထောင့်စွန်းများကနေ အခက် အခဲ အတားအဆီးများကလည်း ပိတ်ပင်ထားတတ်သလို မကြုံဖူးတဲ့ အတွေ့အကြုံများကလည်း မိမိကို စမ်းသပ်တတ်၏။

ဘာကြောင့်ထိပ်တန်းမရောက်တာလဲ ☆

ထိပ်တန်းရောက်ချင်သူသည် မိမိ ဘာကြောင့် ထိပ်တန်း မရောက်တာလဲ ဟူသော အချက်ကို လေ့လာပြီး လိုအပ်ချက်ကို ဖြည့်စွက်ပါက ထိပ်တန်းတစ်နေရာကို ရောက်နိုင်ပါသည်။

ရွှင်လန်းချမ်းမြေ့ပါစေ…

သတိုးနွယ်(၂၀၁၂)

## ပရဟိတစိတ်ဓာတ်

လူဟာ...

မည်သူမဆို ထိပ်တန်းဘဝကို ပိုင်ဆိုင်ချင်၏။

ထိပ်တန်းမှာပဲ အဆင့်မြင့်မြင့် နေချင်ကြ၏။

လူနှင့် လူချင်းယှဉ်ပါက မိမိကသာ အသာရချင်၏။ အနိုင်ယူချင်၏။

သို့သော်...

လူသားတိုင်းကတော့ ထိုသို့ဖြစ်မလာပေ။

ဘာကြောင့်ပါနည်း?

အကြောင်းကတော့ ထိပ်တန်းဘဝဆိုတာ ပဲ့အမြင့်တောင်ကုန်းပေါ်မှာရှိသဖြင့် အမြင့်ရောက်အောင် တက်ရတာခက်သလို အပေါ်မှာလည်း နေရာလွတ်က သိပ်မရှိတာကြောင့် တော်ရုံခွဲသတ္တိ စိတ်ဓာတ်ဖြင့်တော့ မရောက်နိုင်၊ နေရာမယူနိုင်။

ဒါဆိုလျှင်…

အမြင့်ရောက်အောင် ဘယ်လိုလုပ်မလဲ?

အမြင့်ရောက်ချင်တဲ့သူဟာ အမြင့်မြတ်ဆုံးစိတ်ဓာတ်ကို ပိုင်ဆိုင်ထားရပါမည်။

အမြင့်မြတ်ဆုံး စိတ်ဓာတ်ဆိုတာ 'ပရဟိတ စိတ်ဓာတ်'ပင်ဖြစ်၏။

လူသည် မိမိအကျိုးစီးပွားအတွက်သာကြည့်ပြီး အလုပ်လုပ်သော 'အတ္တ'သမားနှင့် သူတစ်ပါးတို့၏ အကျိုးစီးပွားကိုလုပ်သော 'ပရ'သမားဆိုပြီး နှစ်မျိုးရှိ၏။

အတ္တဟိတသမားသည်

မိမိတစ်ဦးနှင့် မိမိတို့မိသားစု အကျိုးစီးပွားအတွက်ကိုသာကြည့်ပြီး လုပ်၏။ သူတစ်ပါး ဘာပဲဖြစ်ဖြစ် စိတ်မဝင်စားပေ။ မိမိအကျိုးရှိမည်ဆိုပါက သူတစ်ပါး၏ မျက်ရည်စများကို လမ်းခင်းသွားဖို့ ဝန်မလေးပေ။

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခုမှာ 'အတ္တသမား'တွေ ဦးဆောင်ပါက အဲဒီလူမျိုး၊ အဲဒီနိုင်ငံဟာ ကမ္ဘာရဲ့အပြင်ဘက်ကို ရောက်သွားသလို အစစ အရာရာ နောက်ကျကျန်ရစ်ခဲ့၏။

တိုးတက်ဖို့ အခွင့်အရေးဆိုတာ…

တိုးတက်ချင်သော စိတ်ဓာတ်ရှိသူတွေ ဦးဆောင်မှသာ ရနိုင်၊ ရောက်နိုင်သော အရာတစ်ခုဖြစ်၏။

အဲဒီလိုဖြစ်ဖို့ဆိုပါက 'ပရဟိတ'စိတ်ဓာတ် ရှိရပါမည်။

လူဟာ…

မြင့်မြတ်သော၊ အထက်တန်းကျသော၊ သမိုင်းကောင်းသော၊ အများက ချစ်ခင်နှစ်သက်သော၊ အများအကျိုး ဆောင်ရွက်တတ်ဖို့ဆိုပါက ပရဟိတစိတ်ဓာတ် ရှိရပါမည်။

ပရဟိတသမားသည်…

လုပ်သင့်တာနှင့် မလုပ်သင့်တာကို ခွဲခြား၍ သိ၏။

မိမိအတွက် အကျိုးရှိပေမယ့် သူတစ်ပါးတို့အတွက် အကျိုးမရှိက မလုပ်ဆောင်ပေ။ သူတစ်ပါးတို့အတွက် အကျိုးရှိပြီး မိမိအတွက် အကျိုးမရှိပေမယ့်လည်း လုပ်သင့်က လုပ်၏။

နိုင်ငံတစ်ခု၊ အဖွဲ့အစည်းတစ်ခု တိုးတက်ဖို့ဆိုပါက…

ပရဟိတသမားတွေ ဦးဆောင်ရပါမည်။

သူတစ်ပါး ပရဟိတသမားဖြစ်၊ မဖြစ်ဆိုတာထက် ကိုယ် ပရဟိတစိတ်ဓာတ်ပိုင်ရှင်ဖြစ်အောင် လုပ်ပါ။

ပြ

## စက်

မင်္ဂလာသုတ်၌ အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ စက်လေးပါး ရှိရမည်ဟု ပြဆိုထားပါသည်။ စက်လေးပါးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီးလှည့်ပတ်နေပါက ထိပ်တန်းနိုင်၏။ စက်လေးပါးဆိုတာ...

(၁) သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့အရပ်မှာနေခြင်း၊
(၂) လူတော်လူကောင်းနှင့် ပေါင်းသင်းခြင်း၊
(၃) ကိုယ့်ကိုယ်ကို ပြုပြင်ပြီးတော့ ကြိုးစားအားထုတ်ခြင်း၊
(၄) ရှေးက ကောင်းမှုရှိခြင်း။

မြန်မာစကားပုံ၌ "တစ်ရွာမပြောင်း သူကောင်းမဖြစ်"ဆိုတာ ပတိရူပ ဒေသဝါသ စက်က ဆင်းသက်လာခြင်းဖြစ်၏။

ဘာကြောင့်လည်းဆိုပါက အတွေ့အကြုံ၊ အမြင်၊ အယူအဆ၊ ပညာဗဟုသုတများဟာ တစ်နေရာနှင့် တစ်နေရာ မတူညီတတ်ပေ။

တစ်နေရာမှ အခြားနေရာသို့ ပြောင်းလိုက်သောအခါ အတွေ့ အကြုံအသစ်၊ အသိဉာဏ်အသစ်၊ ဗဟုသုတအသစ်တွေ ရလာ၏။ ထိုရရှိလာတဲ့ အရာတွေကနေ ဘယ်ဟာ အကောင်းဆုံးလဲဆိုတာ သိလာပါတယ်။

လူဟာ အကြောင်းအကျိုး၊ အကောင်းအဆိုးကို မခွဲခြားနိုင်ပါက၊ မနှိုင်းယှဉ်နိုင်ပါက တိုးတက်ဖို့ မလွယ်ပေ။

ဒီတော့…

မိမိရည်ရွယ်ထားသောအရာနှင့် မိမိရောက်နေသော အရပ်။

မိမိရည်ရွယ်ထားသောအရာနှင့် မိမိပေါင်းနေသောသူ။

မိမိရည်ရွယ်ထားသောအရာနှင့် မိမိရဲ့ကြိုးစားမှု။

ဒီအချက်တွေကို အဓိက ဆန်းစစ်ရပါမည်။

မိမိရည်ရွယ်ချက်နှင့် အံမဝင်ဘူးဆိုပါက ပြောင်းသင့်တာကို ပြောင်းရပါမည်။

ပြောင်းသင့်ပါလျက် မပြောင်းပါက…

မဖြစ်သင့်တာတွေ ဖြစ်သွားပါမည်။

ဘာကြောင့်လဲဆိုပါက လူဟာ ရှေးက ကုသိုလ်ကောင်းမှု ရှိခဲ့ပါက သင့်တင့်တဲ့အရပ်ကို ရောက်ပါမည်။ သင့်တင့်တဲ့အရပ်ကို ရောက်တဲ့သူဟာလည်း ပညာရှိသူတော်ကောင်းတွေနဲ့ တွေ့ပါမည်။

ပညာရှိသူတော်ကောင်းများနဲ့ တွေ့တဲ့ပုဂ္ဂိုလ်ဟာလည်း မိမိကိုယ်ကို ပြုပြင်ပြောင်းလဲပြီးတော့ နေတတ် ထိုင်တတ်လာပြီး ကုသိုလ်တွေပြန်ပြုံ၊ ဒီလို စက်လည်သွားပါမည်။

သည်တော့…

'စက်လေးပါး'ဖြင့် နေတဲ့သူဟာ ထိပ်တန်းသို့ရောက်၏။

စက်လေးပါးတွင်လည်း မိမိကိုယ်ကို ကောင်းသည်ထက် ကောင်းအောင် ပြုပြင်ကြိုးစားပြီးတော့ နေနိုင်လေ အခြားသော စက်မျာ ဟာလည်း ပြည့်စုံလာလေဆိုတာကိုတော့ မမေ့ပါနှင့်။

ပြီ

## စကား

လူသည် လူ့ပတ်ဝန်းကျင်တွင် နေထိုင်ကာ အထက်တန်းကျသော ဘဝတစ်ခုကို တည်ဆောက်ရ၏။ လူ့ပတ်ဝန်းကျင်တွင် လူ့အထက်က နေဖို့ဆိုပါက 'စကား'တွေ ပြောရပါမည်။

စကားပြောတိုင်း အထက်တန်းရောက်သည်တော့ မဟုတ်ပေ။ ပြောတတ်၊ ဆိုတတ်မှ အထက်တန်းဘဝသို့ ရောက်ပါမည်။ မြတ်ဗုဒ္ဓက စကားခြောက်ခွန်းကို မိန့်ခဲ့၏။ အဲဒီ ခြောက်ခွန်းကတော့…

(၁) မဟုတ်မမှန် အကျိုးမရှိ သူတစ်ပါး မနှစ်သက်သော စကား။

(၂) မဟုတ်မမှန် အကျိုးမရှိ သူတစ်ပါး နှစ်သက်သော စကား။

(၃) ဟုတ်မှန်သော်လည်း အကျိုးမရှိ သူတစ်ပါး မနှစ်သက်သော စကား။

(၄) ဟုတ်မှန်သော်လည်း အကျိုးမရှိ သူတစ်ပါး နှစ်သက်သော စကား။

(၅) ဟုတ်မှန်ပြီး အကျိုးရှိ သူတစ်ပါး မနှစ်သက်တဲ့ စကား။

(၆) ဟုတ်မှန်ပြီး အကျိုးရှိ သူတစ်ပါး နှစ်သက်တဲ့ စကား။

ဆိုပြီး စကားခြောက်ခွန်းထဲမှာ နောက်ဆုံး (၅)နှင့်(၆) နှစ်ခွန်းကိုသာ အဓိကထားပြီး ပြောရမယ်ဟု ဆိုထားပါသည်။

သို့သော်…

အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့ အချိန်တိုင်းမှာ စကားတွေ ပြောနေရမှာလားဆိုတော့ မဟုတ်ပေ။

စကားဆိုတာ ပြောသင့်တဲ့အချိန်မှာ ပြောပါ။ မပြောသင့်ရင် မပြောပါနဲ့။ စကားဆိုတာ မပြောလို့လည်း တန်ဖိုးကြီးတာ ရှိပါသည်။ ပြောလို့လည်း တန်ဖိုးကြီးတာ ရှိပါသည်။ အရေးကြီးတာက ပြောသင့်သော အချိန်နှင့် မပြောသင့်သော အချိန်ကို ကောင်းစွာ နားလည်ရပါမည်။

စကားပြောခြင်းမှာလည်း အင်္ဂါခြောက်ပါး ရှိပါသည်။ အဲဒါကတော့…

(၁) မိတ်ဆက်ခြင်း (နိဒါန်း)

(၂) ပင်ရင်းအကြောင်း (ဟိတ်)

(၃) နှိုင်းယှဉ်ခြင်း (ဥပမာ)

(၄) ဝတ္ထုသာဓက တင်ပြခြင်း (သက်သေ)

(၅) ကိုယ်တိုင်ပြုလုပ်ခြင်း (ပြယုဂ်)

(၆) စကားချုပ်ခြင်း (နိဂုံး)

တို့ပါပဲ။ ဒီအကြောင်းတရားတွေနှင့် ပြည့်စုံရင်တော့ စကားပြော ကောင်းတဲ့သူပါပဲ။ တစ်ခုရှိတာက လူဟာ စကားအပြောကောင်းဖို့ လိုအပ်သလို စကားအကောင်းကိုလည်း ပြောတတ်ရပါမည်။

စကားအကောင်းများကို ပြောဆိုတတ်ဖို့ဆိုပါက စကားအကောင်းပြောသူတွေရဲ့ စကားတွေကို များများနားထောင်ရပါမည်။

နေရာတကာ မိမိကသာ သိတယ်၊ မိမိကသာ တတ်တယ်ဆိုပြီး အတင်းပြောနေပါက သူတစ်ပါးထံက ဘာမှ မရတော့ပါဘူး။

တကယ်တော့ 'နား'ဆိုတာဟာလည်း ပါးစပ်ကရေးတဲ့ စာတွေကို ဖတ်ခြင်းပါပဲ။

ပြီ

# ခြသေ့်

ခေါင်းဆောင်ကောင်းဖြစ်ချင်တဲ့သူဟာ အမြဲတမ်း ခြသေ့် တစ်ကောင်ကဲ့သို့ ရှိနေရပါမည်။ ခြသေ့်တွေဟာ...

အချိန်မရွေး သတိ ဝီရိယ ရှိပါတယ်။

အချိန်မရွေး မိမိကို အန္တရာယ်ပေးနိုင်တယ်ဆိုတဲ့ အသိ အမြဲ ရှိပါတယ်။

အချိန်မရွေး မိမိမှာ ရန်သူရှိတယ်ဆိုတဲ့ အသိရှိပါတယ်။

အချိန်မရွေး ငါ သားကောင်ကို ရတော့မယ်ဆိုတဲ့ အသိရှိ ပါတယ်။

မည်သည့်သားကောင်ကိုမဆို တူညီသော ခွန်အားဖြင့် အနိုင်ယူ ရပါတယ်။

သားကောင်အားလျော့လို့ မိမိက ခွန်အားကို ချွေတာသည် မရှိပေ။ မည်သူ့ကိုမဆို သတိ၊ ဝီရိယ၊ အသိ တူညီစွာထားပါတယ်။

အောင်မြင်ချင်တဲ့သူတွေဟာ အချိန်မရွေး ကြိုးစားအားထုတ် နေရပါမည်။ အခွင့်အရေးဆိုတာ ကြိုးစားအားထုတ်ခြင်းနှင့် ရက်ဖောက် ထားတယ်ဆိုတာကို သိရပါမယ်။

ဒီလိုပါပဲ။

မိမိက အခွင့်အရေးရရှိအောင် ကြိုးစားနေစဉ်မှာလည်း အခွင့် အရေး ဆုံးရှုံးခြင်း၊ မိမိမျှော်မှန်းထားသကဲ့သို့ ဖြစ်မလာခြင်း၊ မိမိ မထင်မှတ်ထားသည်များ ဖြစ်ပေါ်ခြင်းတည်းဟူသော အန္တရာယ်တွေ ကျရောက်နိုင်သည်ဆိုတာကိုပါ သိထားရပါမည်။

တစ်ခါတစ်ရံ မိမိထင်ထားတဲ့ ရှုထောင့်က ဝင်လာနိုင်တဲ့ အကျိုး၊ အပြစ်တွေကိုလည်း သတိကြီးစွာ ဂရုစိုက်ရပါမယ်။

တစ်ခါတလေကျရင် မိမိအနေဖြင့် သေချာပေါက် အနိုင်ရမည် ဟု ထင်မှတ်ထားပြီးကာမှ မိမိရဲ့ ပေါ့လျော့မှု၊ ကြိုးစားအားထုတ်မှု စွမ်းအားကို လျှော့ချခြင်းကြောင့် အောင်မြင်မှုနဲ့ ဝေးကွာသွားတတ် ပါတယ်။

ထိပ်ဆုံးကို မရောက်သေးသမျှ…

ကိုယ်ဟာ အောက်မှာပဲ နေရတယ်ဆိုတာကို သိပါ။

ထိပ်ဆုံးသို့ ရောက်ပြီဆိုပါကလည်း ဘယ်လောက်ကြာအောင် ရပ်တည်နိုင်မလဲဆိုတာကိုလည်း ကြည့်ရပါမယ်။

အောင်မြင်တဲ့သူဆိုတာ ထိပ်တန်းနေရာကို ခဏလေးရောက် အောင် သွားနိုင်ခြင်းမဟုတ်၊ ထိပ်တန်းနေရာမှာ အကြာကြီး ရပ်တည် နိုင်ခြင်းပါပဲ။

ဒီတော့…

ထိပ်တန်းရောက်ဖို့ ခြင်္သေ့တစ်ကောင်လို ကျင့်ရပါမည်။

သို့သော်…

ခြင်္သေ့တွေဟာ အတုယူစရာ အချက်အလက်တွေ များစွာရှိပေမယ့်လည်း အတုမယူသင့်တဲ့ အချက်တွေလည်း ရှိပါတယ်။ အဲဒါတွေကတော့…

မတရားခြင်း၊

မညှာတာခြင်း၊

ရက်စက်ခြင်း၊

ခွန်အားဖြင့် အနိုင်ယူခြင်းပါပဲ။

## ခေါင်းနှင့်ပန်း

ခေါင်းဆောင်ကောင်းတွေဟာ လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ခွဲခြားပြီးတော့ သိရပါမယ်။ မလုပ်သင့်တာတွေကို လုပ်ရင်၊ လုပ်သင့်တာတွေကို မလုပ်ဖြစ်တော့သလို၊ လုပ်သင့်တာတွေကို မလုပ်မြန်ပါကလည်း မလုပ်သင့်တာတွေကို ပြန်ပြီးတော့ ပြုလုပ်မိတတ်ပါတယ်။

ဒါဆိုလျှင်…

လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ဘယ်လိုခွဲမလဲ?

အခြေခံအားဖြင့်တော့ လုပ်သင့်တာနဲ့ မလုပ်သင့်တာသည် အကြွေစေ့၏ ခေါင်းနှင့် ပန်းကဲ့သို့ပင် ဖြစ်၏။

ဥပမာအားဖြင့်…

လူဟာ သူတစ်ပါးပစ္စည်းကို အချောင်လိုချင်တယ်၊ လိမ်ပြောရဲတယ်၊ သူတစ်ပါးရဲ့ ရသင့်၊ ရထိုက်သော အခွင့်အရေးကို မပေးဘူး၊

မတရားသဖြင့် လူအများကို အုပ်ချုပ်မည်ဆိုပါက အဲဒီအရာတွေဟာ မိမိရဲ့ အရည်အသွေး၊ ကိုယ်ကျင့်တရားကို နိမ့်ကျသွားစေပါတယ်။ ဒါတွေဟာ မလုပ်သင့်တာတွေပါ။

နောက် မူးယစ်ဆေးဝါးတွေ သုံးစွဲတာပါ။ ခေါင်းဆောင်တွေ မူးယစ်ဆေးဝါး သုံးစွဲရင် ပိုပြီးတော့ ဆိုးဝါးသွားပါတယ်။ အာဏာ ရှိတဲ့သူဟာ မူးယစ်ဆေးဝါးကို မသုံးစွဲသင့်ပါဘူး။

ဘာကြောင့်လည်းဆိုပါက မူးယစ်ဆေးဝါး သုံးစွဲခဲ့တဲ့သူဟာ အတွေးအခေါ် မှားယွင်းလာပါတယ်။ မှားတဲ့ အတွေးအခေါ်ဟာ မိမိအတွက်ကော၊ သူတစ်ပါးအတွက်ပါ အကျိုးမရှိနိုင်ပါဘူး။ ဒါတွေဟာ မလုပ်သင့်တာတွေပါ။

မလုပ်သင့်တာကို ရှောင်ကြဉ်လိုက်တာနဲ့ လုပ်သင့်တာတွေကို လုပ်ဖြစ်ဖို့ အခွင့်အလမ်းက ပိုပြီးတော့ ရောက်လာပါမယ်။ လုပ်သင့်တာကို လုပ်တဲ့သူဟာ...

(၁) ပေးကမ်းခြင်း (ဒါန)

(၂) ကြင်နာစွာ စကားပြောခြင်း (ပေယျဝဇ္ဇ)

(၃) သူတစ်ပါးကိစ္စ ကူညီခြင်း (အတ္ထစရိယာ)

(၄) ကိုယ်နဲ့တန်းတူထားခြင်း (သမာနတ္တတာ)

ဆိုတဲ့ သင်္ဂဟ (ချီးမြှောက်ခြင်း)တရားတွေနဲ့ ပြည့်စုံအောင် နေရပါမယ်။ မိမိကိုယ်ကျင့်တရားကို မိမိကိုယ်တိုင် တန်ဖိုးထားရပါမယ်။

အခွင့်အရေးကိုလည်း ရပိုင်ခွင့်ထက် ပိုပြီးတော့ မယူတတ် သလို၊ သူတစ်ပါးရဲ့ ရပိုင်ခွင့်ကိုလည်း အပြည့်အဝပေးပါတယ်။

မိမိတည်းဟူသော အကြောင်းတရားကြောင့် သူတစ်ပါးတွေ စိတ်မဆင်းရဲစေရပါဘူး။ ဒါဟာ လုပ်သင့်လုပ်ထိုက်တာတွေပါ။

ဒီတော့…

လုပ်သင့်တာနဲ့ မလုပ်သင့်တာကို ခွဲခြားပြီးတော့ အကောင်းဆုံး လုပ်ဆောင်နိုင်ဖို့ဆိုပါက ကိုယ်ကျင့်တရားကောင်းမွန်ရပါမည်။

လူဟာ မြင့်မြတ်တဲ့ ကိုယ်ကျင့်တရား မရှိရင်…

မြင့်မြတ်တဲ့ အလုပ်ကို လုပ်ဆောင်၍ မရပေ။

နိမ့်ကျတဲ့ အလုပ်ဆိုတာ မလုပ်သင့်၊ မလုပ်ထိုက်တာတွေပါပဲ။

၉

## မတောင်းရင် ရှန်းထွက်ပါ

လူတစ်ယောက် ထိပ်တန်းရောက်ဖို့၊ လမ်းမှန်ဖို့ဆိုတာ အရေးကြီးသော အချက်အလက်တွေ များစွာရှိပေမယ့်လည်း အဓိကအကျဆုံး အချက်ကတော့ အပေါင်းအသင်းပါပဲ။

လူဆိုတာ ဘဝခရီးကို ဖြတ်သန်းတဲ့အခါ တစ်ယောက်တည်း လျှောက်လှမ်းရတာ မဟုတ်။ လူ့အသိုင်းအဝိုင်းနှင့် နေရတာဖြစ်ခြင်းကြောင့် အပေါင်းအသင်းဟာ အဓိကအစိတ်အပိုင်းဆိုတာ ငြင်းဆန်၍ မရပေ။

အပေါင်းအသင်းဟာလည်း နှစ်မျိုးရှိ၏။

(၁) ကံကပေးသော အပေါင်းအသင်း၊

(၂) ကိုယ်တိုင်ရွေးချယ်သော အပေါင်းအသင်း၊

ဒီနှစ်မျိုးထဲမှာ မည်သည့်အပေါင်းအသင်းက အရေးကြီးသလဲ ဆိုတာ ခွဲခြား၍ မရနိုင်ပေ။ အပေါင်းအသင်း နှစ်မျိုး လုံးက အရေးကြီး တာပါပဲ။

သို့သော်…

အပေါင်းအသင်းတိုင်းဟာ မိမိဘဝ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးနိုင်သလားဆိုပါက မလုပ်ဆောင်ပေးနိုင်ပေ။ မိမိ ကိုယ်တိုင်ကသာ အပေါင်းအသင်းတွေကို ရွေးချယ်ပြီး ပေါင်းရမှာ ဖြစ်ပါတယ်။

တချို့ကျတော့ ကံကပေးလိုက်တဲ့ အပေါင်းအသင်းတွေကြားမှာ နေပြီး ဘဝတစ်ခုတည်ဆောက်လိုက်ရတာရှိတယ်။ အဲဒီအတွက် မိမိ ဘဝဟာ လမ်းမှန်လည်းရောက်နိုင်သလို၊ လမ်းမှားမှာလည်း ထပ်ပြီး တော့ ကြာနိုင်တယ်။

ကံက ကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ ဆုံးစည်းခွင့်ပေးပေ မယ့်လည်း မိမိကိုယ်တိုင်က မကောင်းတဲ့ အပေါင်းအသင်းတွေနဲ့ ရပ်တည်နိုင်သလို ကံကပေးလိုက်တဲ့ မကောင်းတဲ့ အပေါင်းအသင်း တွေကို ဖျက်ပြီး ကောင်းတဲ့အပေါင်းအသင်းတွေနဲ့ မိမိကိုယ်တိုင် ရပ်တည်တာလည်း ရှိပါတယ်။

ခက်တာက ကံကပေးလိုက်တဲ့ အပေါင်းအသင်းတွေဟာ…

ရှန်းထွက်ဖို့ ခက်ပါတယ်။

ရှန်းထွက်ဖို့ ခက်တယ်ဆိုပေမယ့် ရှန်းထွက်လို့ မရနိုင်လောက် အောင် ခက်ခဲခြင်းမျိုးတော့ မဟုတ်ပေ။ သာမန် စိတ်နေစိတ်ထား၊ သာမန် အသိဉာဏ်နဲ့ ရှန်းထွက်ဖို့ မရတာပါ။

ဒီတော့…

မိမိဘဝမှာ အသိဉာဏ်ကင်းမဲ့တဲ့ ပုဂ္ဂိုလ်တွေနဲ့အတူ နေမိတယ်၊ ဆက်ဆံမိတယ်ဆိုရင် အဲဒီ မိတ်ဆွေအပေါင်းအသင်းတွေဟာ ကံက ပေးတာပဲဖြစ်ဖြစ်၊ မိမိကိုယ်တိုင် ရွေးချယ်တာပဲဖြစ်ဖြစ် ရှန်းထွက်ပါ။

မရှန်းထွက်နိုင်ရင်…

မိမိဟာ သူတို့နဲ့ တစ်သားတည်း ဖြစ်သွားမယ်။

မကောင်းတဲ့ အပေါင်းအသင်းဆိုတာ မကောင်းတာတွေး၊ မကောင်းတာပြော၊ မကောင်းတာလုပ်တဲ့ ပုဂ္ဂိုလ်တွေပါပဲ။

ကောင်းတဲ့ အပေါင်းအသင်းဆိုတာ…

## ပြော

အပေါင်းအသင်းကောင်းတွေဟာ စကားကောင်းတွေကို ပြောတတ်တယ်။ စကားကောင်းတွေပြောတတ်ဖို့၊ နားထောင်ရဖို့ ဆိုပါကလည်း အပေါင်းအသင်းကောင်းတွေက လိုအပ်ပြန်ပါတယ်။

ဟောဒီလူတွေနဲ့ လောကကြီးဟာ သဟဇာတဖြစ်ခြင်း၊ မဖြစ်ခြင်း၊ ငြိမ်းအေးခြင်း၊ ပူလောင်ခြင်း၊ စည်းလုံးခြင်း၊ ကွဲပြားခြင်း စတာတွေဖြစ်ဖို့ အခြေခံအကြောင်းအရာဟာ အပြောအဆိုပါပဲ။

ဒီတော့…

ခေါင်းဆောင်ကောင်း ဖြစ်ချင်တာပဲဖြစ်ဖြစ်၊ လူသားတွေ ငြိမ်းအေးဖို့ဖြစ်ဖြစ် အစစ အရာရာ အဆင်ပြေဖို့ဆိုရင် စကားကောင်းကို ပြောတတ်ရမယ်။ စကားကောင်းပြောတဲ့သူဟာ မပြောခင် စဉ်းစားဆင်ခြင်ရမယ်။ ပါးစပ်ဆိုတာ…

(၁) စကားပြောဖို့ရယ်၊

(၂) စားသောက်ဖို့ရယ်၊

ဒီတာဝန်နှစ်ခုကိုပဲ ထမ်းဆောင်ရတယ်။ ဒါပေမယ့် သူထမ်းဆောင်ရတဲ့ တာဝန်တွေက ကြီးမားလှတယ်။ အဲဒီအထဲမှာ စကားပြောခြင်းဟာ ပိုပြီး အရေးပါတယ်။

ပါးစပ်ကို စည်းကမ်းမထားဘဲ တွေ့ရာလျှောက်ပြောနေမယ်ဆိုရင် မိမိပါးစပ်က စကားတွေဟာလည်း တန်ဖိုးမရှိတော့ဘူး။

သင့်ရဲ့ နှုတ်ထွက်စကားဟာ...

သင့်ရဲ့ 'အဆင့်အတန်းကို ဖော်ပြတယ်။

ကိုယ်ပြောတဲ့ စကားကိုလည်း တာဝန်ယူရဲတဲ့ သတ္တိရှိရတယ်။ မိမိစကားကို တာဝန်မယူတဲ့သူဟာ လူ့အဆင့်အတန်း နိမ့်ကျတဲ့သူပဲ။ လူတစ်ယောက်ရဲ့ အတင့်အတန်းဟာ သူ့ထွက် စကားပဲ။

ဒီတော့...

အဆင့်အတန်းရှိဖို့ စကားကောင်းကို ပြောရပါမည်။

စကားကောင်းတစ်ခွန်းဖြစ်ဖို့ ဆိုပါကလည်း ပြောသင့်သော အချိန်နှင့် မပြောသင့်သော အချိန်ကို ခွဲခြားပြီး သိရပါမယ်။ ဘယ်လောက်ပင် အကြောင်းအရာကောင်းနေပါစေ မပြောသင့်တဲ့အချိန်မှာ သွားပြောရင် တန်ဖိုးမဲ့သွားသလို ပြောသင့်တဲ့အချိန်မှာ မပြောရင်လည်း တန်ဖိုးက မရှိတော့ပါဘူး။

စကားလုံးတွေကတော့ ပြောသင့်သောအချိန်၊ မပြောသင့်သော အချိန်ရယ်လို့ ခွဲခြားပြီး မသတ်မှတ်ပါဘူး။ ပြောသင့်၊ မပြောသင့် ဆိုတာ မိမိရဲ့ အသိဉာဏ်နဲ့ ရွေးချယ်ရပါမယ်။

အသိဉာဏ်ကြောင့် ရွေးချယ်ပြီးရင်တောင်မှ ယဉ်ယဉ်ကျေးကျေး ပြောရပါမယ်။ ရိုင်းရိုင်းစိုင်းစိုင်း မပြောရပါဘူး။ စကားက ကောင်းပေမယ့် အပြောအဆိုက ရိုင်းရင် စကားကောင်း မပီသတော့ပါဘူး။

ဒါကြောင့်...

အောင်မြင်တဲ့ လူတစ်ယောက်ဖြစ်ဖို့...

စကားကောင်းကိုပြောပါ။

## သမိုင်းကောင်းဝင်အောင် သမိုင်းတွင်တာတွေရယ်

လူသားတိုင်း ပစ္စုပ္ပန် လုပ်ဆောင်ချက်များသည် သူတို့၏ သမိုင်းတစ်ခုကို ပုံဖော်နေကြခြင်း ဖြစ်၏။

ကောင်းတာလုပ်တဲ့သူဟာလည်း ကောင်းတဲ့သမိုင်းကြောင်း တွင်မှာဖြစ်သလို မကောင်းတာလုပ်တဲ့သူဟာလည်း မကောင်းတဲ့ သမိုင်းကြောင်း ဝင်မှာပါ။

မြန်မာနိုင်ငံသမိုင်းကြောင်း၌ "ဗိုလ်ချုပ်အောင်ဆန်း" သည် သမိုင်းကောင်းတစ်ခုကို ဖန်တီးခဲ့သလို "ဂဠုန်ဦးစော" ဟာလည်း သမိုင်းဆိုးတစ်ခုကို ဖန်တီးခဲ့၏။

ကြီးကျယ်တဲ့ လူသားတွေဟာ...

ကြီးကျယ်တဲ့ သမိုင်းကြောင်းတွေကို ဖန်တီး၏။

ကြီးကျယ်တဲ့ သမိုင်းကြောင်းကို လူတိုင်း ဖန်တီးနိုင်ပေမယ့် ကြီးမြတ်တဲ့ သမိုင်းကြောင်းကိုတော့ လူသားတိုင်းက မဖန်တီးနိုင်ပေ။ မြင့်မြတ်တဲ့ လူသားတွေသာ ဖန်တီးနိုင်ပါတယ်။

အိုစမာဘင်လာဒင်ဟာ ကြီးကျယ်တဲ့ သမိုင်းဆိုးကို ဖန်တီးနိုင်ပေမယ့် ကြီးမြတ်တဲ့ သမိုင်းကြောင်းကိုတော့ 'မာသာထရီဇာ' ကသာ ဖန်တီးနိုင်ခဲ့ပါတယ်။

သမိုင်းဆိုတာ…

အခွင့်အရေးရှိသူတို့၏ လုပ်ရပ်ဖြစ်ပေမယ့် မိမိရေးထိုးခဲ့တဲ့ သမိုင်းကြောင်း၊ မိမိနှင့် မိမိလူမျိုး၊ မိမိအပေါင်းအသင်း။ ဆွေမျိုးတွေဟာ ဂုဏ်ယူနိုင်ရပါမယ်။

ကိုယ်ရေးတဲ့ သမိုင်းဆိုးတွေကြောင့် ကိုယ့်ဆရာကလည်း မိမိရဲ့ တပည့်ပါဟု မပြောချင်လောက်အောင်၊ ကိုယ့်သားသမီးတွေကလည်း မိမိရဲ့ မိဘပါ၊ အဘိုးပါဟု မပြောရဲလောက်အောင် ဆိုးဝါးတဲ့ သမိုင်းကိုတော့ မရေးမိဖို့လိုပါတယ်။

သမိုင်းမှာ တရားခံဖြစ်တဲ့သူဟာ…

လက်ရှိဘဝကော၊ နောင်တမလွန်ဘဝပါ ဆုတ်ယုတ်၏။

'ဘယ်သူသေသေ ငတေမာရင်ပြီးရော' ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့တော့ မိမိသမိုင်းကို မဖြတ်သန်းသင့်ပါဘူး။

"ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်" တယ်ဆိုရင်တောင်မှ အဲဒီ ပုပ်တဲ့ ငါးခုံးမဟာ ကိုယ်မဖြစ်ဖို့ အရမ်းကို အရေးကြီးလှ၏။

မြင့်မြတ်တဲ့ သမိုင်းကြောင်းကို ဖန်တီးမယ့်သူဟာ…

သူတစ်ပါးရဲ့ အကျိုးစီးပွားကိုကြည့်ပြီး လုပ်တယ်။
ယုတ်ညံ့တဲ့ သမိုင်းကြောင်းကို ဖန်တီးမယ့်သူဟာ…
မိမိအကျိုးစီးပွားကိုသာ ကြည့်တယ်။

နိုင်ငံတစ်ခုခုမှာပဲဖြစ်ဖြစ်၊ အဖွဲ့အစည်းတစ်ခုမှာပဲဖြစ်ဖြစ် ယုတ်ညံ့တဲ့ သမိုင်းကြောင်းကို ဖန်တီးတဲ့သူတွေ ခေါင်းဆောင်နေပြီဆိုလျှင် အဲဒီတိုင်းပြည်၊ အဲဒီ လူမျိုးတွေဟာ ဆင်းရဲပင်ပန်းစွာဖြင့် ကမ္ဘာ့အလယ်မှာ ရပ်တည်ရပါလိမ့်မယ်။

ဒီတော့…

အများအကျိုးကို ဆောင်ရွက်မယ့် မြင့်မြတ်တဲ့ သမိုင်းကြောင်းရေးသူတွေဖြစ်ဖို့ ကိုယ်ကျင့်တရားကောင်းအောင် အရင်ဆုံး ကြိုးစားရပါမယ်။

ဒါမှ…

## အပြင်နှင့် အတွင်း

လူဟာ ပစ္စုပ္ပန်ဘဝကော၊ တမလွန်ဘဝမှာပါ ကြီးပွားတိုးတက်ဖို့ ဆိုပါက အကြောင်းတရားနှစ်ပါးနှင့် ပြည့်စုံရပါလိမ့်မယ်။ အဲဒီ နှစ်ပါး ကတော့…

(၁) မိတ်ကောင်းဆွေကောင်းရှိခြင်း၊

(၂) မှန်မှန်ကန်ကန် နှလုံးသွင်းဆင်ခြင်ခြင်း။

တို့ပါပဲ။ ဒီနှစ်ပါးမှာ 'မိတ်ကောင်းဆွေကောင်းရှိခြင်း'သည် ကြီးပွားတိုးတက်ဖို့ အပြင်ဘက်က အကြောင်းတရား (External Condition)ဖြစ်ပြီး 'မှန်မှန်ကန်ကန် နှလုံးသွင်းဆင်ခြင်တတ်မှု' ကတော့ အတွင်းဘက်က အကြောင်းတရား (Internal Condition) ပါပဲ။

အပြင်ဘက်အကြောင်းတရား ကောင်းမွန်ပေမယ့် အတွင်း အကြောင်းတရား မကောင်းရင်၊ အတွင်းဘက်က အကြောင်းတရား

ကောင်းမွန်ပေမယ့်လည်း အပြင်ဘက်အကြောင်းတရား မကောင်းမွန်ရင် အကျိုးဖြစ်ထွန်းဖို့ မလွယ်ပါဘူး။

တကယ့် အောင်မြင်မှုဆိုတာ အတွင်း၊ အပြင် အကြောင်းတရား နှစ်ပါးလုံး ကောင်းမွန်နေရပါမယ်။

ဥပမာအားဖြင့်…

မိတ်ဆွေကောင်း၊ မိဘကောင်း၊ ဆရာသမားကောင်းတွေက မိမိအတွက် ဘယ်လိုပင် ဆုံးမ၊ ပို့ချ၊ သင်ကြားပေးပါသော်လည်း မိမိကိုယ်တိုင်က မှန်မှန်ကန်ကန် နှလုံးသွင်း ဆင်ခြင်မှု မရှိပါ၊ မခံယူဘူးဆိုပါက ဘာတစ်ခုမှ ဖြစ်ထွန်းမှာ မဟုတ်ပေ။

ဒီလိုပါပဲ။

လူတစ်ယောက် အတွေးအခေါ်တွေ မှားနေတယ်၊ အယူအဆ၊ အပြောအဆို၊ အလုပ်အကိုင်တွေ မှားနေတာဟာလည်း ဒီအကြောင်းတရား နှစ်ပါးပဲ။

ဒီမှာ တစ်ခု သတိထားရမှာက မိမိကိုယ်တိုင်က အကြောင်းတရားတစ်ခုကို မှန်ကန်စွာ ဆင်ခြင်နိုင်ပါသော်လည်း မကောင်းတဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ဖြစ်နေပါကလည်း လမ်းမှားမှာပဲ ဝဲလည်နေပါလိမ့်မယ်။

ဒီအကြောင်းနှစ်ပါး ပြည့်စုံမှ လူဟာ အောင်မြင်တယ်ဆိုပေမယ့်လည်း လူဟာ သူတစ်ပါး အမှားကိုသာ အလွယ်တကူ မြင်တတ်ပေမယ့် မိမိကိုယ်တိုင် မှားယွင်းနေတာကို အလွယ်တကူ မမြင်တတ်တော့ မိမိရဲ့ မိတ်ဆွေမှား၊ ဆင်ခြင်မှုအမှားတွေကို မမြင်တတ်ပါဘူး။

လုပ်ရဲ့သားနဲ့ မအောင်မြင်ရင်…

တစ်ခုခု မှားယွင်းနေပါပြီ။
ဘာမှားနေသလဲ?
ဘာကြောင့် မှားနေသလဲ?
ဘာတွေလိုအပ် နေသလဲ?
ဆိုတာကိုတော့ မိမိကိုယ်တိုင် ဆင်ခြင်စဉ်းစားရပါမယ်။
ဆင်ခြင်စဉ်းစားတဲ့အခါမှာလည်း 'ကိုယ်ပိုင်အသိဉာဏ်' ရှိဖို့ လိုပါတယ်။ ကိုယ်ပိုင်အသိဉာဏ်မရှိရင် အကျိုးကို အကြောင်းထင်၊ အမှားကို အမှန်မြင်ပြီး တိုးတက်မှုတွေ နှောင့်နှေးနေပါလိမ့်မယ်။
အဲဒီလို မဖြစ်ရအောင်...
အပြင်အကြောင်းတရားကော၊ အတွင်းအကြောင်းတရားပါ ကောင်းမွန်အောင် စိစစ်သန့်ရှင်းပေးပါ။

ဂ

## သင့်ကြောင့် စစ်မဖြစ်ပါစေနှင့်

သတ္တဝါတွေ အားလုံးထဲမှာ လူသည် အသိဉာဏ်အရှိဆုံးဟု ဆိုလေ့ရှိကြ၏။ ထိုအဆိုသည် ရာနှုန်းပြည့် မှန်ကန်သော စကားပင် ဖြစ်၏။ ဘာကြောင့်လည်းဆိုပါက လူသည် အခြားသတ္တဝါတွေ မလုပ်ဆောင်၊ မဖန်တီးနိုင်သော အရာတွေကို ဖန်တီးနိုင်လို့ပါပဲ။

ဒီအဆိုနဲ့ လုံးဝ ဆန့်ကျင်သော အဆိုတစ်ခုကိုလည်း ပြင်သစ်တွေးခေါ်ရှင် မွန်တိန်း(Michel Montaigne)က ဆိုထား၏။ သူက 'လောက၌ လူလောက်ဆိုးဝါး ကောက်ကျစ်သောသတ္တဝါ မရှိ'တဲ့။

သူ၏ အဆိုသည် အတိအကျ ထောက်ခံရမည့် အဆိုတစ်ခုပင် ဖြစ်၏။ ဘာကြောင့် ထောက်ခံရသလဲဆိုပါက လူလောက်ကောက်ကျစ်ယုတ်မာသော သတ္တဝါ မရှိခဲ့လို့ပါပဲ။

လူတွေဟာ…

လူသားအချင်းချင်း သတ်ဖြတ်ကြ၊ နှိပ်စက်ကြ၊ ညှဉ်းဆဲကြ၏။

ဒါကြောင့်လည်း 'စစ်' ဆိုသော စကားလုံးဟာ ထင်ရှားစွာဖြင့် ရှိနေတာပေါ့။ လူသားတွေဟာ 'စစ်' ရဲ့ အခြားသော အကွဲရာဖြစ်တဲ့ 'ငြိမ်းချမ်းရေး' ကို လိုလားပေမယ့်လည်း ကမ္ဘာပေါ်မှာတော့ စစ်ပွဲတွေက တစ်နေ့တခြား သိပ်သည်းဆဲပါ။

စစ်ပွဲများအကြောင်း သုတေသနပြုထားသူတို့၏ တွေ့ရှိချက်အရ လူ့သမိုင်းတစ်လျှောက် လူ့အဖွဲ့အစည်းတို့၏ ၉၀-၉၅ ရာခိုင်နှုန်းသည် အနည်းဆုံး ရံဖန်ရံခါ စစ်တိုက်လေ့ရှိကြပြီး တချို့ဆိုလျှင် စစ်ပွဲပင်မပြတ်ဟု ဆိုထား၏။

လူ့သမိုင်းတစ်လျှောက် ဖြစ်ခဲ့သမျှ စစ်ပွဲကြီးများထဲတွင် ဒုတိယကမ္ဘာစစ်သည် အသေအပျောက် အများဆုံးဖြစ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်၌ နိုင်ငံပေါင်းစုံမှ သေဆုံးသူဦးရေသည် သန်းပေါင်း ၆၀-၇၀ခန့် ရှိခဲ့၏။

ယနေ့ကာလမှာလည်း နိုင်ငံပေါင်းစုံဟာ အချိန်ခဏလေးအတွင်း လူသားများစွာ ပျောက်ကွယ်ပျက်စီးသွားနိုင်တဲ့ အဏုမြူလက်နက်တွေကို ထုတ်လုပ်နေကြပါပြီ။

အကယ်၍…

ကမ္ဘာကြီးသာ တတိယကမ္ဘာစစ်ဖြစ်ခဲ့လျှင်…

ဒီမေးခွန်းနှင့်နွယ်သော မေးခွန်းတစ်ရပ်ကို သိပ္ပံပညာရှင် အိုင်းစတိုင်းကို 'တတိယကမ္ဘာစစ်ဖြစ်လျှင် မည်သို့သော အရာများဖြင့် တိုက်ခိုက်ကြမည်နည်း' ဟု မေးတော့ အိုင်းစတိုင်းက…

"တတိယကမ္ဘာစစ်မှာ ဘာလက်နက်တွေနဲ့ တိုက်ခိုက်ကြမလဲ ကျွန်တော် မသိဘူး၊ စတုတ္ထကမ္ဘာစစ်ကျရင်တော့ တုတ်တွေ၊ ကျောက်ခဲတွေနဲ့ တိုက်ခိုက်ကြလိမ့်မယ်"

ဟု အဖြေပေးခဲ့၏။

ဒီတော့…

စစ်နှင့် ကမ္ဘာ၊ ကမ္ဘာနှင့် လူသားတွေဟာ အမှီသဟဲပြုကာ နေထိုင်ကြရ၏။ ဒီထောင့်ချိုးထဲမှာ လူဟာ အသိဉာဏ်အရှိဆုံးနှင့် အရက်စက်ဆုံးဖြစ်သည့်အတွက် လူသားတွေရဲ့ကမ္ဘာ ငြိမ်းချမ်းဖို့ရာ လူသားအားလုံးမှာ တာဝန်ရှိ၏။

ကြီးကျယ်လိုက်တာဟု မပြောပါနှင့်။

သင့်ကြောင့်…

စစ်မဖြစ်ပါစေနှင့်။

၃

## ကလျာဏ မိတ္တ

လောကမှာ လူတွေဟာ များသောအားဖြင့် မိတ်ဆွေအပေါင်းအသင်းကြောင့် အောင်မြင်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ကြရင် သူတစ်ပါးကြောင့်လို့ မထင်ဘူး၊ မိမိရဲ့ အစွမ်းအစကြောင့်လို့ ထင်တတ်ကြတယ်။

တချို့သော ကျေးဇူးသိတတ်သူတွေကတော့ (၅၀+၅၀) သတ်မှတ်တယ်။ သူတစ်ပါးရဲ့ ကူညီထောက်ပံ့တာလည်း ဟုတ်တယ်။ ဒါပေမယ့် မိမိရဲ့ အရည်အသွေးက ၅၀ ရာခိုင်နှုန်းလို့ သတ်မှတ်ကြတယ်။

မိတ်ဆွေကောင်းရဲ့ ကောင်းမှုကြောင့် ငါ့ဘဝတစ်ခုလုံး တိုးတက်ပြောင်းလဲသွားတယ်ဟု ရာခိုင်နှုန်းပြည့် သတ်မှတ်တဲ့သူကတော့ ရှားပါးလှပါတယ်။

ထေရဂါဒ ဗုဒ္ဓစာပေမှာတော့ 'ကလျာဏမိတ္တ' ဆိုတဲ့ မိတ်ဆွေကောင်းဟာ မိမိဘဝအတွက် ရာနှုန်းပြည့် အရေးကြီးတယ်လို့ ညွှန်ပြထားပါတယ်။

ဒါဆိုလျှင်...

မိတ်ဆွေကောင်းကို ဘယ်လိုခွဲခြားသိရမလဲ?

ဒီမေးခွန်းရဲ့ အဖြေကို မပေးမီ မိတ်ဆွေကောင်းရဖို့ အရင်ဆုံး အရေးကြီးတဲ့ အချက်ကတော့ မိတ်ဆွေကောင်းနဲ့ ပေါင်းသင်းချင်တဲ့သူဟာ ပထမဆုံး မိမိကိုယ်တိုင်က သူတစ်ပါးအတွက် မိတ်ဆွေကောင်း ဖြစ်နေရပါမယ်။

ဘာကြောင့်လည်းဆိုတော့ ပေါင်းသင်းဆက်ဆံရေးဆိုတာ တစ်ဖက်သတ်ကြည့်လို့ မရပါဘူး။ သူ့အကျိုး၊ ကိုယ့်အကျိုး နှစ်ဖက်စလုံးကို ကြည့်ရပါမယ်။

ဒါမှ...

မိတ်ဆွေကောင်းပီသစွာဖြင့် ဘဝခရီးကို ချမ်းမြေ့စွာ လျှောက်နိုင်ရမှာပေါ့။ မြတ်ဗုဒ္ဓက 'မိတ္တသုတ်' မှာ မိတ်ဆွေကောင်းတစ်ယောက်မှာ ရှိသော အရည်အသွေး လေးရပ်ကို ပြထားပါတယ်။ အဲဒါတွေကတော့ မိတ်ဆွေဆိုတာ...

(၁) ပေးနိုင်ခဲတဲ့ အရာကို ပေးတတ်ရမယ်။
(၂) လုပ်နိုင်ခဲတဲ့ အရာကို လုပ်ပေးတတ်ရမယ်။
(၃) သည်းခံနိုင်တဲ့ အရာကို သည်းခံပေးရမယ်။
(၄) ဒုက္ခရောက်နေချိန်မှာ ထားမသွားရဘူး။

လို့ ဆိုလားပါတယ်။ ဒီအချက်တွေရှိရင် မိတ်ဆွေကောင်း ဖြစ်တဲ့အတွက် ပေါင်းသင်းရပါမယ်။ ပေါင်းသင်းရမယ့် မိတ်ဆွေ ရှိသလို မပေါင်းရမယ့်သူလည်း လေးယောက်ရှိပါတယ်။ အဲဒီ လေးယောက်ကတော့···

(၁) အပေးနည်းပြီး အယူများတဲ့သူ။

(၂) လက်တွေ့မပါဘဲ အပြောသက်သက်သူ။

(၃) ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ ခေါင်းညိတ် တတ်သူ။

(၄) မိမိပျက်စီးဖို့ အပေါင်းအသင်းဖြစ်သူ။

တို့ပါပဲ။ အောင်မြင်ချင်တဲ့သူဟာ ပေါင်းသင့်တဲ့သူကို ပေါင်းပြီး မပေါင်းသင့်တဲ့သူကိုတော့ ရှောင်ရပါမယ်။

## လူမိုက် လူကြီး

လူကြီးလူကောင်းဆိုတာ လူငယ်တွေကို အပြစ်မပြောဘူး။ အပြစ်ပြောမယ့်အစား ပြုပြင်ပေးလိုက်တယ်။ (ကြယ်ခြွေဒဿန)

လူဟာ အသက်ကြီးတိုင်း လူကြီးဖြစ်သည်တော့ မဟုတ်ပေ။ အသက်အရွယ်နှင့်လိုက်ကာ အသိဉာဏ်ရှိပါမှ လူကြီးလူကောင်း ဖြစ်ပါမယ်။ ဒီလိုမဟုတ်ပါက လူမိုက်လူကြီး ဖြစ်နေပါမည်။

လူမိုက် လူကြီးတွေကို လူငယ်တွေက မလေးစားပါဘူး။ အကယ်၍ မကြောက်,ကြောက်အောင် ခြောက်လှန့်ထားရင်တောင်မှ ရင်ထဲက ဦးမညွှတ်တဲ့အတွက် မိမိကို တော်လှန်ပါလိမ့်မယ်။

တကယ့်လေးစားမှုဆိုတာ...

ခြောက်လှန့်စရာ မလိုအပ်ပေ။ သူ့အလိုလို လေးစား၏။

လူကြီးလူကောင်းတွေဟာ လူငယ်တွေရဲ့ လေးစားမှု၊ အတုယူမှု၊ အားကျမှုဖြစ်အောင် နေရပါမယ်။ လူကြီးလူကောင်းဆိုတာ…

(၁) ချစ်ခင်လေးစားလောက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် အရည်အသွေးရှိတယ်။

(၂) လေးစားလောက်သော ကိုယ်ကျင့်တရားရှိတယ်။

(၃) ချီးမွမ်းလောက်သော ကိုယ့်ကျင့်တရား (မေတ္တာတရား) ရှိတယ်။

(၄) မကောင်းရင်လည်း ပွင့်ပွင့်လင်းလင်း ပြောတတ်၊ ဆုံးမတတ်၊ အကြံပေးတတ်တယ်။

(၅) အပြစ်တွေ့လို သတိပေးရင်လည်း လက်ခံတတ်ပါတယ်။

ဒီအင်္ဂါ ငါးချက်ထဲမှာ လူကြီးလူကောင်းတွေဟာ 'ငါပြော သလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့' ဟု ဆိုလေ့ရှိ၏။ လူကြီးလူကောင်း ကတော့ ကိုယ်ကလည်း ဆုံးမတတ်သလို (ဝတ္တာ)၊ အောက်က ပြန်ပြော ရင်လည်း လက်ခံတတ်တယ် (ဝစနက္ခမော)။ ဒီအချက်ဟာ အရေးကြီး ပါတယ်။

ဒါ့အပြင် လူကြီးဆိုတာ မိမိက ခေါင်းဆောင်ပဲဆိုပြီး အခွင့် အရေးမှာ အများကြီးယူပြီး(အကျိုး)၊ အလုပ်ကိုတော့ အနည်းငယ် လုပ်တာ (အကြောင်း)မျိုး မဖြစ်စေရပါဘူး။ လူကြီးလူကောင်းတွေ ဟာ…

(၁) သည်းခံတတ်တယ်။

(၂) အစဉ်နိုးကြားတယ်။

(၃) ထကြွလုံ့လရှိတယ်

(၄) ဝေဖန်ပိုင်းခြားတတ်တယ်။

(၅) သနားချစ်ခင် ကြင်နာတတ်တယ်။

(၆) ပညာရှိတို့နှင့် ဆွေးနွေးမေးမြန်းလေ့ရှိတယ်။

ဒါဟာ လူကြီးလူကောင်း အလေ့အထပါ။

လူကြီးလူကောင်းဖြစ်ချင်တဲ့သူဟာ လူကြီးလူကောင်း အရည်အချင်း ပြည့်ဝသူတွေထံမှာ တပည့်ခံရပါမယ်။

ဒီလိုမဟုတ်ဘဲ…

လူကြီးလူမိုက်တွေထံမှာ တပည့်ခံရင်တော့…

ဦ

## နွား

လူ၏ သဘာဝသည် မိမိတော်တာ၊ တတ်တာကို သိ၏။ မိမိ ညံ့ဖျင်းတာကို မသိပေ။ ကိစ္စတစ်ခု ပေါင်းလုပ်ဖို့ မအောင်မြင်သည့် အခါ မိမိမှားပါသည်ဟု ဝန်မခံပေ။ သူတစ်ပါးကို အပြစ်ပုံချတတ်၏။

လူဟာ သူတစ်ပါးကို အပြစ်ပုံချဖို့ ဘယ်တော့မှ ဝန်မလေးပေ။ ဖြစ်ရပ်မှန်ကို မစိစစ်ဘဲ သူတစ်ပါးကို အပြစ်ပုံချတာဟာ တိုးတက်သူ တို့၏ လုပ်ရပ် မဟုတ်ပေ။ ဒါနဲ့ပတ်သက်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ခုရှိတယ်။

တောင်အမေရိကမြောက်ဖျားက ကိုလံဘီယာနိုင်ငံဟာ နွားပေါ ဒေသ သားရေထွက်၏။ သားရေထွက်သော်လည်း သူတို့၏ သားရေ ဟာ ကမ္ဘာကို ထိုးဖောက်လို့မရ။ သူတို့ သားရေတွေသာ ကမ္ဘာကို ထိုးဖောက်နိုင်ရင် သူတို့ ချမ်းသာပြီ။

လက်တွေ့မှာတော့ သူတို့ မချမ်းသာ။ ဘာကြောင့်လည်းဆို တော့ သူတို့၏ သားရေဟာ အရည်အသွေးလည်း ညံ့သလို ဈေးလည်း ကြီး၏။ ဒါဟာ သားရေလုပ်ငန်းရှင်တွေရဲ့ အပြစ်ကြောင့်ဟု ဆို၏။

သားရေလုပ်ငန်းရှင်တွေက သူတို့အပြစ် မဟုတ်။ ဒါဟာ သားသတ်ရုံနှင့်သာ ဆိုင်၏။ သားသတ်ရုံတွေက သားရေခွာသည့်အခါ ဂရုမစိုက်တော့ အနာအဆာတွေဖြစ်ပြီးတော့ သားရေနယ်သမားကလည်း ဖြစ်သလို လုပ်ရသည်။ ဒါကြောင့် အပြစ်က သားသတ်ရုံသမား တာဝန်။

ဒါပေမယ့်…

သားသတ်သမားတွေကလည်း သူတို့၏ အပြစ်မဟုတ်။ နွားခြံ ပိုင်ရှင်တွေကို အပြစ်ပုံ၏။ နွားခြံပိုင်ရှင်တွေက နွားသူခိုးကြောက်တော့ နွားတွေကို ခြံတံဆိပ်နှိပ်၏၊ ခြံတံဆိပ်ဆိုတာဟာလည်း သံကို မီးဖုတ်ပြီး နွားအရေပြားမှာ ကပ်တာကိုး။ တံဆိပ်တွေက တစ်ခုမက နှိပ်တော့ နွားအရေပြား ပျက်စီးတယ်။

ဒီတော့ အပြစ်က နွားခြံပိုင်ရှင်တွေပေါ့။

ဒါဆိုလျှင် ဒီကိစ္စက အဖြေရပြီ။

သို့သော်…

နွားခြံပိုင်ရှင်တွေကလည်း သူတို့မှာ အပြစ်မရှိပါဘူးတဲ့။ ဘာကြောင့်လည်းဆိုတော့ နွားတွေကို အပြစ်ပုံချတယ်။

နွားဆိုတာက အသိဉာဏ်မရှိတော့ မှတ် ခြင် ယင်ကိုက်လို့ ယားရင် နွားခြံ သံဆူးကြိုးကို အရေပြားနှင့် ပွတ်တိုက်၏။ ပွတ်တိုက်

တော့ အရေပြားတွေက အနာဖြစ်။ အနာဖြစ်တော့ နွားသားရေကောင်း မရတော့ဘူး။ နွားဆိုတာဟာလည်း အသိဉာဏ်မရှိဘူးတဲ့လေ။

ဒီတော့…

ကိုလံဘီယာနိုင်ငံက နွားသားရေတွေ ကမ္ဘာကို တိုးမပေါက်တာဟာ 'နွားတွေ'ကြောင့်လို့ တစ်ဆင့်ပြီးတစ်ဆင့် အပြစ်ပုံချလိုက်တာ နောက်ဆုံး အပြစ်ရှိသူတွေဟာ နွားတွေဖြစ်နေတယ်။

အပြစ်တင်စရာ လူကမရှိတော့ နွားတွေကို အပြစ်ပုံချတာပေါ့။

လူ့အဖွဲ့အစည်းတစ်ခုပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုပဲဖြစ်ဖြစ် ဘိုးတက်အောင်မြင်ဖို့ဆိုပါက တာဝန်ယူတတ်တဲ့၊ မိမိအပြစ်ကို ဝန်ခံပြီး အားနည်းချက်ကို ပြည့်ဆည်းနိုင်တဲ့ စိတ်ဓာတ်ရှိရပါမယ်။

မိမိအပြစ် သူတစ်ပါးလွှဲချမယ်။

မိမိလုပ်ရပ်ကို တာဝန်ယူရဲတဲ့သတ္တိ မရှိရင်တော့…

အောင်မြင်မှုဆိုတာဟာလည်း 'နွား'ကို အပြစ်ချသလို ဖြစ်နေမှာပေါ့။

P

## အမှန်တွေ့ အမှား

လောကမှာ အမှားတစ်ခုကို ပြုလုပ်လို့ မှားသွားတာထက် အမှန်ချင်းတူရဲ့သားနဲ့ အမှားဖြစ်သွားတာဟာ အရမ်းကို ဆိုးဝါးပါတယ်။

သူ့ဘက်ကကြည့်တော့လည်း အမှန်တရား။

မိမိဘက်ကကြည့်တော့လည်း အမှန်တရား။

သို့သော်...

အမှန်တရား နှစ်ခုပေါင်းစပ်လိုက်ပါက အမှားဖြစ်သွားတာတွေ အများကြီးရှိ၏။

တကယ်ဆိုရင် အမှန်တရားသည် မှန်တဲ့ဘက်မှာသာ ရှိနေရမှာဖြစ်သော်လည်း တစ်ခါတလေကျရင် တချို့ အမှန်တရားတွေဟာ သူ့ဘက်ကိုယ့်ဘက်လိုက်ကာ ပြောင်းသွားကြ၏။

မိမိဘက်ကကြည့်တဲ့အခါ လက်ဖဝါးဖြစ်ပေမယ့် သူ့ဘက်က ကြည့်ပြန်တော့ လက်ဖမိုးဖြစ်သွားခြင်းတွေဟာ အမှန်တူ အမှားရဲ့ အခြေခံသရုပ်ပါပဲ။

အာဖရိကသားတို့အတွက် အသားအရောင်သည် အမည်း၊ ဥရောပသားတို့၏ အသားအရောင်သည် အဖြူ၊ အာရှသားတို့၏ အသားရောင်သည် အဝါ။ မတူ ကွဲပြားခြားနားလှ၏။ ဘယ်သူ၏ အသားရောင်သည် အမှန်တရားဆိုတာ ပြော၍မရပေ။

သူ့သဘာဝနှင့်သူတော့ မှန်တာချည်းဖြစ်၏။

ဒီသဘောကို နားမလည်ဘဲ မိမိက အမှန်၊ သူက အမှားဟု ဆို၍ မရပေ။

တစ်ခါတလေကျရင် မိဘနဲ့ သားသမီး ဆက်ဆံရေးမှာလည်း အမှန်တူသော အမှားတွေ ဖြစ်ကတတ်၏။ လူကြီးနှင့် လူငယ်၊ ဆရာနှင့် တပည့် စသည်အားဖြင့် ဖြစ်လေ့ရှိ၏။

ခေတ်ကာလ ဖြတ်သန်းတာချင်း မတူရင်...

ခံစားချက်များဟာလည်း မတူညီပေ။

ခံစားချက် မတူပါက ရှုမြင်သုံးသပ်ချက်၊ ပြုမူဆောင်ရွက်ချက်တွေဟာ ကွဲလွဲသွား၏။ အဲဒီ အကွဲအလွဲများကို အခြေခံပြီး အမှန်တရားတွေ ကွဲပြားသွားတာဖြစ်၏။

ဒါဆိုလျှင်...

ဘယ်သူမှားလဲဆိုပါက ဘယ်သူကမှ မမှားပါ။ နှစ်ဘက်စလုံးက မှန်လို့ အမှားဖြစ်သွားတာပါ။

အမုန်တူ အမှားကို အမှန်တရားဖြစ်အောင် ပြုလုပ်ဖို့ဆိုပါက တစ်ဘက်ဘက်က သဘောထားကြီးရမယ်၊ ချင့်ချိန်တတ်ရမယ်၊ စဉ်းစားတတ်ရမယ်၊ အခြေအနေ အချိန်အခါကို နားလည်သဘော ပေါက်ရပါ့မယ်။ ဒါမှ ပြေလည်ပါ့မယ်။

ဒီလို ပြုမူလိုက်ခြင်းဟာ ရှုံးသွားတာ မဟုတ်ပါဘူး။ တစ်ဘက်ကလည်း အနိုင်ယူလိုက်တာ မဟုတ်ပါဘူး။ ဖြစ်ရပ်မှန်ကို နားလည်လိုက်တာပါ။ သဘောထားကြီးပြလိုက်တာပါ။

ခွန်အားကြီးသူဆိုတာ…

ပိုမိုပြီးတော့ သဘောထားကြီးပြရပါတယ်။

သဘောထားကြီးတဲ့လူတွေ ပေါများမှ အမှန်တူ အမှားတွေဟာ ချုပ်ငြိမ်းသွားပါမယ်။

အမှန်တူ အမှားတွေရှိသရွေ့…

ဟောဒီ ကမ္ဘာကြီးဟာ ဘယ်တော့မှ မငြိမ်းချမ်းပါဘူး။

၉၂

## ဝေဖန်ရေး

'ဝေဖန်ရေးဆိုတာ နေရာတိုင်းမှာ လိုအပ်တယ်'ဆိုတဲ့ စကားကို လူအတော်များများက ပြောလေ့ရှိပါတယ်။ သာမန်အားဖြင့်ကြည့်ရင်တော့ လေးနက်မှုအသွင် မဆောင်ပါဘူး။ တကယ် နက်နက်ရှိုင်းရှိုင်း ကြည့်ရင်တော့ အရမ်းကို လေးနက်ပါတယ်။

ဘယ်သူက ဘယ်သူ့ကို ဝေဖန်တာလဲ?

ဘာကြောင့် ဝေဖန်တာလဲ?

စသည်အားဖြင့် မေးခွန်းတွေ ထွက်လာနိုင်ပါတယ်။ အစိုးရနှင့် ပြည်သူကြားမှာလည်း ဝေဖန်ရေးဆိုတာ ရှိပါတယ်။ အဲဒါကို နိုင်ငံရေးလောကမှာတော့ 'အတိုက်အခံ' ဆိုတဲ့စကား သုံးစွဲလေ့ရှိပါတယ်။

စာပေမှာလည်း 'ဝေဖန်ရေးစာပေ'ဆိုတာ ခေတ်စားသလို အဖွဲ့အစည်းတစ်ခု တိုးတက်ဖို့၊ လူတစ်ယောက် အောင်မြင်ဖို့ဆိုတာဟာလည်း ဝေဖန်ရေး လိုအပ်ပါတယ်။

ဒါဆိုလျှင်…

ဝေဖန်ရေးတိုင်းဟာ ကောင်းပါသလား?

ဝေဖန်ရေးတိုင်းကတော့ ကောင်းသည်မဟုတ်၊ ဒါပေမယ့် စစ်မှန်တဲ့ ဝေဖန်ရေးကတော့ ကောင်းပါတယ်၊ လိုအပ်ပါတယ်၊ ရှိသင့်ပါတယ်။

ဝေဖန်ရေးဆိုတာ မရှိဘူး၊ အဝေဖန်လည်း မခံနိုင်ဘူးဆိုပါက အဲဒီ အဖွဲ့အစည်းဟာ ထင်ရာစိုင်းတတ်ပါတယ်။ မိမိဘာလုပ်လုပ် မှန်တယ်ထင်တတ်ပါတယ်။ တချို့အစိုးရတွေဟာ ဝေဖန်ရေးကို မနှစ်သက်ပေ။

သန့်ရှင်းတဲ့အစိုးရနဲ့ ကောင်းမွန်တဲ့ အုပ်ချုပ်ရေးမှာတော့…

ဝေဖန်ရေးက လိုအပ်ပါတယ်။ ဝေဖန်ရေးကိုလည်း လက်ခံပါတယ်။

ဘာကြောင့်လည်းဆိုတော့ လူဟာ ဘယ်တော့မဆို မိမိလုပ်ရပ်တိုင်းဟာ မှန်တယ်လို့ ထင်လေ့ရှိကြပါတယ်။ ကိုယ့်အမြင်၊ ကိုယ့်အယူအဆ၊ ကိုယ်သိသလောက် အသိဉာဏ်လေးနဲ့ အမှန်တရားကို သုံးသပ်တာဟာ မပြည့်စုံပေ။

ဒါကြောင့်…

မိမိရဲ့ လုပ်ရပ်တွေ ပြည့်စုံရဲ့လား၊ မှန်ကန်ရဲ့လား၊ ရိုးသားရဲ့လားဆိုတာ အသေအချာသိဖို့ ဝေဖန်ရေးကို လက်ခံရပါမယ်။

ဒါဆိုလျှင်…

ဝေဖန်ရေးဆိုတာ အမှားထောက်ပြတာကို ခေါ်ပါသလား?

အမှားထောက်ပြရုံသက်သက် ဝေဖန်ရေးဆိုရင်တော့ အတိအကျ မပြည့်စုံပေ။ အမှားကို ထောက်ပြခြင်းကို လူတိုင်းက လုပ်ဆောင်နိုင်၏။

စစ်မှန်တဲ့ ဝေဖန်ရေးဆိုတာ အမှားကို ထောက်ပြရုံနဲ့ မပြီးဘူး။ မှားတဲ့နေရာမှာ အမှန်တရားနဲ့ အစားထိုးပြနိုင်မှ ပြည့်စုံတယ်။

အမှားကို ထောက်ပြပြီး အမှန်နဲ့ အစားထိုးတဲ့ နေရာမှာလည်း မိမိအစားထိုးတဲ့ အမှန်တရားဟာ လက်ရှိ လိုအပ်ချက်နဲ့ ကိုက်ညီတယ်၊ လက်တွေ့စမ်းသပ်မှုလည်း ခံနိုင်ရတယ်။ ဒါမှ စစ်မှန်တဲ့၊ အမှန်စစ်မှန်တဲ့ ဝေဖန်ရေးဖြစ်မှာပေါ့။

တစ်ခုတော့ရှိတယ်။

ဝေဖန်ရေးသမားက စစ်မှန်တိကျစွာ ပညာရှင်ပီပီ ဝေဖန်ရေး လုပ်ပေမယ့်လည်း တစ်ဘက်က မလိုက်နာရင်တော့...

## အတားအဆီးများရဲ့ အခြားတစ်ဘက်

အောင်မြင်ချင်တဲ့သူဆိုတာ ရည်ရွယ်ချက်နှင့် အလုပ်ကို လုပ်လေ့ရှိပါတယ်။ လုပ်တဲ့ အလုပ်ဟာ တွင်ကျယ်လာလေလေ သူ့ကိုယ်သူ ကျေနပ်လာလေပါပဲ။

မိမိကိုယ်ကို ကျေနပ်တဲ့သူဟာ ကိုယ့်ကိုယ်ကို ယုံကြည်ချက်ရှိတယ်။ ယုံကြည်ချက်ရှိတော့ မိမိအရည်အချင်းကို အမြဲတမ်း မြှင့်တင်နေတယ်။ စိတ်ဓာတ်လည်း မကျတော့ဘူး။

တကယ်တမ်းအားဖြင့် စိတ်ဓာတ်ကျတယ်ဆိုတာ မိမိအရည်အသွေးတွေ ကျဆင်းနေတဲ့အခါမှာ ပိုပြီးတော့ အဖြစ်များပါတယ်။ မိမိလုပ်ကိုင်သမျှ အဆင်ပြေရင် စိတ်ဓာတ်ဟာလည်း တက်ကြွလာပါတယ်။

စိတ်ဓာတ်ကျတယ်ဆိုတာ...

မိမိအရည်အချင်းကို အမြဲ မြှင့်တင်ထားသူထံကို မလာပါဘူး။

အရည်အချင်းဖြင့် လုပ်ဆောင်တဲ့အခါမှာလည်း အောင်မြင်မှုရဲ့ အပဖြစ်တဲ့ အလုပ်တွေကို မလုပ်ရပါဘူး။

အပိုအလုပ်တွေကို လုပ်လေလေ…

အလုပ်တွေက ပိုလာလေလေပဲ။

အလုပ်တွေ ပိုလာတယ်ဆိုတာ မိမိရည်ရွယ်ချက်ကတခြား၊ လက်ရှိ လုပ်နေတာတွေက တခြားဖြစ်နေတာပါ။ အလုပ်တခြား၊ ရည်ရွယ်ချက်တခြားဖြစ်တော့ အရည်အသွေး နိမ့်ကျပြီး စိတ်ဓာတ်တွေ ကျတာပေါ့။

လူဟာ စိတ်ရွှင်လန်းတက်ကြွမှုမရှိရင်…

မည်သည့်အောင်မြင်မှုကိုမှ မရနိုင်ပေ။

တချို့က ရည်ရွယ်ချက်ဖြင့်တော့ လုပ်ပါတယ်။ လုပ်စက စိတ်ဓာတ်လည်း တက်ကြွပါတယ်။ ဒါပေမယ့် မိမိမျှော်မှန်းထား သလောက် ဖြစ်မလာတဲ့အခါတွေမှာတော့ စိတ်ဓာတ်တွေ ပြိုဆင်းလာ ပါတယ်။

ဒီလိုမဖြစ်အောင်ဆိုပါက…

မိမိရည်ရွယ်ချက် ဘယ်စဉ်ကတည်းက မတက်နိုင်လောက်အောင် မြင့်လွန်းနေတာမျိုးကို မမှန်းပါနဲ့။ မိမိရည်ရွယ်ချက်ဟာ မိမိအခြေ အနေနဲ့ ကိုက်ညီဖို့ လိုအပ်ပါတယ်။ မိမိရည်မှန်းချက်ကို တဖြည်းဖြည်း မြှင့်တင်ရပါတယ်။

အောင်မြင်မှုဆိုတာ…

တဖြည်းဖြည်းတက်လေ ကောင်းလေပဲ။

လူဟာ နေရာတိုင်းမှာ စွယ်စုံတော်တဲ့သူဆိုတာ မရှိပါဘူး။ ဒီနေရာမှာ တော်ပေမယ့် နောက်နေရာကျရင်တော့ အသင့်အတင့်ပဲ ရှိပါလိမ့်မယ်။ အရေးကြီးတာက မိမိအားသန်တဲ့ အလုပ်ကို လုပ်ပြီး မိမိဘဝကို အဆင်ပြေအောင် နေနိုင်ဖို့က အရေးကြီးပါတယ်။

သတိပြုရမှာက လူဟာ တစ်ခါမအောင်မြင်ရုံနဲ့၊ တစ်နေရာမှာ မထူးချွန်ရုံနဲ့တော့ စိတ်ဓာတ်ကျမသွားပါနဲ့။

အောင်မြင်မှုဆိုတဲ့ အရာဟာလည်း ပြဿနာတစ်ခုကို ဖြေရှင်းရုံ၊ အတားအဆီးတစ်ခုကို ကျော်ဖြတ်ရုံနဲ့ ရရှိတတ်သော အရာတစ်ခု မဟုတ်ပေ။

ပြဿနာပေါင်းများစွာ၊ အတားအဆီးပေါင်းများစွာကို ကျော်ဖြတ်နိုင်မှ ရနိုင်သောအရာ ဖြစ်လို့ပါပဲ။

ပြီ

## အခွင့်အရေး

အောင်မြင်တဲ့သူတွေဟာ အခွင့်အရေးရကြသလို၊ အခွင့်အရေး ရတဲ့သူတွေဟာလည်း အောင်မြင်ကြပါတယ်။

သို့သော်…

အခွင့်အရေးဆိုတာဟာလည်း ထိုင်နေတဲ့သူထံကို တည့်တည့် မတိုးပါဘူး။ လှုပ်ရှားရုန်းကန်နေတဲ့သူထံကိုပဲ တည့်တည့်တိုးတာပါ။

ဆိုရလျှင်တော့ အခွင့်အရေးဆိုတာ ကြိုးစားအားထုတ်နေသူထံ ကိုပဲ ရောက်လာတတ်ပြီး ဘာတစ်ခုမှ မလုပ်ဆောင်သူထံကိုတော့ မည်သည့်အခွင့်အရေးမှ ရောက်မလာပါဘူး။

ဒါဆိုလျှင်…

အခွင့်အရေးဆိုတာ ဘာလဲ?

ဒီနေရာမှာ "အခွင့်"နှင့် အရေးကို ခွဲခြားပြီးတော့ ဆိုပါရစေ။

အခွင့်ဆိုတာ…

မိမိတို့၏ ကံ၊ဉာဏ်၊ အသိဉာဏ်အရ အရပ်ဒေသကောင်း၊ ဆရာကောင်း၊ မိတ်ဆွေကောင်း၊ မိဘကောင်းများနဲ့ ကြုံတွေ့ပေါင်းဆုံခွင့် ရခြင်းပါပဲ။

'အရေး'ဆိုတာ…

အခွင့်နှင့် ကြုံလာတဲ့အခါမှာ အရေးပါ အရာရောက်အောင် ကြိုးစားအားထုတ်ခြင်းပါပဲ။

ဒီတော့…

လူတစ်ယောက် ထိပ်တန်းရောက်ဖို့ဆိုတာ 'အခွင့်'ကော၊ 'အရေး'ပါ ပြည့်စုံမှ ဖြစ်ပါမယ်။ 'အခွင့်'တော့ရှိပြီး အရေးပါ အရာရောက်အောင် မဆောင်ရွက်နိုင်ရင် 'အရေး'တော့ပါပြီး 'အခွင့်'မရှိပြန်ပါကလည်း ထိပ်တန်းဘဝကို ပိုင်ဆိုင်နိုင်မှာ မဟုတ်ပေ။

ကံရဲ့ သဘောတရားအရဆိုပါက…

'အခွင့်'ကို ကံက စီမံရင်…

'အရေး'ကို လူက ဖန်တီးရ၏။

တကယ်လို့ ကံအကြောင်းမလှလို့ 'အခွင့်'မကောင်းခဲ့ရင်တောင်မှ အခါကောင်းကြုံတဲ့အခါ 'အခွင့်'အလမ်း ပွင့်စေဖို့ အမြဲတမ်း 'အရေး'စိုက်နေရပါမယ်။

အရေးပါ အရာရောက်သူဆိုတာ…

'အခွင့်' 'အရေး'ကို အသုံးချနိုင်သူပါ။

လူရဲ့ သဘောသဘာဝက မည်သူမဆို အခွင့်အရေးကို ပူချင်တတ်ကြသလို အခွင့်အရေးရအောင်လည်း လုပ်ဆောင်နေတတ်ကြပါတယ်။

ဒါပေမယ့်…

အခွင့်အရေးကတော့ လူတိုင်းထံကို ရောက်မလာပါဘူး။ ဒါဟာ အခွင့်အရေးကို ပြည့်စုံအောင် အားမထုတ်ခဲ့လို့ပါပဲ။

လူတွေက များသောအားဖြင့် "အခွင့်အရေး"ဆိုတာကို အကျိုးတရားတစ်ခုအဖြစ် ရှုမြင်တတ်ကြ၏။ တကယ်တမ်းအားဖြင့် အခွင့်အရေးသည် အကြောင်းဖြစ်၏။

အကြောင်းကောင်းရင်တော့…

အကျိုးကတော့ ကောင်းမှာပါပဲ။

## စိတ်ကောင်းကို အသုံးချပါ

*“စိတ်ကောင်းရှိရုံနဲ့ မလုံလောက်ပါ။*
*အဓိကက ထိုစိတ်ကို ကောင်းကောင်းအသုံးချဖို့ပါပဲ”*

**(ရီနီဒေးကားစ်)**

It is not enough to have a good mind; the main thing is it use it well.

**Rene Descartes**

“ဒီလူက ဘာမှသာမလုပ်တာ စိတ်ကောင်းရှိတယ်”
“လူကသာ ဖျင်းနေတာ စိတ်ကောင်းတော့ရှိတယ်”
“လုပ်ရပ်သာလွဲတာ၊ စိတ်ကောင်းရှိတယ်”

ဒီလိုစကားမျိုးကို မိမိပတ်ဝန်းကျင်မှာ အမြဲတမ်း ကြားနေရ၏။ လူတိုင်းလည်း ဒီစကားမျိုးကို ပြောဖူး၊ ကြားဖူးကြပါလိမ့်မယ်။

ဒါဆိုလျှင်…

စိတ်ကောင်းရှိတယ်ဆိုတာ ဘာလဲ?

အရိုးရှင်းဆုံးနှင့် အလွယ်ကူဆုံး ဖြေရပါက စိတ်ကောင်းရှိတယ်ဆိုတာ သူတစ်ပါး ထိခိုက်နစ်နာအောင် မလုပ်တာ။ (တစ်နည်းအားဖြင့်) မိမိတည်းဟူသော အကြောင်းကြောင့် သူတစ်ပါး ဒုက္ခမရောက်တာပါ။

ဒီလိုလူမျိုးကို လူကောင်းစာရင်းထဲ သွင်းရပါမယ်။ ဘာကြောင့်လည်းဆိုပါက လူယုတ်မာများထက်စာရင် အများကြီး သာနေလို့ပါပဲ။

ယုတ်မာတဲ့သူဆိုတာ…

မိမိအကျိုး တစ်ခုတည်းကိုသာ ကြည့်တတ်တယ်။ သူတစ်ပါး အဆင်ပြေ၊ မပြေဆိုတာ ပြန်မကြည့်ဘူး။ မိမိယူထားတဲ့နေရာဟာ မိမိနှင့် ထိုက်တန်ရဲ့လား၊ အများကရော သဘောကျ နှစ်သက်ရဲ့လား ဆိုတာ မစိစစ်ဘူး။ ကိုယ်သာ အဆင်ပြေမယ်ဆိုပါက ဘယ်သူတွေက ဘာပဲပြောပြော၊ ဘယ်သူတွေက ဘယ်လောက်ပင် နစ်နာပါစေ လှည့်မကြည့်တဲ့သူပါ။

စိတ်ကောင်းရှိတဲ့ လူကောင်းကတော့ ဒါတွေထက် ဆန့်ကျင်သူပါ။ သူက အများရဲ့အကျိုးကို ရှေးရှုတယ်။ မိမိဘယ်လောက် နစ်နာနစ်နာ သူတစ်ပါးတွေ အဆင်ပြေမယ်ဆိုရင် ကျေနပ်တဲ့သူမျိုးပေါ့။

သို့သော်…

စိတ်ကောင်းတော့ရှိပါတယ်။ ဒီအတိုင်း ထိုင်နေတယ်။ သူတစ်ပါးကိုလည်း ဒုက္ခမပေးဘူး။ သူတစ်ပါးရဲ့ ကောင်းကျိုးလည်း မဆောင်

ရွက်ဘူးဆိုရင်တော့ "ရီနီဒေးကားစ်"ပြောသလို ဆိုပါက စိတ်ကောင်း ရှိရုံနဲ့ မလုံလောက်သေးပါ။

လူမှုအဖွဲ့အစည်းကြားမှာ မတရားသဖြင့် အုပ်ချုပ်တာ၊ လူသားတွေရဲ့ အခွင့်အရေးတွေကို ဖုံးကွယ်တာ၊ မိမိတို့ရဲ့ အကျိုးစီးပွားတစ်ခုသက်သက်ကိုသာ ကြည့်တဲ့လူတွေ ကြီးထွားနေတာဟာ "သာမန်စိတ်ကောင်း"ရှိသူတွေ များနေလို့ပါပဲ။

သာမန်စိတ်ကောင်းရှိသူဆိုတာ လက်တွေ့မပါတဲ့သူပါ။ တကယ့်စိတ်ကောင်းရှိသူဆိုတာကတော့ လက်တွေ့ပါတဲ့သူပါ။

လူသားချင်း တူညီသော အခွင့်အရေးတွေ ရှိစေဖို့ဆိုပါက စိတ်ကောင်းကို ကောင်းကောင်းအသုံးချရပါမယ်။

သင်လည်း စိတ်ကောင်းရှိပါတယ်။

ဒါပေမယ့်...

ပြီ

## စိတ်ချမ်းသာမှုနှင့် ကိုယ်ကျင့်တရား

"လူတိုင်းကို စိတ်ချမ်းသာစေချင်တယ်"

တချို့က ဒီလိုစကားမျိုးတွေကို ပြောလေ့ရှိပါတယ်။ လူတိုင်းကို စိတ်ချမ်းသာစေချင်တယ်ဆိုရင် အရင်ဆုံးလုပ်ရမှာ တစ်ခုတည်းရှိပါတယ်။ အဲဒါကတော့ မိမိကိုယ်တိုင် တကယ်စိတ်ချမ်းသာနေဖို့ပါပဲ။

မိမိကိုယ်တိုင်က စိတ်ဆင်းရဲနေရင် သူတစ်ပါးကို စိတ်ချမ်းသာအောင် ထားလို့မရပေ။

အဖွဲ့အစည်း တစ်ခုမှာလည်း ခေါင်းဆောင်ဖြစ်သူတွေက စိတ်ချမ်းသာမှ အောက်လက်ငယ်သားတွေလည်း စိတ်ချမ်းသာပါလိမ့်မယ်။

ဒီလိုမဟုတ်ဘဲ…

ခေါင်းဆောင်ဖြစ်သူတွေ ကိုယ်တိုင်က မိမိကိုယ်ကျင့်တရားကို မိမိ မယုံဘူး၊ ကိုယ့်သမိုင်းကို ကိုယ်ပြန်ကြောက်နေမယ်၊ ကိုယ့်လုပ်

ရပ်ကို ကိုယ်တိုင်ထိတ်လန့်နေမယ်၊ တုန်လှုပ်နေမယ်၊ နောင်တရနေမယ် ဆိုပါက အများကို စိတ်ချမ်းသာအောင်ထားမယ်လို့ ဘယ်လိုပင် ပြောပြော မိမိကိုယ်တိုင်က စိတ်မချမ်းသာသည့်အတွက် အများက လည်း စိတ်ဆင်းရဲနေပါမည်။

ဒီတော့…

အများစိတ်ချမ်းသာဖို့ မိမိကိုယ်တိုင် အရင် စိတ်ချမ်းသာအောင် နေရပါမည်။

စိတ်ချမ်းသာတဲ့သူဆိုတာ…

နောင်တတရားတွေနဲ့ ကင်းလွတ်နေတဲ့သူ၊ အဂတိတရားတွေနဲ့ ဝေးကွာနေသူ၊ အများရဲ့ ကြည်ဖြူနှစ်သက် ချစ်ခင်နေတဲ့သူ၊ မိမိကြောင့် သူတစ်ပါးတွေ မျက်ရည်မကျစေသူ၊ ကိုယ့်ကိုယ်ကို လွတ်လပ်နေတဲ့ သူပါပဲ။

စိတ်ဆင်းရဲတဲ့သူဆိုတာ…

အရင်ကပြုခဲ့တဲ့ အမှားတွေ၊ လက်ရှိပြုနေဆဲ အမှားတွေ၊ နောက်ထပ်ပြုဦးမယ့် အမှားများစွာအတွက် တွေဝေနေတဲ့သူပါပဲ။

အမှားဆိုတာမျိုးဟာလည်း…

စားသွားပေါ်က ပျားရည်စက်လိုပါပဲ။ ချိုမြနေတော့လည်း အန္တရာယ်ကို မမြင်တော့ပါဘူး။ အခါးသက်သက် အမှားထက် အချို ရောထားတဲ့ အမှားဟာ ပိုပြီးတော့ ကြီးမားပြီး နက်ရှိုင်းပါတယ်။

အမှားကြာလာတော့…

အမှန်တရားကို သတိမရတော့ပေ။

အမှားတွေကြားက ပျော်ရွှင်မှုကိုပင် အမှန်တရားထင်ကာ "မင်းတို့ကို စိတ်ချမ်းသာစေရမယ်" ဟု ပြောခြင်းဟာပင် အမှားဖြစ်နေတော့၏။

ဒီတော့…

တကယ့်စိတ်ချမ်းသာမှုဆိုတာ ကိုယ်ကျင့်တရားကောင်းမှုကို အခြေခံရပါတယ်။

ကိုယ်ကျင့်တရား မကောင်းတဲ့သူအတွက်…

စိတ်ချမ်းသာမှုဆိုတာလည်း မရှိပါဘူး။

ပြီ

## လှတ်လမ်း

"အောင်မြင်ဖို့အတွက် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်ဟာ ဘယ်လောက်အတိုင်းအတာထိ လိုအပ်ပါသလဲ"

(… … … … …)။

အခြေအနေနှင့် အချိန်အခါအရ လိုအပ်ချက်ရှိသင့်သလောက် လိုအပ်ပါသည်ဟု ဖြေရပါမည်။

ဘာကြောင့်လည်းဆိုပါက လူသည် လမ်းပျောက်နေတဲ့အခါ လမ်းပြပေးနိုင်သူကို ဆရာတင်ချင်ကြ၏။ လမ်းပြပေးနိုင်သူနောက်က လိုက်ချင်ကြ၏။

လမ်းပျောက်တဲ့နေရာမှာလည်း အမှောင်ထဲမှာ လမ်းပျောက်တာနဲ့ အလင်းထဲမှာ လမ်းပျောက်တာဟာ မတူညီပေ။ အလင်းမှာ လမ်းပျောက်တာဟာ သက်သာမှုရှိပေမယ့် အမှောင်ထဲမှာ လမ်းပျောက်ရင်တော့ မလွယ်ကူပေ။

သို့သော်...

လမ်းပျောက်တာထက် လမ်းဖျောက်ထားပြီဆိုရင်တော့ အဆိုးဆုံး အနေအထားကို ရောက်သွားပါပြီ။

လမ်းဖျောက်ထားတဲ့ဘဝမှာ အနေကြာလာတဲ့သူတွေဟာ ကြာလာ သည်နှင့်အမျှ လမ်းရှိမှန်းတောင် မသိတော့ပါဘူး။

အဲဒီလိုကာလမျိုးတွေ ရောက်ပြီဆိုရင်တော့ လမ်းပြပေးနိုင်တဲ့ သူဟာ အရေးတကြီး လိုအပ်လာပါတယ်။ ဘာကြောင့်လည်းဆိုတော့ လမ်းမသိသလိုပါပဲ။ ကိုယ့်လမ်း ကိုယ်သိရင် သူတစ်ပါးနောက်က မလိုက်ချင်ကြပါဘူး။

သို့သော်...

တစ်ခါတလေကျရင် (ခေတ်ကာလအခြေအနေအရ) ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိရလောက်အောင် ဆိုးဝါးနေတဲ့ အနေအထားတွေ ရောက်တဲ့အခါ ခေါင်းဆောင်က လိုအပ်ပါတယ်။

ဒီနေရာမှာ တစ်ခု သတိပြုခဲ့ရမှာက လူအများက ဘာလုပ် ရမှန်း မသိလောက်အောင် ဆိုးဝါးနေတဲ့ကာလမှာ ခေါင်းဆောင်က ဘာကြောင့် လမ်းပြနိုင်တာလဲ?

အများအကျိုးကို ဆောင်ရွက်ချင်သော ထက်သန်သောစိတ်ဓာတ် ကြောင့်ပင် ဖြစ်၏။ လူ၌ ထက်သန်သောစိတ်ဓာတ်ရှိပါက ဘယ်လောက် စိတ်လောင်မွန်းကျပ်နေတဲ့ အနေအထားမျိုးကို ရောက်နေပါစေ လွတ်မြောက်ရာ လမ်းစကို မပြတ်ရှာဖွေနေသည့်အတွက် လွတ်လမ်းက တွေ့တာပါ။

တစ်ခုရှိတာက စိတ်အားထက်သန်မှုဟူသည် အသိဉာဏ်ပညာ၊ ဝီရိယ၊ အနစ်နာခံစိတ်၊ ရေရှည်ကြည့်တတ်ခြင်းဟူသော အကြောင်းတရားတွေကို အခြေခံရပါတယ်။ ဒါမှ လမ်းစတွေ့၏။

အောင်မြင်ချင်တဲ့သူဟာ ခေါင်းဆောင်ကောင်း လိုအပ်သလို မိမိကိုယ်တိုင်ကလည်း ခေါင်းဆောင်ကောင်းတစ်ဦးကဲ့သို့ ပြုမူနေထိုင်ရပါမည်။

ခေါင်းဆောင်ဆိုတာ…

ခေါင်းခံနိုင်ရတယ်။

ခေါင်းမခံနိုင်ရင် ခေါင်းဆောင်လုပ်လို့ မရပေ။

ခေါင်းခံနိုင်ခြင်းဟူသည် ကြုံလာသမျှသော ဘေးအန္တရာယ်များကို ရင်ဆိုင်တတ်ခြင်းနှင့် ဘေးအန္တရာယ်ကြားမှ လွတ်လမ်းရှာဖွေတတ်ခြင်းပါပဲ။

## ရည်မှန်းချက်ထားပါ ထိန်းချုပ်ပါ

ရည်မှန်းချက်မရှိရင် ဘာဖြစ်မလဲ?

ဘာမှ မဖြစ်ပါ။

ဘာကြောင့်လည်းဆိုပါက ရည်မှန်းချက်မရှိတော့ လုပ်ဆောင်ချက်လည်း မရှိ၊ လုပ်ဆောင်ချက်မရှိရင် မည်သည့်အောင်မြင်မှုမှ မရှိသောကြောင့် ဘာမှ မဖြစ်ပါဟု ဆိုရပါမယ်။

ဒါက တစ်ခု။

နောက်တစ်ခုက ရည်မှန်းချက်မရှိဘူး။ သို့သော် လုပ်ဆောင်ချက်ကတော့ ရှိနေသည်၊ ဘာဖြစ်မလဲ?

'ဘာမှ မဖြစ်ပါ'

ဘာကြောင့်လည်းဆိုပါက ရည်မှန်းချက်မရှိသော လုပ်ဆောင်ချက်သည် ဆင်ကန်းတောတိုးသလို ရောက်ချင်ရာ ရောက်နေမှာဖြစ်သည့်အတွက် အောင်မြင်မှုဆိုတာဟာလည်း ဝေးကွာနေပါမည်။

ဒီတော့…

အောင်မြင်တဲ့ဘဝကို ပိုင်ဆိုင်ဖို့ ရည်မှန်းချက်လို၏။

တကယ်တော့ ရည်မှန်းချက်ဆိုတာ လူအား ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းကြောင်းလည်းဖြစ်သလို၊ အဲဒီ လမ်းကြောင်းအတိုင်း စိတ်အားထက်သန်စွာဖြင့် လျှောက်လှမ်းနိုင်ရန် အားအင်ကိုလည်း ပေး၏။

ရည်မှန်းချက်မရှိတဲ့ အလုပ်ဟာ…

စွမ်းအားကို ခန်းခြောက်စေပါတယ်။

ဒီအတွက် လူဟာ မိမိဘဝကို တန်ဖိုးထားရင်၊ မိမိစွမ်းအားကို မြှင့်တင်ချင်ရင်၊ အလုပ်နှင့်ညီမျှသော သက်ရောက်မှုကို ရစေချင်ရင် ရည်မှန်းချက်သည် မရှိမဖြစ် လိုအပ်လှ၏။

ထိပ်တန်းရောက်နေတဲ့သူတွေဟာ…

မျက်စိလည် လမ်းမှားပြီး ရောက်လာတာ မဟုတ်ပေ။

ရည်မှန်းချက်မရှိရင် လူဟာ မိမိကိုယ်ကို မိမိ ယုံကြည်မှုလည်း နည်းပါတယ်။ မိမိ ဘယ်အနေအထားရောက်နေပြီဆိုတာကိုလည်း သတိမမူတတ်ပါဘူး။

ရောက်တဲ့အရပ်မှာ ပျော်တာဟာ…

တိကျတဲ့ ရည်မှန်းချက် မရှိလို့ပါ။

တိကျတဲ့ ရည်မှန်းချက်ရှိသူတွေဟာ 'ငါ ဒီနေ့ ဘာလုပ်မည်'၊ 'ငါ ဒီနှစ် ဘာဖြစ်ရမည်'ဟု မိမိကိုယ်ကို ဖွဲတင်းကာ မဖြစ်ဖြစ်အောင် လုပ်ပါတယ်။ ဘယ်လိုအခက်အခဲများ ကြုံပါစေ ကျော်ဖြတ်ပါတယ်။

ရည်မှန်းချက်ရှိသူတွေဟာ ပတ်ဝန်းကျင်ကို စီမံခန့်ခွဲတတ်ပြီး ရည်မှန်းချက်မရှိသူတွေကတော့ ပတ်ဝန်းကျင်ရဲ့ စီမံခန့်ခွဲမှုကို ခံရပါတယ်။

ရည်မှန်းချက်ဆိုတာ ကြောင်းကျိုးဆင်ခြင်မှု ရှိသည့်အခါ ကြိုးစားမှုရှိသလောက် ရလဒ်ဟာလည်း ကောင်းမွန်ပြီး မိမိနှင့် မိမိပတ်ဝန်းကျင်ကို လှပ အကျိုးပြုစေပါတယ်။

တစ်ခုတော့ရှိတယ်။

ရည်မှန်းချက်ထားတဲ့အခါ အထိန်းအကွပ်မဲ့သော မကောင်းတဲ့ ရည်မှန်းချက်ကို မထားမိပါစေနဲ့။

အထိန်းအကွပ်မဲ့တဲ့ မကောင်းတဲ့ ရည်မှန်းချက်တွေဟာ မိမိ အတွက်ကော၊ ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေပါတယ်။

## ပြောင်းပါ

"လူသည် မြစ်တစ်စင်းတည်းကို နှစ်ကြိမ် မဆင်းနိုင်"တဲ့။

အဓိပ္ပာယ်က လောကကြီးသည် အချိန်တိုင်း ပြောင်းလဲသွားတယ်ဟူသော စကား၊ ဟောဒီလောကကြီးမှာ အမြဲတမ်း မပြောင်းလဲတာဟူ၍ တစ်ခုသာရှိ၏။ အဲဒါက 'ပြောင်းလဲခြင်းတရား'။

သို့သော်...

သဘာဝတရားတွေ ပြောင်းလဲသွားသလို လူဟာလည်း သဘာဝတရားနှင့်အတူ လိုက်ပါပြောင်းလဲရမှာလားဆိုတော့ မဟုတ်ပေ။ ဒါဆိုလျှင် ဘယ်အချိန်မှာ ပြောင်းရမလဲ?

မကောင်းရင်...

ပြောင်းပါ။

ဘာကို ပြောင်းမလဲ?

အဖွဲ့အစည်းတစ်ခု ဖြစ်နေပါက 'လူနှင့် မူ'ကို ကြည့်ပြီး ပြောင်းရပါမည်။ လူမကောင်းရင် လူကိုပြောင်း။ မူမကောင်းရင်တော့ မူကို ပြောင်းရပါမည်။ တချို့အဖွဲ့အစည်းတွေဟာ လူကော၊ မူပါ မကောင်းသည့်အတွက် နှစ်ခုစလုံးကို ပြောင်းရပါမည်။

မပြောင်းရင် ဘာဖြစ်မလဲ?

မိမိကော၊ ပတ်ဝန်းကျင်ပါ ထိခိုက်ပါတယ်။

မကောင်းတဲ့ အနေအထားကြီးကို သိသိကြီးနဲ့ ရပ်တည်နေပါက မိမိကိုယ်မိမိ မယုံကြည်၊ မကြည်ညိုတော့ပါဘူး။ သူတစ်ပါးကလည်း မိမိကို မယုံကြည်၊ မကြည်ညိုတော့ စိတ်စွမ်းအင်တွေ ကျဆင်းတတ်ပါတယ်။

စိတ်စွမ်းအင် မရှိရင်…

မည်သည့်ပျော်ရွှင်လွတ်လပ်မှုကိုမှ မရနိုင်ပေ။

ပျော်ရွှင်လွတ်လပ်မှု မရှိတဲ့သူဆိုတာ မိမိရထားတဲ့ ရာထူး၊ စည်းစိမ်တွေကြားမှာ အကျဉ်းကျနေတဲ့သူပါပဲ။ တခြားလူ မသိရင်တော့ မိမိကိုယ်မိမိ သိပါတယ်။

တချို့ကျတော့ မိမိလုပ်ရပ်ဟာ မကောင်းတာမှန်းသိပေမယ့် ရှန်းထွက်ပြီး ပြောင်းလဲဖို့ကြိုးပမ်းတော့လည်း ပတ်ဝန်းကျင်အနေအထားကို ကြည့်ပြီး လက်ရှိအနေအထားလေးကနေ ချို့ယွင်းသွားမလားဟု စိုးရိမ်စိတ်ဖြင့် မပြောင်းလဲဖြစ်ဘဲ ပြောင်းလဲချင်ယောင် ဆောင်တတ်ပါတယ်။

လှိုင်းပုတ်ရင်…

လှေမြုပ်မှာကို ကြောက်ပါတယ်။

လှေမမြုပ်အောင်ဆိုပြီး အယောင်ဆောင် ပြောင်းလဲခြင်းတွေနဲ့ နေလိုက်တယ်။

လှေလှူးရင်တော့…

လှိုင်းအုပ်တတ်တာကိုတော့ သတိမထားမိတတ်ကြပါဘူး။ ဘာပဲဖြစ်ဖြစ်ဆိုတဲ့ စိတ်ထားနဲ့ကတော့ ဘာမှ ဖြစ်မလာပါဘူး။ နှာမည်ပျက် သမိုင်းရိုင်းပါလိမ့်မယ်။

ဒီတော့…

မိမိကိုယ်ကို ပြန်ဆန်းစစ်ပါ။

လက်ရှိ အနေအထားဟာ မိမိအတွက်ရော၊ ပတ်ဝန်းကျင် အတွက်ပါ ကောင်းသလား?

မကောင်းရင်…

## လောကပါလနှင့် လူ, သဘာဝပတ်ဝန်းကျင်

လူနှင့် သတ္တဝါများသည် သဘာဝပတ်ဝန်းကျင်အတွင်း၌ ယှဉ်တွဲနေထိုင်ကြ၏။ သဘာဝပတ်ဝန်းကျင်ကို လူက စောင့်ရှောက်၏။ လူကို လောကပါလတရားက စောင့်ရှောက်၏။ ပုံစံအားဖြင့်...

လူ → သဘာဝပတ်ဝန်းကျင် → လောကပါလ

လူသည် သတ္တဝါအားလုံးတွင် အသိဉာဏ် အရှိဆုံးနှင့် အရက်စက်ဆုံး။

သဘာဝပတ်ဝန်းကျင်သည် လူသားတို့နေထိုင်ရာ ကမ္ဘာ။

လောကပါလတရားသည် လူနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းညှိပေးနေသော အရာဖြစ်၏။

ဒီတော့...

လူရယ်၊ သဘာဝပတ်ဝန်းကျင်ရယ်၊ လောကပါလတရားရယ် သုံးမျိုး ထွန်းကားရှင်သန်နေပါက ဟောဒီ ကမ္ဘာမြေကြီးရော၊ လူသား တွေပါ ငြိမ်းအေးသာယာ အဆင်ပြေ ချမ်းသာ၏။

ဆန့်ကျင်ဘက်အနေအားဖြင့် ဒီသုံးမျိုး အားနည်းပါက ဟောဒီ ကမ္ဘာမြေကြီးဟာလည်း ပူလောင်၊ ပျာယာ၊ အဆင်မပြေစွာဖြင့် မီးတွေ တောက်နေပါလိမ့်မည်။

ဒါဆိုလျှင်…

ဒီသုံးမျိုးမှာ ဘယ်သူက အရေးကြီးပါသနည်း။

လူက အရေးကြီး၏။

ဘာကြောင့်လည်းဆိုတော့ လောကပါလတရားကို လူသားတို့ မဆောက်တည်ရင် သဘာဝပတ်ဝန်းကျင်ဟာ ထိခိုက်၏။ လောကပါလ တရားကို သဘာဝပတ်ဝန်းကျင်က ဆောက်တည်၍ မရပေ။ လူကသာ ဆောက်တည်ရ၏။

လောကပါလတရားဆိုတာ လူ့အဖွဲ့အစည်းနှင့် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသော တရားလည်းဖြစ်၏။

လောကပါလတရားသည် ဘာသာတိုင်း၊ လူမျိုးတိုင်း၊ တိုင်း နိုင်ငံတိုင်း ကျင့်သုံးရမည့် တရားဖြစ်၏။ လောကပါလတရား၌ ဘာသာ ရေး၊ အသားရောင်၊ ဝါဒ၊ မျိုးနွယ်၊ အဆင့်အတန်း မည်သည့်အရောင် အဆင်း တစ်စုံမှ မပါဝင်ပေ။

လူသားတိုင်းသည် လူ့ဘဝမှာ လူသားတာဝန် ကျေပွန်ဖို့၊ လောကပါလတရားကို ကျင့်ရပါမည်။

လောကပါလတရားဟူသည်…

မကောင်းမှု ပြုရမည်ကို ရှက်ခြင်း၊
မကောင်းမှုပြုရမည်ကို ကြောက်ခြင်း။
ဒီတရားနှစ်ပါးသာ ဖြစ်၏။

လူဟာ မကောင်းမှုကို ပြုလုပ်ဖို့ မရှက်၊ မကြောက်တော့ဘူးဆိုလျှင် လောကပါလတရား ချို့တဲ့ပါပြီ။ လောကပါလတရား ချို့တဲ့ရင် လူသားတာဝန် မကျေပွန်တော့ပေ။

လူသည် မိမိရောက်ရှိနေသော အခိုက်အတန့်ကာလအတွင်းမှာ လူသားတာဝန်ကျေပွန်ရပါမည်။ လူပီသရပါမည်။ ဒီလိုမဟုတ်ပါက သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေပါမည်။

တာဝန်ကျေသော လူပီသသူဆိုတာ . .
လောကပါလတရား နှစ်ပါးကို စောင့်ထိန်းသူပါ။

၅၁

# ပဋိပက္ခ

ပဋိပက္ခဟု ဆိုလိုက်တာနဲ့ သဘောထား မတူညီခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ မပြေလည်ခြင်း၊ မငြိမ်းချမ်းခြင်း၊ ရန်စရှိခြင်း၊ မကျေနပ်ခြင်း စသော အဓိပ္ပာယ်တူ စကားလုံးများကို ပြေးမြင်မိပါလိမ့်မည်။ အဲဒီအရာတွေ အားလုံးဟာလည်း 'ပဋိပက္ခ'အတွင်းမှာ အကျုံးဝင်နေတာကိုး။

ပဋိပက္ခရှိတဲ့နေရာကို…

ငြိမ်းချမ်းခြင်းတွေ ရောက်မလာပါဘူး။

တိုင်းနိုင်ငံတစ်ခုဟာ ပဋိပက္ခကြီးမားရင် ကြီးမားသလောက်တိုင်းပြည်ဆင်းရဲခြင်း၊ လူ့အခွင့်အရေး မရရှိခြင်း၊ ဥပဒေမစိုးမိုးခြင်း စသော အကြောင်းတရားတွေကို ဖန်တီးလေ့ရှိပါတယ်။

မိသားစုတစ်ခုမှာလည်း ပဋိပက္ခရှိနေပါက စီးပွားရေး မပြေလည်ခြင်း၊ မငြိမ်းချမ်းခြင်း၊ မတိုးတက်ခြင်း၊ ပွလောင်ခြင်း အကြောင်းတရားတွေ ခံစားရလေ့ရှိပါတယ်။

ဒီလိုပါပဲ။

လူတစ်ယောက်မှာလည်း ပဋိပက္ခများစွာနဲ့ ရင်ဆိုင်နေရပြီဆိုပါက ရှေ့ခရီးကို ဆက်လျှောက်ဖို့ မလွယ်ပါဘူး။ ခရီးလည်း မတွင်တော့သလို ရည်ရွယ်ချက်ကိုလည်း မရောက်နိုင်တော့ပါဘူး။

ဒါဆိုလျှင်…

လူဟာ အောင်မြင်ဖို့ဆိုပါက ပဋိပက္ခ ရှောင်ကြဉ်ရပါမည်။

သို့သော်…

လူအများဖြင့် ဖွဲ့စည်းနှောင်ဖွဲ့ထားသော လူ့ပတ်ဝန်းကျင်ကြားမှာ ပဋိပက္ခတရား ကင်းဝေးစွာဖြင့် ရေရှည်ရပ်တည်ဖို့ ဆိုပါကလည်း မလွယ်ကူပေ။ ပဋိပက္ခရှိနေရင်လည်း အဆင်မပြေနိုင်ပေ။

သို့ဆိုလျှင် အောင်မြင်ချင်တဲ့သူအနေဖြင့် ပဋိပက္ခတွေကြားမှာ အောင်မြင်မှုကို ဘယ်လို ရပ်တည်နိုင်မလဲဆိုတဲ့ မဖြေက အရေးကြီးလာ၏။

လူ၏ သဘာဝကိုက တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားများ၊ ခံယူချက်များ၊ ပြုမူချက်များ မတူကြသည့်အတွက် တစ်ယောက်နဲ့ တစ်ယောက် ကွဲပြားခြားနားစွာဖြင့် တည်ရှိနေတာပါ။

ဒီတော့…

လူဟာ ပဋိပက္ခနည်းစွာ၊ ကင်းဝေးစွာဖြင့် လျှောက်လှမ်းဖို့ဆိုပါက သဘောထား မတူညီသည့် အချက်တွေကို ဘေးဖယ်ပြီး တူညီသည့်အရာတွေကို လုပ်ဆောင်ရပါမည်။

မလိုအပ်တာတွေ ပြောလျှင်…

မလိုချင်တာတွေ ဖြစ်လာပါမည်။

ဒါကြောင့် မိမိနှင့်ပတ်သက်တာကိုပဲ ပြောပါ၊ လုပ်ပါ၊ မဆိုင်တာတွေကို ခေါင်းထဲ မထည့်ပါနဲ့။ အတတ်နိုင်ဆုံး အဆင်ပြေအောင် ဆက်ဆံပါ။ အောင်မြင်မှုကို မျက်ခြည်အပြတ်မခံပါနဲ့။

## ဘာ့ကြောင့် ထိပ်တန်းမရောက်တာလဲ

အောင်မြင်မှုဟူသည် အားထုတ်မှုမရှိပါက ရရှိနိုင်သော အရာတစ်ခု မဟုတ်ပေ။ အောင်မြင်မှုလိုချင်လျှင် အားထုတ်မှုကတော့ ရှိကို ရှိနေရပါမည်။

အောင်မြင်မှုမှာလည်း အတိုင်းအတာ ပမာဏ များပြားကျယ်ပြန့်လှ၏။ ကြီးကျယ်သော အောင်မြင်မှုကို လိုချင်ပါက ကြီးကျယ်သော အားထုတ်မှုကို ပြုရပါမည်။ အနည်းငယ်သော အားထုတ်မှုဟာ အနည်းငယ်သော အောင်မြင်မှုကိုသာ ရရှိပါလိမ့်မည်။

ဒီသဘောတရားက ရိုးရှင်းပြီး တိကျမှန်ကန်သော သဘောတရားပင် ဖြစ်၏။

ဒါဆိုလျှင် . . .

အားထုတ်မှုဟာ အောင်မြင်မှု၏ အဓိကအစိတ်အပိုင်းပင် ဖြစ်ပါတယ်။ အားထုတ်မှု မရှိလျှင် အောင်မြင်မှုမရှိ။

အားထုတ်မှုဆိုတာ ဘာလဲ?

အလုပ်ပင် ဖြစ်၏။

အလုပ်ဆိုတာဟာလည်း အမျိုးအစားများစွာ ကွဲပြားပါသော်လည်း အားထုတ်ခြင်းကတော့ တစ်သဘောတည်းပင်ဖြစ်၏။ မည်သည့်အလုပ်မဆို စွမ်းအားပြည့် အားထုတ်မှုမရှိရင် ထိုက်တန်သောအောင်မြင်မှု မရှိပေ။

တချို့က အလုပ်ဆိုလျှင် ကြောက်ကြ၏။

အလုပ်ရှုပ်လျှင် စိတ်ပျက်ကြ၏။

အလုပ်ရှုပ်ခြင်းသည် စိတ်ပျက်စရာ မဟုတ်ပေ။ လူ့စွမ်းရည်ကို ပိုမိုထွက်စေသောကြောင့် စိတ်ကျေနပ်စရာဖြစ်၏။ အရှုပ်လုပ်လျှင်ကား စိတ်ပျက်စရာဖြစ်၏။

လူဟာ အလုပ် လုပ်နေလေ အသိဉာဏ် ဖွံ့ဖြိုးလာလေ၊ မိမိကိုယ်မိမိ ယုံကြည်မှုရှိလာလေ၊ အခက်အခဲများကို ရင်ဆိုင်ချင်စိတ်ဖြစ်လာလေပင် ဖြစ်၏။

သို့သော်...

အလုပ် လုပ်သူတိုင်း အောင်မြင်ပါသလား?

အလုပ် လုပ်သူတိုင်း ထိပ်တန်းရောက်ပါသလား?

အလုပ် လုပ်သူတိုင်း အဆင်ပြေပါသလား?

ဒီအဖြေကို လူတိုင်း သိ၏။

သို့သော်...

အလုပ် လုပ်ပါလျက် မအောင်မြင်ခြင်း အကြောင်းရင်းကိုမူ လူတိုင်း မသိနိုင်ပေ။

ဒါကြောင့်လည်း လုပ်ပါလျက်နှင့် မအောင်မြင်ခြင်းဖြစ်၏။

အောင်မြင်ချင်တဲ့သူဟာ အလုပ်ကို စနစ်တကျ လုပ်၏။ အလုပ်ကို စနစ်တကျ မလုပ်ရင် အားထုတ်သလောက် (ဝီရိယ) မထိရောက်ပေ။ ကြိုးစားပါလျက် မအောင်မြင်ခြင်းဟာ စနစ်မကျခြင်းကြောင့် ဖြစ်၏။ စနစ်တကျ လုပ်ဖို့ဆိုပါက အသိဉာဏ်ဖြင့် လုပ်ရပါမည်။

အသိဉာဏ်မပါတဲ့ အလုပ်ဟာ...

ထိပ်တန်းဘဝကို မရောက်စေပါဘူး။

တချို့က အောင်မြင်မှုဟူသည် ကြီးကျယ်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်းဟု ထင်လေ့ရှိကြ၏။

အောင်မြင်မှု၏ အစသည် သေးငယ်သောလုပ်ငန်းများကိုပင် စနစ်ကျအောင်၊ ကောင်းမွန်သပ်ရပ်အောင်၊ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းဖြစ်၏။

# ဘာကြောင့် ခေါင်းဆောင်မဖြစ်တာလဲ

ခေါင်းဆောင်ဟူသည် မွေးရာပါ ဗီဇအရ ဖြစ်ပေါ်လာသော အရာတစ်ခုဖြစ်ပါသလား?

[တချို့သော တိုင်းနိုင်ငံတွေမှာတော့ ဖခင်သေရင် သားဟာ အကြီးအကဲ ဖြစ်တာတွေရှိ၏။ သို့သော် ဒါက အနည်းငယ်သော ရာခိုင်နှုန်းဖြစ်၏။ ဒီစနစ်ဟာလည်း တဖြည်းဖြည်း ပျောက်ကွယ်စပြုနေပါပြီ။ လူအများက လက်မခံချင်ကြပေ။]

မွေးရာပါ ဗီဇအရ မည်သူမှ ခေါင်းဆောင်မဖြစ်နိုင်ပေ။ ခေါင်းဆောင်ဖြစ်အောင် ခေါင်းဆောင်တို့ ကျင့်စဉ်အတိုင်း ကျင့်သုံးမှ ခေါင်းဆောင်ဖြစ်ပါလိမ့်မည်။

သို့သော်...

တချို့သော ခေါင်းဆောင်များသည် လူအများက မနှစ်သက်ပါသော်လည်း ခေါင်းဆောင်နေရာကို အရယူထားကြ၏။ သူတို့သည် ခေါင်းဆောင်ကောင်းများ မဟုတ်။ ခေါင်းဆောင်ဆိုးများ ဖြစ်၏။ ခေါင်းဆောင်ဆိုးများကို မည်သူတစ်ဦးတစ်ယောက်ကမှ မလေးစားပေ။

စစ်မှန်သော ခေါင်းဆောင်ကောင်းဟူသည် အများ၏ လေးစားနှစ်သက်ခြင်းကို ခံရ၏။ ခေါင်းဆောင်ကောင်းဟူသည် လူသေသော်လည်း သူ၏ ဂုဏ်ကျေးဇူးကား ဘယ်တော့မှ မသေပေ။

ဒါဆိုလျှင်…

ခေါင်းဆောင်ဖြစ်အောင် ဘယ်လိုလုပ်မလဲ?

ခေါင်းဆောင်ကောင်းသည် အများအကျိုးအတွက် သယ်ပိုးချင်သော စိတ်ဓာတ်ရှိ၏။ မိမိအကျိုးတစ်ခုတည်းကို ဘယ်တော့မှမကြည့်၊ ကိုယ်ကျင့်တရားကောင်းမွန်၏။

ခေါင်းဆောင်ကောင်း ဖြစ်ချင်တဲ့သူဟာ နောက်လိုက်ကောင်းပီသအောင်လည်း နေရ၏။ မိမိရဲ့ ခေါင်းဆောင်ဖြစ်သူက ညွှန်ကြားချက်ကို အတိအကျ ဆောင်ရွက်၏။

ခေါင်းဆောင်ကောင်းသည် မိမိအောက်လက်ငယ်သားများကို ခိုင်းသည့်အခါမှာလည်း မိမိခိုင်းလို့ သူတို့လုပ်နေရသည်ဟု အဖြစ်မခံ၊ သူတို့ဘာသာသူတို့ အလုပ်ကို ဆောင်ရွက်နေသည့်ပုံစံဖြစ်အောင် ခိုင်း၏။

ခေါင်းဆောင်ကောင်းသည် မိမိကိုယ်တိုင်က ရှေ့ကအကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သလို နောက်လိုက်များကိုလည်း အကောင်းဆုံးဖြစ်အောင်သာ လုပ်စေချင်၏။

ခေါင်းဆောင်ကောင်းသည် မိမိနောက်လိုက်များကို မိမိတော်အောင်၊ တတ်အောင်၊ မိမိထက် ပိုမိုအရည်အချင်းရှိအောင် မြှင့်တင်ပေးသလို မိမိကိုယ်တိုင်လည်း အရည်အသွေးမကျအောင်နေ၏။

ခေါင်းဆောင်ကောင်းသည် အပြစ်ကို တွေ့မြင်က ပြုပြင်ပေး၏။ မိမိကိုယ်တိုင် အပြစ်လုပ်မိပါက ဝန်ခံ၏။ မရိုးသားခြင်းဖြင့် ဖုံးကွယ်မထား။

ခေါင်းဆောင်ကောင်းသည် တက်ကြွဖျတ်လတ်စွာဖြင့် အလုပ်ကို စနစ်တကျ လုပ်၏။

ခေါင်းဆောင်ကောင်းဖြစ်ဖို့ စောင့်ယူရသည် မဟုတ်။

ကျင့်ပြီး ယူရ၏။

လူ၌ ဦးတည်ချက်တစ်ခုသာ ထားရမည်။ ထိုထားရှိသော ဦးတည်ချက်အတိုင်း တစ်စိုက်မတ်မတ် လုပ်ဆောင်တတ်ခြင်းသည် အောင်မြင်မှု၏ အရင်းခံကြသော အကြောင်းတရားပင်ဖြစ်၏။

ဘာကြောင့်လည်းဆိုပါက ဦးတည်ချက်တွေ များပြားနေပါက မိမိရဲ့ အရည်အသွေးများဟာလည်း အရပ်လေးမျက်နှာသို့ ဖြန့်ကြက်ထားရသည့်အတွက် အင်အားများက ပြန့်ကျဲကာ ဦးတည်ချက်တစ်ခုမှာ မစုစည်းမိတော့ပါဘူး။

ဒီတော့...

မိမိဘာဖြစ်ချင်သည်၊ ဘာလုပ်ချင်သည်ဆိုတာကို အရင်ဆုံး မိမိကိုယ်ကို လေ့လာပါ။ သူတစ်ပါးက လုပ်တိုင်း လိုက်မလုပ်ပါနှင့်။ တစ်ခါတလေကျရင် သူတစ်ပါးကိုကြည့်ပြီး လိုက်လုပ်သမျှ လမ်းတစ်ဝက်ရောက်မှ မိမိစရိုက်နှင့် မကိုက်ညီတာတွေ ဖြစ်တတ်ပါတယ်။

ဝါသနာစရိုက်နှင့် တစ်ထပ်တည်းမကျရင်...

ရေရှည်မှာ မအောင်မြင်နိုင်ပေ။

ရေရှည်မှာ အဆင်ပြေအောင် ဦးတည်ချက်ထားတဲ့အခါ စိစစ်ပါ။

သေချာစိစစ်ပြီးလို့ ဘဝအတွက် ဦးတည်ချက်ကို တိကျပြတ်သားစွာထားပြီးပါက ၎င်းဦးတည်ရာ ပန်းတိုင်ရောက်အောင် သွားပါ။

အခက်အခဲများကတော့ စောင့်ကြိုနေပါမည်။

အခက်အခဲမရှိရင် အောင်မြင်မှုလည်း မရှိပေ။

အခက်အခဲကြီးမားရင် ကြီးမားသလောက် အောင်မြင်မှုက ကြီးမားပါတယ်။

ဘယ်လောက်ပင် အခက်အခဲများ ကြုံတွေ့ပါစေ ဦးတည်ချက် တစ်ခုတည်းကိုသာ ရှူးရှူးနင့်နင့် သွားသည့်အတွက် ကြုံလာတဲ့ အခက်အခဲတွေကို ကျော်ဖြတ်နိုင်ပါလိမ့်မယ်။

တစ်ခုတော့ရှိသည်။

ဦးတည်ချက်ကို မျက်ခြည်အပြတ်မခံပါနဲ့။

ဦးတည်ချက်ပျောက်ရင်…

လမ်းဟာလည်း ပျောက်သွားပါတယ်။

## မအာ့ခေနဲ့

ရိုးသားမှုသည် လူတစ်ယောက်၌ အမြင့်မြတ်ဆုံး၊ အဖြူစင်ဆုံး၊ တန်ဖိုးအရှိဆုံး လူသားပီသသော စိတ်ဓာတ်ပင်ဖြစ်၏။

ရိုးသားမှုရှိသူထံကို…

နောင်တတရားတွေ မငြိတွယ်ဘူး။

လူဟာ ရိုးသားတဲ့လူတစ်ယောက်ဖြစ်ဖို့ဆိုပါက…

(၁) ကိုယ်ကျင့်တရားကောင်းမှု (သီလ)၊

(၂) စိတ်ဓာတ်ရင့်ကျက်ခိုင်မာမှု (သမာဓိ)၊

(၃) အသိဉာဏ်နဲ့ ဆင်ခြင်တုံတရားရှိမှု (ပညာ)

တည်းဟူသော အင်္ဂါသုံးရပ်ကို ကျင့်သုံးလိုက်နာရပါမယ်။ တချို့က ရိုးသားမှုကို 'အ'ခြင်းဟု အဓိပ္ပာယ်အကောက်မှားကောက်၏။

'အ'ခြင်းသည် ကောင်းတာလုပ်ဖို့ရော၊ မကောင်းတာလုပ်ဖို့ပါ မသိခြင်း (အဝိဇ္ဇာ)ဖြစ်၏။ ရိုးသားမှုသည် မကောင်းတာကို မလုပ်၊ ကောင်းတာကိုလုပ်ခြင်း ဟူသော သီလ၊ သမာဓိ၊ ပညာကို အခြေခံ၏။

ရိုးသားတဲ့သူဟာ…

မိမိကိုယ်မိမိ လေးစားမှု အပြည့်ရှိ၏။

လူဟာ မရိုးသားတာ တစ်ခုခုကို လုပ်မိပြီဆိုပါက (သူတစ်ပါးက သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ) ငါမရိုးသားပါလားဟု သိတဲ့အခါ မိမိကိုယ်မိမိ မလေးစားတော့ပါဘူး။

မိမိကိုယ်မိမိ တန်ဖိုးမထားတော့ပါဘူး။

တချို့ပြဿနာကြုံလာရင် မရိုးသားတဲ့နည်းနဲ့ ဖြေရှင်းလိုက်တယ်။ ကြာလာတော့ ဖြစ်ရပ်တိုင်းကို မရိုးမသား ဆက်ဆံမိသွားတယ်။

လူဟာ ရိုးသားမှုပျောက်သွားရင်…

လူ့အဆင့်အတန်းဟာလည်း ပျောက်သွားပါတယ်။

လူတစ်ယောက်၏ အဆင့်အတန်းဆိုတာ စည်းစိမ်၊ အာဏာများ မဟုတ်၊ ကိုယ်ကျင့်သီလပင်ဖြစ်၏။

လူတစ်ယောက်ဟာ တန်ဖိုးမဖြတ်နိုင်တဲ့ စိတ်ဓာတ်တွေ ပျက်စီးသွားပြီဆိုရင် သူ့အတွက် ဘာမှ မကျန်တော့ပေ။

ဘာမှမရှိတဲ့သူဟာ ဘာမှ မသိပေ။

ဘာမှ မသိတော့ တစ်ကိုယ်ကောင်းဆန်စွာဖြင့် ဘဝကို ပြုမူနေထိုင်ပါတယ်။ လောကမှာ ဘစ်ကိုယ်ကောင်းဆန်တဲ့သူတွေ များလာလေ အခက်အခဲ မဖြူတာမှုတွေ များလာလေပါပဲ။

ဒါကြောင့် လောကမှာ မျှတတဲ့သူတွေ များလာအောင် မိမိကိုယ်ကစပြီး ရိုးသားရပါမယ်။

တစ်ခုရှိတာက…

'ဘယ်သူ ဘာဖြစ်ဖြစ် ကိုယ်ရိုးသားဖို့ အဓိက'ပဲဆိုတဲ့ စိတ်ဓာတ်ဟာ ကောင်းပါတယ်။ ဒါပေမယ့် မိမိပတ်ဝန်းကျင်က လူတွေကိုလည်း ရိုးသားတဲ့ လူတွေဖြစ်အောင် ဦးဆောင်ပြီးနေပြပါ။

မိမိရိုးသားတာကို သူတစ်ပါးကသိအောင် သဘာဝကျကျ နေပြသလို၊ မိမိပတ်ဝန်းကျင်ကလူတွေလည်း ရိုးသားအောင် ပြောပြပါ။ မျိုးသိပ်မထားပါနဲ့။

မျိုးသိပ်ပါများရင်…

အ,သွားတတ်တယ်။

## ၈၈၆

"လူ၏စွမ်းရည်ကို ခလုတ်တိုက်လဲခြင်း၊ မလဲခြင်းနှင့် ဆုံးဖြတ်၍မရ၊ ခလုတ်တိုက်လဲပြီး ပြန်ထ၊ မထ ဟူသော အချက်ဖြင့်သာ ဆုံးဖြတ်၍ ရနိုင်သည်" တဲ့။

လုပ်ပါလျက်နဲ့ အဆင်မပြေသည့်အခါ၊

ကြိုးစားပါလျက်နဲ့ မအောင်မြင်သည့်အခါ၊

အကောင်းဆုံး ယှဉ်ပြိုင်ပါလျက် ရှုံးနိမ့်သွားသည့်အခါ...

လူတိုင်းဟာ စိတ်ဓာတ်တွေ ကျဆင်းသွားတတ်၏။ ဒါဟာ သဘာဝဖြစ်၏။ ဒီသဘောသည် ဖြစ်တတ်သောကြောင့် အောင်မြင်မှုအတွက် တိုင်းတာသတ်မှတ်၍ မရသဖြင့် အထက်ပါစကားကို ဆိုခဲ့ခြင်းပါပဲ။

တချို့က တစ်ကြိမ်ရှုံးနိမ့်သွားပါက နောက်ထပ်တစ်ကြိမ် ပြန်မထချင်တော့ပေ။ ဒီလိုသာ ရှုံးနိမ့်သွားရင်ဆိုတဲ့ စိတ်ဓာတ်ကြောင့် ဖြစ်၏။

အောင်မြင်ချင်တဲ့သူဟာ အောင်မြင်မှုရဲ့ အရသာကို နှစ်သက်သလို ရှုံးနိမ့်တဲ့အခါမှာလည်း နေတတ်ရပါမယ်။ ခံနိုင်ရည်ရှိရပါမည်။

ဘယ်သူတစ်ဦးတစ်ယောက်မှ လုပ်တိုင်း အောင်မြင်၊ ကြိုးစားတိုင်း အနိုင်ရ၊ ယှဉ်ပြိုင်တိုင်း မရှုံးနိမ့်သောသူ မရှိပေ။ အောင်မြင်တဲ့သူတိုင်း၏ ဘဝနောက်ကြောင်းကို ပြန်ကြည့်ပါက အခက်အခဲ၊ အတားအဆီး၊ အဆင်မပြေမှု၊ ရှုံးနိမ့်မှုများစွာကို ကျော်ဖြတ်ပြီးမှ ရောက်လာကြတဲ့သူတွေ ဖြစ်ပါတယ်။

သူတို့တွေဟာ အဲဒီလို ရှုံးနိမ့်မှုတွေကြားမှာ အကြိမ်ကြိမ် ပြန်ထပြီး သူတို့ဟာ စွမ်းအားပြည့်ဝသော လောကခံကို ခံနိုင်ရည်ရှိလာသောသူတွေ ဖြစ်၏။

မီးဒဏ်၊ တူဒဏ်ကို နာနာခံပြီးမှ အသွားကောင်းသော ဓားတစ်ချောင်း ဖြစ်လာသလို လှိုင်းကြမ်း၊ လေကြမ်းကို အကြိမ်ကြိမ် ကျော်ဖြတ်ကြီးမှ ကြံ့ခိုင်ကျွမ်းကျင်သော မာလိန်မှူးတစ်ယောက် ဖြစ်လာ၏။

ခက်ခဲတဲ့ အတွေ့အကြုံများဟာ...
ရင့်ကျက်မှုကို ဖြစ်ပေါ်စေပါတယ်။
ဒီတော့...
ရှုံးနိမ့်မှု၊ လဲကျမှုကို ကြောက်ရွံ့သွား၍ မဖြစ်ပေ။
လမ်းလျှောက်ဖူးရင်တော့...
ခလုတ်တိုက်ဖူးမှာပါပဲ။

အဓိကအချက်ကတော့ ရှုံးနိမ့်သွားတဲ့အချိန်တွေမှာ ဘာကြောင့် ရှုံးနိမ့်တာလဲ၊ ဘာကြောင့် မအောင်မြင်တာလဲ၊ မိမိအားနည်းချက်က

ဘာလဲ၊ မိမိစွမ်းအားကို ဘယ်နေရာတွေမှာ မြှင့်တင်ရမှာပါလဲ စသည်ဖြင့် အားနည်းချက်ကို ရှာဖွေရပါမည်။

အကြောင်းမဲ့ ရှုံးနိမ့်ခြင်းဆိုတာ မရှိပေ။

ရှုံးနိမ့်ခြင်းရဲ့ အကြောင်းတရားများကို တွေ့သောအခါ ပြုပြင်ပါ။ အစားထိုးပါ။ ပိုမိုကြိုးစားပါ။ လိုအပ်ချက်ကို ဖြည့်ပါ။ ဘာမှမလုပ်ဘဲ မနေပါနဲ့။

အောင်မြင်မှုဆိုတာ…

ထီထိုးထားသလို မျှော်လင့်ရသောအရာ မဟုတ်ပေ။

၉

## ကိုယ့်ကိုယ်ကို ယုံကြည်အောင်နေပါ

လူသည် လူမှုပတ်ဝန်းကျင် အောင်မြင်မှုကို ဖော်ဆောင်ရသည့်အတွက် အောင်မြင်တဲ့သူဆိုတာ လူအများ၏ အသိအမှတ်ပြုမှု၊ ယုံကြည်မှု၊ လေးစားမှုကို ရှိတဲ့သူများသာ ရရှိနိုင်ပါတယ်။

လူအများက မိမိကို ယုံကြည်ဖို့ဆိုပါက မိမိကလည်း လူအများ ယုံကြည်လောက်အောင် ပြောဆိုနေထိုင်ရပါမည်။

အနေအထိုင်နှင့် အပြောအဆို နှစ်ခုကြားတွင် အပြောအဆိုသည် အရေးကြီးလှ၏။ အပြောအဆို မတည်ကြည်သောသူများကို လူအများက အပေါင်းအသင်း မလုပ်ချင်ကြပေ။

စကား မတည်သောသူဟာ...

ခေါင်းဆောင်နေရာနှင့် မထိုက်တန်ပေ။

အောင်မြင်တဲ့ ခေါင်းဆောင်ကောင်းဟာ မှန်ကန်သောစကားကို ပြော၏။ မုသားစကားကို မပြော၊ မုသားစကားပြောသူနှင့် ရေရှည်မှာ ဘယ်သူတစ်ဦးတစ်ယောက်ကမှ အဆက်အသွယ် မလုပ်ချင်ကြ။

မုသားစကားဆိုတာ...

(၁) ပြောသောအရာသည် မမှန်တာတွေဖြစ်ရမည်။

(၂) မဟုတ်မမှန်ကြောင်းကို ပြောသူကိုယ်တိုင်လည်း သိရမည်။

(၃) တစ်ဘက်လူကို လှည့်ဖျားလိုသောသဘောဖြင့် ပြောခြင်းဖြစ်ရမည်။

ဒီအင်္ဂါသုံးချက်နှင့် ပြည့်စုံပါက မုသားစကား အရာမြောက်ပါပြီ။

မြန်မာစကားပုံ၌ 'မုသားမပါ လင်္ကာမချော' ဟူသော စကားရှိ၏။ တကယ်တော့ ဒီစကားဟာ လိုသည်ထက် ပိုပြောပါက ဆေးယဉ်သွားသော ဝေဒနာသည်ကဲ့သို့ ဖြစ်သွားလိမ့်မည်။

တချို့က မုသားစကားကို အမှတ်တမဲ့ ပြောဆိုမိတတ်ကြ၏။ ပြောဆိုသူကိုယ်တိုင်က အမှတ်တမဲ့ ပြောလိုက်ပါသော်လည်း တစ်ခါတလေ အပြောခံရသူမှာ ထိခိုက်နစ်နာသွား၏။

မကောင်းမှုဆိုတာ အမှတ်တမဲ့ ပြုမိတတ်ပေမယ့်...

အကျိုးပေးတဲ့အခါကျရင် အမှတ်တရဖြစ်အောင် အကျိုးပေးပါတယ်။

လူဟာ တခြားသော မကောင်းမှုများကို ကျူးလွန်မြစ်ဖို့ စဉ်းစားချင့်ချိန်ဖို့ အချိန်ရသော်လည်း မုသားပြောဆိုခြင်းကိုမူ အလွယ်တကူပင် ပြုမူလိုက်ကြ၏။

ပါးစပ်ကပြောတဲ့ စကားတိုင်းဟာ…

လေထဲမှာ လွင့်ပါမသွားပါဘူး။

အကြောင်းအကျိုး၊ အကောင်းအဆိုးကိုလိုက်ကာ မိမိရဲ့ ဘဝ ကံကြမ္မာကိုပါ ဖန်တီးပေးပါတယ်။

ဘာကြောင့်လည်းဆိုတော့ လူ၏ လုပ်ရပ်တိုင်းဟာ သူ့ဘဝ ကံကြမ္မာကို ပုံဖော်ပေးနေပါတယ်။ စိတ်က ကြံတာကို နှုတ်ကပြော၊ နှုတ်ကပြောတာ လက်ကလုပ်ဖြစ်လို့ပါပဲ။

ပြီးတော့…

အများရဲ့ ယုံကြည်တဲ့ လူတစ်ယောက်ဖြစ်ဖို့…

ယုံကြည်လောက်တဲ့စကားကို ပြောပါ။

၏

## အားနည်းသူ၏ အခွင့်အရေး

မြန်မာရာဇဝင်တွင် သူရဲကောင်းနှစ်ဦး စီးချင်းထိုးတာ ရှိခဲ့ဖူး၏။ တစ်ယောက်က 'သမိန်ဗရမ်း'၊ နောက်တစ်ယောက်က 'ဂါမဏိ'၊ နှစ်ဦးစလုံးက သူရဲကောင်းတွေဆိုတော့ မြင်းစီး၊ ဓားခုတ်၊ လှံထိုးတွေ ကျွမ်းကျင်သလို ရဲစွမ်းသတ္တိလည်း ရှိကြ၏။

သာမန်အားဖြင့် ဆိုရပါမူ လက်ရည်တူပြီး စိတ်ဝင်စားစရာ ကြည့်ကောင်းမည့် အနေအထားတစ်ခု။

သို့သော်…

သူတို့နှစ်ယောက်၏ အနေအထားက မတူညီပေ။

ဂါမဏိက တရုတ်တွေ မြှောက်စားထားသည့် သူရဲကောင်းဆိုတော့ အစားအသောက် ကောင်းကောင်းစားပြီး အကောင်းဆုံးမြင်းနှင့် လွတ်လွတ်လပ်လပ် အမြဲလေ့ကျင့်နေသူ။

သမိန်ဗရမ်းကတော့ ဂါမဏိနှင့် တိုက်ခါနီးမှ အကျဉ်းခန်းထဲက ထွက်ပြီး တွေ့သည့်မြင်းနှင့် ဖြစ်သလို တိုက်ရမည့်သူ။

အနေအထားချင်းက မတူ၊ အဆိုးဆုံးကတော့ ဂါမဏိက သံချပ်အင်္ကျီဝတ်ပြီး တိုက်မည်၊ သူက ရိုးရိုးသာမန်အနေအထား အခြေအနေအရဆိုပါက ဂါမဏိအနေဖြင့် သမိန်ဗရမ်းကို ချည်တုပ်ပြီးမှ လူရှေ့မှ အနိုင်ယူခြင်းသာ။

သမိန်ဗရမ်းအနေဖြင့် လွတ်လမ်းမရှိသလောက်ပင်။

ဒါအပြင် တစ်ဘက်သူရဲ့ အားနည်းချက်ကို သူမသိ၊ အရာအားလုံးက သူ့ထက် အားသာနေတယ်။

ဒီလိုနဲ့…

ပွဲနေ့ရောက်တော့ လူအင်အားက အရမ်းကို များပြားနေတယ်။ ပွဲကြည့်ပရိသတ်များတာကို အကြောင်းပြုပြီး သမိန်ဗရမ်းက စီးချင်းမထိုးမီ မြင်းစီးစွမ်းရည်ပြရန် ပြော၏။

ဂါမဏိက သဘောတူ၏။

ဒီအနေအထားက သူအမြဲလေ့ကျင့်ထားသည့် အနေအထားဆိုတော့ ပရိသတ်ထဲက လက်ခုပ်တွေရမည်။ သမိန်ဗရမ်းကတော့ မြင်းရေးပြချင်၊ ကြည့်ချင်၍မဟုတ်။ ဂါမဏိ၏ လက်နက်ကိုင်ပုံ အနေအထားကို ကြည့်ချင်၍ဖြစ်၏။

တစ်နည်း၊ တစ်ဘက်သူထဲက အားနည်းချက်ရှာဖို့။

ဂါမဏိတစ်ယောက် မြင်းရေးပြတော့ ဂါမဏိ၏ သံချပ်အင်္ကျီမှာ ချိုင်းအောက်က ကြိုးပြတ်၍ ဟနေတာမြင်ရ၏။ တခြားနေရာတွေကတော့ ဓားနဲ့ ထိုးဖောက်ဖို့မလွယ်။ အားနည်းချက်က တစ်ခုသာရှိ၏။

တကယ်တမ်း တိုက်ခိုက်တော့ သမိန့်ဗရမ်းဟာ ဂါမဏိက သူ့ကိုခုတ်ရန် လက်မြှောက်ချိန်တွင် ချိုင်းအောက် အဟာမှနေ၍ နံကြားသို့ လှံနှင့်ထိုးလိုက်၏။

ဂါမဏိ ကျသွား၏။

တစ်ခါတလေကျရင် မိမိထက် အားကြီးတဲ့ သူများနဲ့ ယှဉ်ပြိုင်ရတဲ့အခါ စိတ်အေးအေးထားရ၏။ တစ်ဘက်သားရဲ့ အားနည်းချက်ကို ရှာတတ်ရ၏။ အားနည်းချက်မရှိသောသူဆိုတာ မရှိပေ။

တစ်ဘက်သားရဲ့ အားနည်းချက်ကို မိမိရဲ့ အားသာချက်အဖြစ် ပြောင်းနိုင်ရင် မိမိအတွက် အခွင့်အရေးဟာလည်း ရောက်လာတတ်ပါတယ်။

၅၁

# အချိန်နှင့် အလုပ်

လူတစ်ယောက်၏ဘဝကို မည်သည့်အရာတွေက အဆုံးအဖြတ်ပေးထားပါသနည်း။

အတိုဆုံးဖြေရလျှင်တော့ 'အချိန်နှင့်အလုပ်' ဖြစ်၏။

လူတစ်ယောက် ဖြစ်ထွန်းပေါက်ရောက်ခြင်း၊ ဘဝကို တန်ဖိုးရှိရှိ အသုံးချခြင်း၊ အဓိပ္ပာယ်ရှိသော ဘဝတစ်ခုကို ပိုင်ဆိုင်ခြင်းဆိုတာ တကယ်တော့ အချိန်ကို အကောင်းဆုံး အသုံးပြုခြင်းပါပဲ။

လူ့ဘဝသည် အချိန်ပင်ဖြစ်၏။

ဘာကြောင့်လည်းဆိုပါက ဘဝဆိုတာဟာ မိမိနေချင်သလို နေလို့ရပေမယ့်လည်း နေချင်သလောက် နေလို့မရနိုင်ပေ။ လူ့ဘဝရဲ့ တန်ဖိုးကို အချိန်က ကန့်သတ်ပေးထား၏။

သဘာဝလောကဟာ လူသားတိုင်းကို တူညီသော အချိန်ပေးထားပေမယ့်လည်း လူသားတိုင်းကတော့ အချိန်ကို တူညီစွာ အသုံးမပြုကြပေ။

တချို့က အချိန်ကို တန်ဖိုးရှိစွာဖြင့် အသုံးပြုပေမယ့် တချို့ကတော့ အချိန်ကို တန်ဖိုးထားရကောင်းမှန်း မသိကြပေ။

တန်ဖိုးရှိသောအချိန်ကို တန်ဖိုးရှိစွာ အသုံးပြုလေ အဲဒီလူဟာ တန်ဖိုးရှိသောလူ ဖြစ်သွားမည်။

လူ၏ အသက်ဆိုတာဟာလည်း စက္ကန့်၊ မိနစ်လေးတွေဖြင့် ပေါင်းစပ်ထားခြင်းဖြစ်၏။ ဒီတော့ လူဟာ အဲဒီ စက္ကန့်၊ မိနစ်လေးတွေကို တန်ဖိုးထားရင် မိမိအသက်ကို တန်ဖိုးထားတာပါပဲ။ အသက်ကို တန်ဖိုးထားတဲ့သူဟာလည်း ဘဝကို တန်ဖိုးထားပါတယ်။

ဒီတော့…

ဘဝတန်ဖိုးသည် အချိန်။

အချိန်တန်ဖိုးကို အလေးအနက်ထားတဲ့သူဟာ အလုပ်ကို တန်ဖိုးထား၏။ အလုပ်ကို တန်ဖိုးထားတဲ့သူဟာလည်း အချိန်ကို ပြန်ပြီးတော့ တန်ဖိုးထားတတ်လာပါတယ်။

အချိန်ကို တန်ဖိုးထားတဲ့ အလေ့အကျင့်ရှိသူဟာ မိမိစွမ်းအားကိုလည်း သိလာတယ။ လူဟာ အစွမ်းအစများစွာနဲ့ မွေးထုတ်လာတဲ့သူပါ။ လူတစ်ယောက်မှာ ကန့်သတ်ထားသော အစွမ်းအစဆိုတာ မရှိပေ။

လူ၏ ကြီးကျယ်သော စွမ်းအားများကို ထုတ်သုံးဖို့၊ ရှိသည်ဆိုတာကို သိဖို့ဆိုပါက လူဟာ အလုပ်နှင့် အချိန်ကို အချိုးကျစွာ အသုံးပြုတတ်ရပါမည်။

တချို့က မိမိမှာ ဘယ်လိုအစွမ်းအစတွေရှိတယ်ဆိုတာကို မသိပေ။ တချို့ သိ[illegible]ပမယ့်လည်း ဘယ်လောက် အတိုင်းအတာထိ ရှိတယ်ဆိုတာကို မသိပေ။

သိဖို့ဆိုတာ လုပ်ကြည့်ရပါတယ်။

အလုပ်များများလုပ်လေ…

လူ့အရည်အချင်း ထွက်လာလေပါပဲ။

အရည်အချင်းရှိတယ်ဆိုတာ သူတစ်ပါးက လုပ်ပေးမှ မဟုတ်၊ မိမိကိုယ်တိုင် လုပ်ယူရ၏။

ဒါကြောင့်…

အချိန်နှင့် အလုပ်ကို တွဲစပ်ပါ။

## ခလေးလေးစားစား ဆက်ဆံပါ

'အပြန်အလှန် ဆက်ဆံရေးမှာ လေးစားမှုက ဘယ်လောက်အတိုင်းအတာထိ လိုအပ်ပါသလဲ'

'အပြည့်အဝ လိုအပ်ပါတယ်'

အပြည့်အဝဆိုတာ နေရာတိုင်း၊ အချိန်တိုင်းကို ဆိုလိုပါတယ်။

လူဟာ နေ့စဉ် လူသားတွေနဲ့ အပြန်အလှန် ဆက်ဆံနေရပါတယ်။

အောင်မြင်မှုဆိုတာဟာလည်း လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းကြားမှာပဲ တည်ဆောက်ရတာဖြစ်လေတော့ တစ်ဦးနဲ့တစ်ဦး ဆက်ဆံတဲ့အခါ လေးစားမှုရှိရပါတယ်။

မိမိက သူတစ်ပါးကို လေးလေးစားစား မဆက်ဆံရင်...

သူတစ်ပါးကလည်း မိမိကို မလေးမစား ပြန်ဆက်ဆံပါလိမ့်မယ်။

အောင်မြင်မှုကို တည်ဆောက်တဲ့အခါမှာ လေးစားသော ဆက်ဆံရေး ရှိရပါမည်။ လေးစားမှု မရှိပါက ကြီးပွားတိုးတက်ရေးမှာ အခက်အခဲတွေ ရှိလာပါလိမ့်မယ်။

လူဟာ တခြားသော အရည်အချင်းတွေ ဘယ်လောက်ပင် ရှိနေပါစေ၊ လူမှုဆက်ဆံရေးမှာ လေးစားမှုမရှိရင် ကြီးပွားဖို့ဟာလည်း အခွင့်အရေးတွေ ပိတ်နေပါမယ်။

လေးစားသော ဆက်ဆံရေးဆိုတာ ကိုယ့်ကိုယ်ကို ပိုပြီးရင့်ကျက်မှုဖြစ်အောင်၊ သဘောထားကြီးအောင်၊ စိတ်ထားဖြူစင်အောင် ပြုလုပ်ပေးသော အရာပါပဲ။

လေးစားမှုဆိုတာ မိမိအလုပ်ကို ယုံကြည်ခြင်းလည်းဖြစ်တယ်။

လေးစားမှုဆိုတာ အပြန်အလှန် ယုံကြည်မှုတည်ဆောက်တာလည်း ဖြစ်တယ်။

တကယ်တမ်းအားဖြင့် အကောင်းမွန်ဆုံး ဆက်ဆံရေးဟာ လေးစားမှုကို အခြေခံရတယ်။ လေးစားမှုမှာ အကြီးအငယ်၊ ငွေရှိမရှိ၊ အာဏာရှိခြင်း၊ မရှိခြင်း စသည့်အရာတွေနဲ့ မသက်ဆိုင်ပါဘူး။ လေးစားသင့်တဲ့သူကို လေးလေးစားစားကို ဆက်ဆံရပါမယ်။

မိမိရဲ့ လေးစားတဲ့ဆက်ဆံမှုဟာ…

တစ်ဘက်သားကို အသိအမှတ်ပြုလိုက်တာဖြစ်သလို၊ တစ်ဘက်သားကလည်း မိမိကို အသိအမှတ်ပြုလိုက်ခြင်းပါပဲ။

တခြားလူကို လေးစားစွာ ဆက်ဆံလိုက်ခြင်းဖြင့် မိမိအနေဖြင့် ကိုယ့်ကိုယ်ကို သတိနဲ့နေလိုက်တာပါပဲ။ အဲဒီလို သတိနဲ့နေတဲ့ အခါ

အကျင့်ရှိနေရင် ဆက်ဆံရေးကြောင့်ဖြစ်တဲ့ စိတ်ပင်ပန်းမှုတွေလည်း လျော့နည်းသွားစေပါတယ်။

လူမှုဆက်ဆံရေးမှာ သောကမရှိရင်…

အလုပ်ကို တက်ကြွရွှင်လန်းစွာ လုပ်နိုင်ပါတယ်။

တက်ကြွရွှင်လန်းတဲ့ လုပ်ဆောင်ချက်တွေဟာ အောင်မြင်မှုကို ကြီးမားစွာ အထောက်အကူဖြစ်စေပါတယ်။

တချို့လူတွေဟာ လူတစ်ယောက်ကိုတွေ့တာနဲ့ အပြင်ပန်း အခြေအနေကိုကြည့်ပြီး တန်ဖိုးဖြတ်လိုက်တယ်။ မိမိဖြတ်ထားတဲ့ တန်ဖိုးအပေါ်ကြည့်ပြီး ဆက်ဆံလိုက်ကြတယ်။ အဲဒီအခါ လေးစားမှု ဆိုတာ မှေးမှိန်သွားတယ်။

လေးစားမှုမပါတဲ့ ဆက်ဆံရေးဟာ…

တစ်ဘက်သားကို စော်ကားလိုက်တာပါပဲ။

တစ်ဘက်သားမှာ ဒဏ်ရာရသွားရင် သူ့အနေဖြင့် မိမိကို ဘယ်လို တုံ့ပြန်မလဲ?

၅

## ဘာကြောင့် မကြီးပွားတာလဲ

လူတိုင်းသည် ကြီးပွားချမ်းသာချင်ကြ၏။

လူ့ဘဝကိုရပြီး ကြီးပွားချမ်းသာချင်တာဟာ သဘာဝဖြစ်၏။ ကြီးပွားချမ်းသာမှ မိမိလိုချင်တာတွေရမည်၊ မိမိလုပ်ချင်တာတွေ လုပ်လို့ရမည်၊ မိမိဆန္ဒတွေကို အကောင်အထည်ဖော်လို့ရပါလိမ့်မည်။

ဆန္ဒရှိပြီး…

အင်အားမရှိရင် ဘာကိုမှ ဖြစ်မြောက်အောင် မစွမ်းနိုင်ပေ။

ဒီတော့…

ကြီးပွားချမ်းသာမှုဆိုတာ လူတိုင်း ကြိုက်နှစ်သက်သော အရာတစ်ခုဖြစ်၏။ သို့သော် ကြီးပွားချမ်းသာမှုကတော့ လူတိုင်းကို မကြိုက်၊ လူတိုင်းကို မနှစ်သက်ပေ။ ဘာကြောင့်ပါလဲ။

ကြီးပွားချမ်းသာမှုဆိုတာ ပေါက္ခရဝသသမိုးကဲ့သို့ စိုစေချင်သော သူကိုသာ စိုစေပြီး၊ မစိုစေချင်သောသူကို မစိုစေတတ်သော အရာတစ်ခုပါလား။

မဟုတ်ပေ။

ကြီးပွားချမ်းသာမှုဆိုတာ သူ့သဘာဝအတိုင်း တည်ရှိနေသော အရာတစ်ခု မဟုတ်ပေ။ ကြီးပွားချမ်းသာချင်သောသူကိုယ်တိုင်က ဖန်တီးတည်ဆောက်ပြီး ယူဆောင်ရသော အရာတစ်ခုဖြစ်လို့ပါပဲ။

ဒါဆိုလျှင်…

ကြီးပွားချမ်းသာမှုကို ဘယ်လိုဖန်တီးယူမလဲ?

ဒီမေးခွန်းက အနည်းငယ် လောသွား၏။ ဒီထက်ပို၍ ရှေးကျ တာက လူဟာ 'ကြီးပွားချင်စိတ်ရှိပါသလား' မိမိကိုယ်မိမိ မေးရ ပါမည်။

'မကြီးပွားချင်တဲ့သူ ဘယ်သူရှိမလဲ'

ဒီအဖြေကို လူတိုင်း ဖြေဆိုတတ်ပါတယ်။

လူတိုင်း မဖြေနိုင်တာက 'ကြီးပွားချင်တဲ့စိတ် ရှိပါလျက်နဲ့ ဘာကြောင့် မကြီးပွားတာလဲ'ပင် ဖြစ်၏။ တကယ် ကြီးပွားချမ်းသာ ချင်တဲ့သူဆိုတာ အချိန်တိုင်း ဒီစိတ်ကို မွေးမြူထားရပါမယ်။

စိတ်ဓာတ်က ပြင်းပြနေရင်…

လက်တွေ့လုပ်ဆောင်ဖို့ ဝန်မလေးတော့ပေ။

လက်တွေ့လုပ်ဆောင်မှုမပါတာဟာ စိတ်ဓာတ်ပြင်းပြသော ထက်သန်မှု မရှိလို့ပါဘဲ။ စိတ်ဓာတ်က ပြင်းပြထက်သန်ပြီးဆိုတာနဲ့ ကြီးပွားချမ်းသာကြောင်းကို စတင်တော့တာပါပဲ။

ကြီးပွားချမ်းသာချင်တဲ့သူဟာ···
အလုပ်ကို စနစ်တကျလုပ်ရတယ်။
စုဆောင်းတတ်ရတယ်။
ချွေတာတတ်ရတယ်။
မိမိရဲ့ ကျွမ်းကျင်မှုနဲ့ နွှယ်သောအလုပ်ကို လုပ်ရမယ်။
အချိန်လေးစားရတယ်။
စည်းကမ်းရှိရတယ်။
ဇွဲရှိရတယ်။
ပူးပေါင်းဆောင်ရွက်တတ်ရတယ်။
အပြန်အလှန် ယုံကြည်မှုရှိရတယ်။

## လူနှင့်အလုပ်

'အောင်မြင်မှု'ကို တိုက်ရိုက်ဘာသာပြန်ရင် 'အလုပ်လုပ်ခြင်း' ဟူသော အဓိပ္ပာယ်ပင် ထွက်၏။ ဒါက အကြောင်းတရားနှင့် အကျိုးတရားကို ပေါင်းစပ်ပြီးပြောတာ ဖြစ်ပါတယ်။

အလုပ်လုပ်ခြင်း ဟူသော အကြောင်းတရားကြောင့် အောင်မြင်ခြင်းဟူသော အကျိုးတရား ရခြင်းဖြစ်၏။

ဒါဆိုလျှင်…

အလုပ်ဆိုတာ ဘာလဲ?

တရားအားထုတ်ချင်သူအတွက် တရားဖြင့်နေခြင်းဟာ အလုပ်။

ကျောင်းသားအတွက် စာကျက်ခြင်းဟာ အလုပ်။

စီးပွားရေးသမားအတွက် ငွေရှာခြင်းဟာ အလုပ်။

ဆရာဝန်အတွက် ဆေးကုခြင်းဟာ အလုပ်။

စစ်သားအတွက် တိုင်းပြည်တာဝန် ထမ်းဆောင်ခြင်းဟာ အလုပ်။

စသည် စသည်အားဖြင့် မိမိကျင်လည်ရာ ဘဝပတ်ဝန်းကျင်မှာ မိမိရည်ရွယ်တာကိုရော၊ မရည်ရွယ်ဘဲ လုပ်နေခြင်းတွေဟာ အလုပ်တွေပါပဲ။

အောင်မြင်မှု၊ မအောင်မြင်မှုဆိုတာဟာလည်း အလုပ်လုပ်ခြင်း၊ မလုပ်ခြင်း (တစ်နည်းအားဖြင့်) မိမိအလုပ်ကို အကောင်းဆုံးလုပ်ခြင်း။ မလုပ်ခြင်းဖြင့်ပင် တိုင်းတာရ၏။

အလုပ်တစ်ခုမှာ အကောင်းဆုံးဖြစ်အောင် လုပ်နိုင်သော စွမ်းရည်ရှိပါလျက်နဲ့ အကောင်းဆုံးဖြစ်အောင် မလုပ်ဆောင်ခြင်းဟာ မအောင်မြင်ခြင်းရဲ့ အကြောင်းပါပဲ။

ဘယ်သူမဆို မိမိလုပ်တဲ့ အလုပ်ဟာ မိမိရဲ့ အနေအထား၊ အခြေအနေကို ဖော်ပြနေတာပါ။

ဒီတော့…

မိမိလုပ်တဲ့ အလုပ်ဟာ မိမိရဲ့ အကောင်းဆုံးစိတ်ထားနဲ့ အကောင်းဆုံး အရည်အချင်းကို ဖော်ပြပေးနိုင်ရပါမယ်။

အကောင်းဆုံးကို ပေးလိုက်တာဟာ…

တန်ဖိုးအရှိဆုံးကို ယူလိုက်တာပါပဲ။

ဘာကြောင့်လည်းဆိုပါက မိမိရဲ့ အကောင်းဆုံးလုပ်ဆောင်မှုကို တစ်ဘက်က အသိအမှတ်မပြုဘဲ မလေးမစား မနေပါဘူး။ မတုံ့ပြန်ဘဲလည်း မနေပါဘူး။

အလုပ်ကို အကောင်းဆုံးလုပ်တဲ့သူဟာ မိမိလုပ်ရပ်နဲ့ မိမိကိုယ်ကို လေးစားပါတယ်။ လူဟာ သူတစ်ပါး လေးစားမှုရှိအောင် လုပ်တာထက်၊ မိမိကိုယ်မိမိ လေးစားအောင်လုပ်တာဟာ ပိုခက်ပါတယ်။

သူတစ်ပါးရဲ့ လေးစားမှုကိုရဖို့ မရိုးသားတဲ့နည်းတွေကို အသုံးပြုလို့ ရနိုင်ပေမယ့် မိမိကိုယ်ကို လေးစားမှုကတော့ မရိုးသားတဲ့နည်း မရှိပါဘူး။

ရိုးသားတဲ့နည်းပဲ ရှိပါတယ်။ ရိုးသားတဲ့နည်းဆိုတာဟာလည်း မိမိလုပ်တဲ့ အလုပ်ကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် လုပ်ခြင်းပါပဲ။

ဒါဟာ ဘဝရဲ့ အဓိပ္ပာယ်ပါပဲ။

ဘာကြောင့်လည်းဆိုတော့ အဓိပ္ပာယ်ရှိသောသူတို့ဟာ ဘာအလုပ်ကိုပဲ လုပ်လုပ် မြင့်မြတ်မှုကို အခြေခံပြီး လေးနက်သော အသိဉာဏ်ဖြင့် အကောင်းဆုံးဖြစ်အောင် လုပ်ပါတယ်။

P

## အရည်အချင်းဆိုတာ ဘာလဲ

Obstacles then become challenges.

အခက်အခဲဟာ ကိုယ့်အရည်အချင်းကို စိန်ခေါ်တဲ့အရာဖြစ်တယ်။

လောကမှာ အရည်အချင်းရှိတဲ့သူတွေဟာ အောင်မြင်မှုကို ဖန်တီးနိုင်တယ်ဆိုတာ အမှန်ပါပဲ။ တစ်ခုရှိတာက အရည်အချင်းရှိတဲ့သူတွေဟာ အခက်အခဲကို ရင်ဆိုင်ရဲလို့ရှိတာပါပဲ။

ဒီတော့...

အခက်အခဲကို မရင်ဆိုင်ရဲတာဟာ အရည်အချင်းမရှိခြင်းပါပဲ။

တချို့က အခက်အခဲတစ်ခုတွေ့ပါက စိတ်ပျက်အားငယ်ပြီး မဖြစ်နိုင်တာက စတွေး၊ မဖြစ်နိုင်တာကို စပြော၏။

လူဟာ မဖြစ်နိုင်ကြောင်းကို အကြောင်းပြချက် များများပြတတ်တဲ့သူအတွက် အကြောင်းပြစရာတွေ ပိုမိုပြီး ရလာမှာဖြစ်သလို

ဖြစ်အောင်လုပ်မယ်ဆိုသူတွေအတွက်လည်း ဖြစ်နိုင်တဲ့ နည်းလမ်းကောင်းတွေက တစ်ခုပြီးတစ်ခု ထွက်လာပါလိမ့်မယ်။

ဒါဆိုလျှင် အခက်အခဲကြုံလာပြီဆိုပါက မိမိအရည်အချင်းကို စိန်ခေါ်တာဖြစ်သည့်အတွက် ဖြစ်နိုင်စရာ နည်းလမ်းများကို ရှာကြံပါ၊ ရင်ဆိုင်ပါ။

လိုလျှင်ကြံဆ နည်းလမ်းရဆိုတာ လူ့အရည်အချင်းကို ဖော်ထုတ်တာပါပဲ။

ဘာကြောင့်လည်းဆိုတော့ လူဟာ အကန့်အသတ်မရှိသော အရည်အချင်းများဖြင့် မွေးဖွားလာလို့ပါပဲ။ ဘာကြောင့် အရည်အချင်း မထွက်တာလည်းဆိုပါက ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိတာရယ်၊ ပြတ်သားတဲ့ လုပ်ဆောင်ချက် မရှိတာရယ်၊ ဒီနှစ်ချက်က လူ့အရည်အချင်းကို ကန့်သတ်လိုက်၏။

လူဟာ ဘာအခက်အခဲမှမရှိရင်…

ဘာအရည်အချင်းမှလည်း ရှိမလာနိုင်ပေ။

အလုပ်များများလုပ်ရင် အခက်အခဲတွေ အများကြီး ရှိလာလိမ့်မယ်။ အခက်အခဲများကို ရင်ဆိုင်ရဲလာလေ အရည်အချင်းတွေက ထွက်လာလေပါပဲ။

အရည်အချင်းရှိသူဟာ…

အခက်အခဲကို ဖြေရှင်းရဲတယ်၊ အခက်အခဲကို တာဝန်ယူရဲတယ်၊ အခက်အခဲကြားမှာ အောင်မြင်မှုကို ရှာဖွေဖော်ထုတ်လာပါတယ်။

အခက်အခဲတွေကြားက အောင်မြင်မှုဟာ…

ပိုပြီးတော့ ချိုမြိန်ပါတယ်။

ဘာကြောင့် ပိုပြီးတော့ ချိုမြိန်ရသလဲဆိုတော့ မိမိစွမ်းအားကို အပြည့်အဝ အသုံးချလိုက်လို့ပါ။

အခက်အခဲမရှိတဲ့ အောင်မြင်မှုဟာ…

ရေရှည် မခိုင်မြဲပါဘူး။

ဘာကြောင့်လည်းဆိုတော့ မိမိရဲ့ အရည်အချင်း မပါသည့်အပြင် ခဏတာပဲ အသုံးဝင်ပါတယ်။

ဒါကြောင့်…

အခက်အခဲကိုရင်ဆိုင်ပါ။

ပြီ

## သုံးသပ်ခြင်း

မိမိလုပ်ခဲ့သော အလုပ်များကို ပြန်ပြီးတော့ သုံးသပ်ခြင်းဟာ အောင်မြင်မှုမှာ အရေးပါသော အရာတစ်ခုဖြစ်၏။

မိမိလုပ်ခဲ့သမျှကို ပြန်ပြီးတော့ သုံးသပ်မှုမရှိတာဟာ မအောင်မြင်ခြင်း၊ မကြီးကျယ်ခြင်းရဲ့ အကြောင်းတရား တစ်ခုပါပဲ။

မိမိအလုပ်ကို ပြန်သုံးသပ်ခြင်းဟာ ဘာကြောင့် အရေးကြီးသလဲဆိုပါက ဘယ်သူမဆို လုပ်ကိုင်သမျှ ကိစ္စရပ်တိုင်းဟာ တစ်ကြိမ်တည်းနှင့် အဆင်ပြေသွားခြင်း မရှိပေ။

အကြိမ်ကြိမ် လုပ်ပါသော်လည်း မှားယွင်းခြင်း၊ မအောင်မြင်ခြင်းများဟာ မိမိအလုပ်ကို ပြန်၍ မသုံးသပ်ခြင်း အကြောင်းတရားများကြောင့် ဖြစ်၏။

ပြန်လည်သုံးသပ်ခြင်းဟာ အောင်မြင်မှုကိုဖြစ်စေဖို့ ကြီးမားသော အထောက်အကူကို ဖြစ်စေလို့ပါပဲ။

ဘာကြောင့်လည်းဆိုပါက ဘယ်သူမဆို မိမိရဲ့ လုပ်ရပ်တွေဟာ ပြည့်စုံကောင်းမွန်တယ်လို့ ထင်လေ့ရှိကြပါတယ်။ ဒါပေမယ့် အသေအချာပြန်ပြီးတော့ လေ့လာကြည့်ပါက မိမိကိုယ်တိုင်က အမှားအယွင်းမရှိ ပြည့်စုံပါတယ်ဟု ထင်ထားသော အချက်အလက်တွေထဲမှာပင် လိုအပ်ချက်တွေ ရှိနေတတ်၏။

တချို့သော ကိစ္စရပ်များဟာ လိုအပ်ချက်များရှိပါသော်လည်း အဆင်ပြေချောမွေ့သွားတတ်၏။ သို့သော် ဒီထက်မက ကြီးမားသော ကိစ္စရပ်တွေ ပေါ်လာပါက နောက်တစ်ဆင့်မှာ ကျရှုံးတတ်၏။

အလုပ်ကို ပြန်သုံးသပ်မှုဟာ မိမိရဲ့ အားသာချက်နဲ့ အားနည်းချက်ကို စိစစ်ခြင်းပါပဲ။ အားနည်းချက်များကို ဖြည့်စွက်ခြင်းဟာ ပိုမိုကောင်းမွန်သော အနေအထားတစ်ခုရောက်အောင် တွန်းပို့လိုက်တာပါပဲ။

တချို့က လုပ်ရဲ့သားနဲ့ မဖြစ်ထွန်းတာ ဘာကြောင့်မှန်း မသိဘူးဟု ထင်လေ့ရှိကြတယ်။ တကယ်တော့ ဒါဟာ မိမိအလုပ်ကို တစ်ဖန်ပြန်ပြီးတော့ မသုံးသပ်ခြင်းကြောင့်ပါ။

မိမိကိုယ်ကို သုံးသပ်တဲ့အလုပ်ဟာ တစ်ဘက်သားရဲ့ အားသာချက်နဲ့ အားနည်းချက်ကို စိစစ်ပြီးသားဖြစ်၏။ တစ်ဘက်သားနဲ့ ယှဉ်ပြိုင်ရတဲ့အခါမျိုးတွေမှာ 'သုံးသပ်ခြင်း'ဟာ မရှိမဖြစ် လိုအပ်လှ၏။

သုံးသပ်တဲ့နေရာမှာလည်း...

(၁) အလုပ်ကို သုံးသပ်ခြင်း၊

(၂) မိမိကိုယ်ကို သုံးသပ်ခြင်း

ဆိုပြီး သုံးသပ်ခြင်း နှစ်မျိုးရှိပါတယ်။ တစ်ခါတစ်ရံ အလုပ်က လိုအပ်ချက် မရှိပေမယ့် မိမိကိုယ်တိုင် လိုအပ်ချက်ရှိနေတာတွေ၊ မိမိကိုယ်တိုင် လိုအပ်ချက် မရှိပေမယ့် အလုပ်မှာ လိုအပ်ချက်ရှိနေတာတွေလည်း ရှိ၏။

လိုအပ်ချက်တွေရှိနေရင်···

လိုအင်ဆန္ဒတွေက ပြည့်ဝမှာ မဟုတ်ပါဘူး။

မိမိရဲ့ လိုအင်ဆန္ဒတွေ ပြည့်ဝစေဖို့ဆိုပါက မိမိကိုယ်ကို ပြန်လည်သုံးသပ်ပါ။

ပြီ

## သူ့ရဲ့ကောင်း

ပညာရှိသည် ကျမ်းဂန်အကိုးအကားမပါဘဲ စကားမပြောသင့်။

အပေါင်းအဖော်မပါဘဲ အရပ်တစ်ပါးကို မသွားသင့်။

သူရဲကောင်းသည် စစ်လက်နက်မပါဘဲ စစ်မြေပြင်သို့ မဝင်သင့်။

ပညာရှိတဲ့သူတွေဟာ စကားပြောဆိုတဲ့အခါမှာ အကြောင်းအကျိုး၊ အကောင်းအဆိုးကို တစ်ဘက်သားက ခွဲခြားပြီး သိရအောင် ကျမ်းဂန်အထောက်အထားတွေနဲ့ ပြောလေ့ရှိပါတယ်။

အကြောင်းအကျိုး မခိုင်လုံရင် မပြောပါဘူး။

အကြောင်းအကျိုး မခိုင်လုံပါဘဲ၊ ကျမ်းဂန်အထောက်အထား မပြည့်စုံဘဲ ပြောတာဟာ အရပ်စကား (တစ်နည်းအားဖြင့်) ပညာမရှိသူတွေရဲ့ စကားပါ။

ဒီလိုပါပဲ…

မိမိမရောက်ဘူးတဲ့ အရပ်ဒေသကို ခရီးသွားတာပဲဖြစ်ဖြစ်၊ အရောင်းအဝယ်ပြုလုပ်တာပဲဖြစ်ဖြစ် တစ်ယောက်တည်း မသွားသင့်ပါဘူး။ အပေါင်းအသင်းများနဲ့ သွားသင့်ပါတယ်။

တစ်ယောက်တည်းသွားတော့ အခက်အခဲများ ကြုံလာတဲ့ အခါမှာ ရင်မဆိုင်ရဲတော့ဘဲ ဘေးအန္တရာယ်တွေ ဝင်လာတတ်ပါတယ်။ အကယ်၍ ရင်ဆိုင်ရဲရင်တောင်မှ အန္တရာယ်တွေကို တစ်ယောက်တည်း မဖြေရှင်းနိုင်ပါဘူး။

သွားဖူးလာဖူး၊ လုပ်ဖူးကိုင်ဖူးသွားရင်တော့ ခရီးအနေအထားကို သိသွားသည့်အတွက် တစ်ယောက်တည်းလည်း သွားလာရဲသွားပါတယ်။

ထို့အတူ…

အောင်မြင်တဲ့ ဘဝတစ်ခုကို ဖန်တီးတည်ဆောက်ရတယ်ဆိုတာ တကယ်တမ်းအားဖြင့်တော့ သူ့ရဲကောင်းတစ်ယောက် စစ်မြေပြင်ကို သွားသလိုပါပဲ။

စစ်လက်နက်မပါဘဲ စစ်မြေပြင်သွားတာဟာ…

မိမိသေတွင်း မိမိတူးတာပါပဲ။

ဒီနေရာမှာ တစ်ခုတော့ မေးစရာရှိလာတယ်။ ဘယ်သူကများ စစ်လက်နက်မပါဘဲ စစ်မြေပြင်ကို ထွက်ပါ့မလဲပေါ့။

ဟုတ်ပါတယ်။ လက်နက်မပါဘဲ ဘယ်သူမှ စစ်မြေပြင်ကို မထွက်ကြပါဘူး။

ဒါပေမယ့်…

စစ်လက်နက် မပြည့်စုံဘဲနဲ့တော့ စစ်မြေပြင်ကို ထွက်သွားတတ်ကြတဲ့သူတွေ ရှိပါတယ်။

သူတို့တွေ အောင်မြင်ကြပါသလား?

တစ်ဘက်ရန်သူအင်အားက နိမ့်ကျရင် ဒဏ်ရာအနာတရ လောက်သာ ရမှာဖြစ်ပေမယ့် တစ်ဘက်ရန်သူက အင်အားကြီးမားရင်တော့ ဒဏ်ရာဒဏ်ချက်တွေက ကြီးမားပါလိမ့်မယ်။

အောင်မြင်တဲ့သူတွေဟာ အရှုံးတွေကြားမှာ သင်ခန်းစာယူပြီး နောက်တစ်ကြိမ် ပြန်ထနိုင်ပေမယ့် မအောင်မြင်သူတချို့ကတော့ ပြန်မထချင်ကြတော့ပေ။

ဒဏ်ရာက ကြီးမားရင်…

နောက်တစ်ကြိမ် ပြန်မတိုက်ရဲတော့ ဘူး။

ဒါကြောင့်…

သူရဲကောင်းဟာ စစ်မြေပြင်ထွက်တဲ့အခါ စစ်လက်နက်ပြည့်စုံစွာဖြင့် ရန်သူကို ရင်ဆိုင်ရသလို အောင်မြင်ချင်တဲ့သူဟာလည်း စိတ်ခံတက်ကြံ့ခိုင်မှုရှိစွာဖြင့် လုပ်ကိုင်ရပါမယ်။

# စေတနာ

မြန်မာလူမျိုး အတော်များများ၌ ‘စေတနာ’ ဆိုတဲ့ စကားလုံး ဟာ အသုံးတွင်ကျယ်သော စကားတစ်လုံး ဖြစ်၏။

“စေတနာသည် လူတိုင်းနှင့် မထိုက်တန်”

“စေတနာကောင်းလျှင် ကံကောင်းမည်”

“စေတနာဆိုးလျှင် ကံဆိုးမည်”

“သူ့စေတနာ သူ့အကျိုးပေး”

စသည်အားဖြင့် ပြောလေ့ရှိကြ၏။ များသောအားဖြင့် စေတနာ ဟူသော စကားကို ‘ကောင်းသောပြုလုပ်ချက်’ ဟု ထင်မှတ်လေ့ရှိကြ၏။ ဒီစကားဟာ မမှန်ကန် မပြည့်စုံပေ။

တကယ်တမ်းအားဖြင့် ‘ ဂနာဆိုတာ ပြုလုပ်အောင် နှိုးဆော်ပေးသောအရာ (တစ်နည်းအားဖြင့်) ပြုလုပ်ခြင်းပါပဲ။

ဘာကို ပြုလုပ်တာလဲဆိုပါက အရာရာကို ပြုလုပ်ခြင်းပါ။ အဲဒီအတွက် ကောင်းတာလည်း ဖြစ်ချင်ဖြစ်မည်၊ မကောင်းတာလည်း ဖြစ်ချင် ဖြစ်ပါလိမ့်မည်။ ပြုလုပ်တဲ့အထဲမှာတော့ စေတနာဟာပါသွားပါတယ်။

အရေးကြီးတာက ဘယ်အရာကိုပဲ ပြုလုပ်ပြုလုပ်၊ စေတနာကောင်းဖြင့် ပြုလုပ်ရပါမည်။ စေတနာကောင်းဖြင့် ပြုလုပ်ရင် ကံကောင်းမှုကို ဖြစ်စေပါတယ်။

ကံဆိုးတယ်ဆိုတာ...

စေတနာ မကောင်းလို့ပါ။

စေတနာက မကောင်းရင် မကောင်းတာတွေကို ပြုလုပ်မိတတ်ပါတယ်။ မကောင်းတဲ့ ပြုလုပ်ချက်တွေဟာ မကောင်းတဲ့ ရလဒ်တွေကိုသာ ဖန်တီးပေးလေ့ရှိပါတယ်။

သို့သော်...

တစ်ခါတလေကျရင် တချို့ကိစ္စတွေမှာ မိမိက စေတနာကောင်းဖြင့် ဘယ်လိုပင်ပြုလုပ်ပါစေ၊ အခြေအနေနှင့် အချိန်အခါ မပေးပါက မိမိရဲ့ စေတနာကောင်းတွေကို တစ်ဘက်သားက နားလည်မှုမရှိတာ၊ နားလည်မှုလွဲသွားတာတွေတော့ ရှိတတ်ကြပါတယ်။

ဘာပဲဖြစ်ဖြစ်...

နောက်မဆုတ်ပါနဲ့။ စိတ်ဓာတ်မကျပါနဲ့။ စေတနာကောင်းဖြင့်ပင် ပြုလုပ်ပါ။ ဘာကြောင့်လည်းဆိုတော့ မိမိရဲ့ လုပ်ဆောင်ချက်တွေဟာ အခြေအနေနှင့် အချိန်အခါ ပေးလာပါက မြန်မြန်ပြီးတော့ အကျိုးပေးပါလိမ့်မယ်။

အရေးကြီးတာက မိမိကိုယ်တိုင် မိမိရဲ့ စေတနာကောင်းတွေကို ရှုပ်သိမ်းလိုက်ပြီဆိုပါက မိမိရဲ့ ဘဝအဆင့်အတန်းဟာလည်း နိမ့်ကျသွားပါပြီ။

စေတနာကောင်းတစ်ခုဆိုတာ ဖန်တီးဆောက်တည်ရတာ ခက်မပေမယ့်လည်း ဖျက်ဆီးချိုးဖောက်ရတာကတော့ လွယ်ကူမှုရှိပါတယ်။

ထိပ်တန်းဘဝဆိုတာ…

အခက်အခဲတွေကြားမှာပဲ တည်ရှိပါတယ်။

အခက်အခဲတွေကို ကျော်ဖြတ်နိုင်ဖို့ ထိပ်တန်းဘဝမှာ ရပ်တည်နိုင်ဖို့ဆိုပါက ဘယ်အရာပဲပြုလုပ်ပြုလုပ် စေတနာကောင်းဖြင့် ပြုလုပ်ဖို့ မမေ့ပါနဲ့။

ကြာရင် အကျင့်ပါသွားလိမ့်မယ်။

ပြီ

# နို့နှင့်ရေ

ကြာရိုးသည် ရေအတိမ်အနက် ပမာဏကို ပြ၏။

ပြောစကားသည် ပညာရှိ၊ မရှိကို ပြ၏။

ရေနှင့် မြက်သည် မြေကောင်း၊ မကောင်းကို ပြ၏။

အသွင်အပြင် အမူအရာသည် အမျိုးယုတ်၊ အမျိုးမြတ်ကို ပြ၏။

ဒီလိုပါပဲ။

မြင်းကောင်း၊ မကောင်းကို လျှင်မြန်ခြင်းဖြင့် သိ၏။

နွားကောင်း၊ မကောင်းကို ဝန်ဆောင်ခြင်းဖြင့် သိ၏။

ဒါဆိုလျှင်…

ထိပ်တန်းရောက်မည့်သူနှင့် ထိပ်တန်းမရောက်မည့်သူကို သူ၏ စိတ်ဓာတ်နှင့် လုပ်ရပ်ဖြင့် သိနိုင်၏။

စိတ်ဓာတ်နှင့် လုပ်ရပ်ဆိုတာ လူတစ်ယောက်တွင် အရေးကြီးသော အချက်ဖြစ်၏။ အရိုးရှင်းသောနည်းဖြင့်ဆိုရလျှင် လူ၌ စိတ်ဓာတ်နှင့် လုပ်ရပ်ကောင်းလျှင် ထိပ်တန်းဘဝသို့ ရောက်နိုင်ပြီး၊ စိတ်ဓာတ်နှင့် လုပ်ရပ်ညံ့ဖျင်းလျှင်တော့ အောက်တန်းဘဝမှာပဲ နေရပါ့မယ်။

သင့်ရဲ့စိတ်ဓာတ် အဆင့်အတန်းကို…

သင့်လုပ်ရပ်က ဖော်ပြပေးနေသလို၊ သင့်ရဲ့ လုပ်ရပ်များကလည်း သင့်ရဲ့ စိတ်ဓာတ်ပါပဲ။

တကယ်တမ်းအားဖြင့် စိတ်ဓာတ်နှင့် လုပ်ရပ်ဆိုတာ ခွဲခြားလို့ မရပေ။ နို့နှင့် ရေ ရောထားသကဲ့သို့ ဖြစ်၏။ တစ်သားတည်းကျနေ၏။

ဆီနှင့် ရေကို ရောပါက ဆီသက်သက် ရေသက်သက်ဖြစ်ပေမယ့်လည်း နို့နှင့် ရေကတော့ ဆီနှင့် ရေကဲ့သို့မဟုတ်ပေ။ မတူခြားနားလှ၏။

လူသည် မကောင်းသောစိတ်၌ ပိုမိုပြီးတော့ မွေ့လျော်လေ့ရှိပါတယ်။ မကောင်းသောစိတ်မှာ မွေ့လျော်တော့ မကောင်းတာတွေကို လုပ်မိတာရှိတယ်၊ ကြာလာတော့ အဲဒီ မကောင်းတဲ့ လုပ်ရပ်များကိုပင် သာယာမိလာပါတယ်။

ဥပမာအားဖြင့် အရက်စွဲခြင်း။

မကောင်းတဲ့ လုပ်ရပ်တွေမှာ စိတ်က သာယာမိသွားရင် ကောင်းတာတွေကိုလုပ်ဖို့၊ ကိုယ့်ဘဝ တိုးတက်အောင်မြင်ဖို့ ထိပ်တန်းရောက်ဖို့ဆိုတာကို အာရုံက မရှိတော့ပေ။

အာရုံဆိုတာ တစ်ခုခုမှာ စွဲငြိရင်…

ရုန်းထွက်ဖို့ ခက်ခဲပါတယ်။

ဒီတော့...

ထိပ်တန်းရောက်ချင်သောသူဆိုတာ မကောင်းတဲ့ အာရုံတွေမှာ မကပ်ငြိစေဖို့၊ မကောင်းတဲ့ လုပ်ရပ်တွေ မဖြစ်ပေါ်စေဖို့ဆိုပါက စိတ်ဓာတ်ကောင်းအောင် ထားရပါမည်။

စိတ်ဓာတ်ကောင်းဆိုတာ ဒီအတိုင်းထားရင် မတည်မြဲပါဘူး၊ မခိုင်မာပါဘူး၊ မကောင်းတဲ့ဘက်ကို ရောက်သွားနိုင်ပါတယ်။

စိတ်ဓာတ်ကောင်းကို လုပ်ရပ်ကောင်းနဲ့ နှစ်မြှုပ်ရတယ်။

လုပ်ရပ်ကောင်းဆိုတာ မိမိဘဝ ထိပ်တန်းရောက်မယ့် အလုပ်ကို ခေါ်တာပါ။ အလုပ်ထဲမှာ စိတ်မြှုပ်ထားတော့ မကောင်းတဲ့ စိတ်ဓာတ်တွေ ဝင်မလာအောင် ကာကွယ်လိုက်သလို ကောင်းတာတွေကို ပိုမိုပြုလုပ်စေဖို့ တွန်းပို့လိုက်ခြင်းပါပဲ။

၉

## ဝါဂွမ်း

လောကမှာ ဝါဂွမ်းလေးတွေဟာ ပေါ့တယ်။ ဒါပေမယ့် ဝါဂွမ်းတွေထက်စာရင် တည်ငြိမ်မှုမရှိသူက ပိုပြီးတော့ ပေါ့တယ်။

ဒီထက်ပေါ့တာကတော့ ပညာရှိတဲ့ လူကြီးလူကောင်း၊ ဆရာသမားကောင်းတွေက ပြောဆိုဆုံးမမှုကို မလိုက်နာတဲ့သူက ပိုပြီးတော့ ပေါ့ပါတယ်။

အပေါ့ဆုံးလူကတော့ မကောင်းမှုပြုသူပါပဲ။

လူ့ပတ်ဝန်းကျင်မှာ လူတစ်ယောက် အလုပ်လုပ်တဲ့အခါ အကောင်းဆုံးဖြစ်အောင် မလုပ်ရင် အဲဒီလူကို 'ပေါ့ပျက်ပျက်လူ'ဟု ပြောလေ့ရှိ၏။

ပေါ့ပျက်တဲ့သူဆိုတာ…

ကတိ မတည်ဘူး။

မသေသပ်ဘူး။

ဇွဲ မရှိဘူး။

အားထုတ်မှု မရှိဘူး။

စသည်အားဖြင့် ပြောဆိုလေ့ရှိကြ၏။ အဲဒီလိုလူမျိုးကိုလည်း လူအများက မလေးစားကြပါဘူး။

ဘာကြောင့်လည်းဆိုပါက ဘယ်အရာကိုမှ အလေးအနက် မထားလို့ပါပဲ။ ဘယ်အရာကိုမှ အလေးအနက် မထားသူထံကို လေးနက်သော မည်သည့်အောင်မြင်မှုမျိုးမှလည်း ရောက်မလာပေ။

ထိုက်တန်တဲ့ လုပ်ရပ်မရှိရင်...

ထိုက်တန်တဲ့ ရလဒ်လည်း မရှိပါဘူး။

ထိပ်တန်းရောက်ဖို့ဆိုပါက ထိုက်တန်သော လုပ်ရပ်ရှိရပါမည်။ ဒီအတွက် မိမိအလုပ်ကို လေးလေးနက်နက် ပြုလုပ်နိုင်ရပါမည်။ မပေါ့ရပါဘူး။

လေးနက်တဲ့သူဖြစ်ဖို့ဆိုတာ...

တည်ငြိမ်မှုရှိပြီး ပညာရှိ၊ လူကြီးလူကောင်း၊ ဆရာသမား ကောင်းတွေရဲ့ စကားကို နားထောင်ကာ မိမိဘဝအတွက် ကောင်းတာ များကို ပြုလုပ်နိုင်စွမ်းရှိသူပါ။

လေးနက်တဲ့သူဟာ...

ဘယ်အရာကိုပဲ ပြုလုပ်ပြုလုပ် ရိုးသားခြင်း၊ တည်ကြည်ခြင်း၊ ထင်သာမြင်သာရှိခြင်းတို့ဖြင့် မိမိအလုပ်ကို အကောင်းဆုံး လုပ်ဆောင်၏။

မလေးနက်တဲ့သူတွေကတော့ ကောက်ကျစ်ခြင်း၊ ပျာယာခတ် ခြင်း၊ ပွင့်လင်းမှုမရှိခြင်းတို့ဖြင့် လုပ်၏။

လေးနက်မှုဟာ ရိုးသားခြင်း၊ ကြိုးစားခြင်းကို အခြေခံပြီး မိမိဘဝကို မြင့်တင်၏။

မိမိက မိမိကိုယ်ကို အလေးအနက်ထားသလောက်…

မိမိဘဝဟာလည်း မြင့်တက်သွား၏။

ဒီနေရာမှာ တစ်ခု သတိထားရမှာက ဘဝမြင့်တာနှင့် ဘဝင်မြင့်တာ မတူပေ။

ဘဝမြင့်တာဟာ လေးနက်မှုရှိပြီး၊

ဘဝင်မြင့်တာကတော့ ပေါ့ပျက်၏။

ထိပ်တန်းဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရှိစေဖို့ဆိုပါက မိမိအလုပ်ကို လေးလေးနက်နက်လုပ်ပါ။

ဝါဂွမ်းတွေလို မပေါ့စေနဲ့။

## ဖြတ်လမ်း

သတင်းစာဆရာကြီး ဝေါလ်တာခရွန်းကိုက်ဆိုတာ Wire Service သတင်းထောက်ဘဝဖြင့် ထူးကဲသော လုပ်ငန်းကို စတင်ခဲ့သော ရှေ့ဆောင်လမ်းပြ အသံလွှင့်သမားတစ်ဦး။

၁၉၅၀ ပြည့်နှစ်တွင် ရုပ်သံဌာန သတင်းထောက်အဖြစ် CBS တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ကာ ၁၉၆၂ ခုနှစ်တွင် CBS Evening News တွင် တွေ့ဆုံမေးမြန်းခန်း တင်ဆက်သူအဖြစ် တာဝန်ပေးခံရတယ်။

၁၉၆၃ ခုနှစ်တွင် ရုပ်သံကွန်ရက်ကြီးတွင် ပထမဆုံး သုံးဆယ့်ငါးမိနစ်ကြာမျှ သတင်းကြေညာမှုကို ထုတ်လွှင့်ခဲ့၏။

ခရွန်းကိုက်သည် သူ့ခေတ်၏ အဓိကအချက်အချာကျလှသော သမ္မတ ကနေဒီ လုပ်ကြံခံရမှုသတင်း၊ အမေရိကန် လူမည်းများ၏

ပြည်သူများ ရပိုင်ခွင့်ရရှိရေး ချီတက်ပွဲသတင်း၊ ဗီယက်နမ်စစ်ပွဲသတင်း၊ အပိုလို အာကာသယာဉ် လပေါ်ဆင်းသက်မှုသတင်းနှင့် ဝါးတားဂိတ် အရှုပ်တော်ပုံတသင်းများကို အသံလွှင့်ခဲ့သူ။

ခရွန်းကိုက်သည် ၁၉၈၁ ခုနှစ်တွင် CBS Nwes သတင်း တင်ဆက်ရေးတာဝန်ခံအဖြစ်မှ နုတ်ထွက်ခဲ့၏။ သတင်းစာနှင့် ရုပ်သံ လောကတွင် အမြင့်မားဆုံး ဆုတံဆိပ်တွေ ချီးမြှင့်ခံခဲ့ရတယ်။

ချုပ်ပြောရသော် သတင်းစာလောကမှာ အောင်မြင်တဲ့ လူ တစ်ယောက်ဖြစ်တယ်။ သူက…

"အကောင်းတကာ့ အကောင်းဆုံးဖြစ်လာအောင်လုပ်ရေးတွင် ဖြတ်လမ်းများ မရှိ" တဲ့။

လူဟာ မည်သည့်လုပ်ငန်းတာဝန်များကို လုပ်ဆောင်သည်ဖြစ်စေ ထိုလုပ်ငန်းများ စင်းလုံးချော ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ဖို့ ဖြတ်လမ်း နည်းမရှိဟု ဆိုပါတယ်။

စစ်မှန်သော အောင်မြင်မှုကို…

ဖြတ်လမ်းနည်းနှင့် တည်ဆောက်၍ မရပေ။

တကယ်တော့ ဖြတ်လမ်းနည်းဆိုတာဟာ လမ်းလွဲကို လိုက်ခြင်း ပါပဲ။ လမ်းလွဲကို လိုက်နေတဲ့သူအဖို့ လမ်းမှန်ကို ရောက်ရှိဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပေ။

နည်းအမှားဟာ…

လမ်းမှားကိုပဲ ရောက်ပါတယ်။

ထိပ်တန်းနေရာကို ရောက်ဖို့ဆိုတာ နည်းမှန်လမ်းမှန်ဖြင့် မိမိ အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်နိုင်ပါမှ ရရှိနိုင်ပါတယ်။

တကယ်တမ်းအားဖြင့် ဖြတ်လမ်းနည်းဟုဆိုသော လမ်းမှားဟာ အတွေးအခေါ်အမှား၊ အယူအဆအမှား၊ ပြုမူချက် အမှားများက တစ်ဆင့် ဖြစ်ပေါ်သွားတဲ့ အရာပါ။

အမှားထဲမှာ ပျော်နေရင်…

အမှန်ကို မမြင်တော့ပေ။

အမှန်ကို မမြင်တဲ့ သူတစ်ယောက်အနေဖြင့် အလုပ်ကို အကောင်းဆုံးလုပ်ဆောင်၍ မရပေ။

ထိပ်တန်းဘဝဆိုတာ…

အကောင်းဆုံး လုပ်ဆောင်သူများအတွက် သီးသန့်ဖန်တီးထားသော နေရာပါပဲ။

ပြီ

## ဝီရိယနှင့် လမ်းမှန်

မြင့်မြတ်ကြီးကျယ်သော ဝီရိယ မရှိဘဲ…

ကြီးကျယ်ခမ်းနားသော ဘဝကို မပိုင်ဆိုင်နိုင်။

အလုပ်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ စိတ်ပါဝင်စားတဲ့အခါ လုပ်ပြီး၊ စိတ်ပါဝင်စားမှုမရှိတဲ့အခါ မလုပ်ခြင်းဟာ ဝီရိယမရှိလို့ပင် ဖြစ်၏။

ဝီရိယ ဟူသည်…

မိမိရည်ရွယ်ထားသော လုပ်ငန်းကို ရှုးရှုးနင့်နင့် ပြီးမြောက်အောင် ဆောင်ရွက်ခြင်းဖြစ်တယ်။

ဒီအတွက် လေ့ကျင့်ရမည့် အရာများဖြစ်ပါက အကြိမ်ပေါင်းများစွာ လေ့ကျင့်ရမှာဖြစ်သလို ကြိုးစားသင့်သည်များကို အထပ်ထပ်ကြိုးစားရပါမည်။

"အကြိမ်တစ်ရာ ကြိုးစားရမှာကို မကြောက်ပါနှင့်၊
အကြိမ်တစ်ရာ မကြိုးစားဖြစ်မှာကိုပဲ ကြောက်ပါ"

ဟူသော စကားသည် ဝီရိယသမားတို့အတွက်ဖြစ်၏။ ဝီရိယသမားသည် ပျင်းရိခြင်းနှင့် အဆက်အစပ် မရှိပေ။

လောကနီတိ၌ 'ပျင်းရိသောသူသည် အတတ်ပညာ မရနိုင်၊ အတတ်ပညာ မရှိသောသူထံကိုလည်း ပစ္စည်းဥစ္စာ တည်းဟူသော အောင်မြင်မှု မရှိ၊ အောင်မြင်မှု မရှိသူထံကို မိတ်ဆွေကောင်းသည် မကပ်နိုင်၊ မိတ်ဆွေကောင်း မရှိသူထံကိုလည်း ချမ်းသာသုခများ မရ' ဟု ဆိုထား၏။

ဒီတော့…

ပျင်းရိမှု ရှိနေသူထံကို…

မည်သည့်ချမ်းသာခြင်းမျိုးမှ မကပ်ပါဘူး။

ဝီရိယသမားတွေထံသို့သာ ချမ်းသာသုခတွေ ကပ်ငြိပါတယ်။ ကမ္ဘာကျော် စက်မှုသိပ္ပံ တီထွင်သူ အပ်ဒီဆင်ဟာ ဝီရိယကြောင့် ထိပ်တန်းရောက်ခဲ့ခြင်းဖြစ်တယ်။ သူ၏စကားက သက်သေခံ၏။ သူက…

အောင်မြင်မှုဆိုတာဟာ ဉာဏ်ပညာ တစ်ကျပ်သားအပေါ်မှာ ဝီရိယ ၉၉ ကျပ်သားဖြင့် ပေါင်းစပ်ခြင်းဖြစ်သည်ဟု ဆိုထားခဲ့၏။

ဒါဆိုလျှင်…

ဝီရိယသည် နေရာတိုင်းထားရမှာလား?

ဝီရိယကို နေရာတိုင်း၌ ထား၍မဖြစ်ပေ။

ဥပမာအားဖြင့်…

မကောင်းတာတစ်ခုကို ဝီရိယထား၍ ပြုလုပ်ပါက ဝီရိယထားလျှင် ထားသည့်အလျောက် ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နိုင်၏။

ဒီအချက်ကို လေ့လာပါက ဝီရိယသည် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်ပါသော်လည်း နည်းမှား၊ လမ်းမှားတွေမှာ မသုံးမပြုမိဖို့တော့ အထူးလိုအပ်လှ၏။

ဒါကြောင့်…

မိမိရဲ့ လုပ်ငန်းများကို ဆောင်ရွက်သည့်အခါ တကယ်ကော နည်းမှန်လမ်းမှန် ဖြစ်ရဲ့လားဆိုတာကို စိစစ်ရပါမည်။

လုပ်ငန်းကိစ္စတစ်ခုဟာ မှားသည်၊ မှန်သည်ကိုတော့ မိမိ၏ အသိဉာဏ်ဖြင့်သာ ဝေဖန်ပိုင်းခြားရပါမည်။

နည်းလမ်းမှန်ရင်တော့…

ဝီရိယရှိဖို့ မမေ့ပါနှင့်။

## သင့်ကြောင့် အများမထိခိုက်ပါစေနဲ့

"ခေါင်းဆောင်ဆိုတာ ဘယ်လိုလူမျိုးလဲ"

လူအများကို စီမံအုပ်ချုပ် ညွှန်ကြားသူ၊ လူ့အသိုင်းအဝိုင်းကြားမှာ သူတစ်ပါးထက် ခေါင်းတစ်လုံးပိုသာသူ၊ လူ့အဖွဲ့အစည်းရဲ့ခေါင်းဆောင်စသော အုပ်ချုပ်သူများကို ခေါင်းဆောင်ဟု သာမန်အားဖြင့် သတ်မှတ်ရပါမည်။

လူအများကို အုပ်ချုပ်နေရတာဖြစ်သည့်အတွက် သူတို့အတွက်တော့ စည်းမျဉ်း စည်းကမ်းတွေဆိုတာ မရှိနိုင်ဘူးလား။

စည်းကမ်းဆိုတာ အုပ်ချုပ်သူလူတန်းစားကော၊ အုပ်ချုပ်ခံလူတန်းစားများမှာပါ လိုက်နာရမည့် အချက်များရှိ၏။

တစ်ခုရှိတာက...

စည်းကမ်းများကို လိုက်နာတဲ့အခါ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံမည့်သူက ပို၍ အရေးကြီးပြီး၊ ဘယ်သူက ပိုမိုပြီးတော့ လိုက်နာသင့်ပါသနည်း။

သဘာဝအတိုင်း ရိုးစင်းစွာ တွေးကြည့်ပါက နှစ်ဦးနှစ်ဘက်စလုံး အရေးကြီးသည်ဟုပင် ပြောရပါမည်။

သို့သော်…

အုပ်ချုပ်သူ လူသားတစ်ယောက် အကျင့်ပျက်ပြီး စည်းကမ်းဖောက်တာနှင့် အုပ်ချုပ်ခံ လူသားတစ်ယောက် အကျင့်ပျက်၊ စည်းကမ်းဖောက်တဲ့အခါ ထိခိုက်နစ်နာမှုချင်း တူပါသလား?

(… … … … …)

တစ်ခုတော့ရှိသည်။ အုပ်ချုပ်ခံ လူတန်းစားအားလုံး စည်းကမ်းဖောက်ရင်တော့ တစ်မျိုးပေါ့။

ဒီလိုမဟုတ်ဘဲ အုပ်ချုပ်သူတွေက စည်းကမ်းမလိုက်နာတာများနေရင်တော့…။ လက်အောက်ခံ ငယ်သားတွေရဲ့ ဘဝတွေဟာ ပိုမိုပြီးတော့ ထိခိုက်နစ်နာနိုင်ပါတယ်။

ဒီတော့…

အောက်မှာဖော်ပြမည့် စည်းကမ်း (၁၀)ချက်ဟာ အုပ်ချုပ်သူခေါင်းဆောင်တွေ ကျင့်ရမည့် ကျင့်စဉ်တွေပါ။ အဲဒါတွေကတော့…

(၁) ပေးကမ်းရမည်။
(၂) ကိုယ်ကျင့်တရား ကောင်းရမည်။
(၃) အောက်လက်ငယ်သားတွေကို အစားအသောက် ရိက္ခာပေးရမည်။

(၄) စိတ်ဓာတ်ဖြောင့်မတ်ရမည်။
(၅) ကိုယ် နှုတ် စိတ် နူးညံ့ရမည်။
(၆) သီလ ရှိရမည်။
(၇) ဒေါသမကြီးရဘူး။
(၈) မနှိပ်စက်ရဘူး။
(၉) သည်းခံရမည်။
(၁၀) အများနှင့် မဆန့်ကျင်ရ။

ဒီဆယ်ချက်ဟာ ခေါင်းဆောင်ကောင်းတွေ ကျင့်ရမည့် စည်းကမ်းများပဲ။

သင်နှင့် မဆိုင်ဘူးလို့ မထင်ပါနဲ့။

သင်က ခေါင်းဆောင်ဖြစ်ချင်တယ်ဆိုရင်ပေါ့။

ဂ

## ဖယောင်းတိုင်

"မှောင်မိုက်နေခြင်းအတွက် ဆဲဆိုကြိမ်းမောင်းခြင်း ပြုမနေပါနှင့်။ ဖယောင်းတိုင်ကလေးတစ်တိုင် ထွန်းညှိပေးလိုက်ခြင်းက ပိုကောင်းပါတယ်"

(အန်တွန်ရှပတ်)

လူအများကို ဦးဆောင်လုပ်ကိုင်ရာမှာပဲဖြစ်ဖြစ်၊ မိမိတစ်ဦးတစ်ယောက်ချင်း၏ ကိစ္စမှာပဲဖြစ်ဖြစ် တစ်ခါတလေကျရင် ဘေးကျပ်နံကျပ် အခက်အခဲတွေ ရှိတတ်ပါတယ်။

ပြဿနာတစ်ခု ဖြစ်လာပြီဆိုတာနဲ့ လူဟာ များသောအားဖြင့် တွေဝေခြင်းနှင့် ရှောင်ပြေးခြင်း၊ ဒါမှမဟုတ် မိုက်ရူးရဲဆန့်စွာ မစဉ်းစားမဆင်ခြင်ဘဲ တုံ့ပြန်ခြင်းများဖြင့် ရင်ဆိုင်လေ့ရှိပါတယ်။

ဒါဟာ ပြဿနာတစ်ခုကို အကောင်းမွန်ဆုံးဖြေရှင်းနည်း မဟုတ်သလို နည်းမှန်လမ်းမှန် ထွက်ပေါက်ရှာခြင်းလည်း မမည်ပေ။

ပြဿနာဖြစ်ပြီဆိုတာနဲ့ ပြဿနာတိုင်းမှာ ထွက်ပေါက်ဆိုတာ ရှိပါတယ်။ ပြဿနာကို ပြေလည်အောင် ဖြေရှင်းသည့် အကောင်းဆုံး နည်းလမ်းဆိုတာ ရှိပါတယ်။

ဒါပေမယ့်…

ပြဿနာတစ်ခုကို အကောင်းဆုံး ဖြေရှင်းဖို့ဆိုတာဟာလည်း ပြဿနာဖြစ်ခြင်း အကြောင်းရင်းကို ခေါင်းအေးအေးဖြင့် စဉ်းစားမှ တွေ့နိုင်သလို တချို့ပြဿနာတွေရဲ့ အဖြေကိုတော့ မိမိကိုယ်တိုင်က မတွေ့နိုင်ပါဘူး။ မိတ်ဆွေကောင်းတွေထံက ထွက်နိုင်ပါတယ်။

ဒီတော့…

ပြဿနာဖြစ်ပြီဆိုပါက မိတ်ဆွေ အပေါင်းအသင်းများကို တိုင်ပင်ရပါမည်။ တိုင်ပင်သည့်အခါမှာလည်း လူတိုင်းကို မိမိပြဿနာ ပြောပြရမည် မဟုတ်။

မိမိအကျိုးကို လိုလားသော၊ အသိဉာဏ်ရှိသော မိတ်ဆွေများကိုသာ ဖွင့်ဟတိုင်ပင်ရမှာ ဖြစ်ပါတယ်။

မိမိအကျိုးလိုလားဟန်ဆောင်သော မိတ်ဆွေများသည်…

ရန်သူထက် ကြောက်စရာကောင်း၏။

ထိုသူများကို ဖွင့်ဟတိုင်ပင်မိပါက မိမိအတွက် ဝိုဝိုပြီးတော့ နစ်နာဆုံးရှုံးမှုတွေ ဖြစ်စေနိုင်ပါတယ်။ ဒါဟာ အရေးကြီးသော အချက်တစ်ခုလည်း ဖြစ်ပါတယ်။

ရန်သူဆိုတာ ရန်သူပီသရင် ကြောက်စရာ သိပ်မကောင်းပါဘူး။ မိတ်ဆွေယောင် ဆောင်ထားရင်တော့ ကြောက်စရာ ပိုမိုပြီးတော့ ကောင်းသွားလို့ပါပဲ။

ဘာကြောင့်လည်းဆိုပါက အဲဒီလို ရန်သူများဟာ မိမိကို အနီးကပ် ဖျက်ဆီးနိုင်လို့ပါပဲ။

ပြဿနာဖြစ်တိုင်း သိထားရမှာ တစ်ချက်ရှိ၏။

အဲဒါကတော့...

သေးကျုပ်နံကျုပ်ကိစ္စတိုင်း၊ ပူပင်ကြောက်ရွံ့မှုတိုင်း၊ ပြဿနာတိုင်း၏ အခြားတစ်ဘက်တွင် အခွင့်အလမ်းကိုယ်စီ ရှိနေတတ်လို့ပါပဲ။

## အလုပ်ထဲမှာ ပျော်ပါ

မြန်မာစကားပုံ၌ 'ပျော်ပျော်နေ သေခဲ' ဟူသော စကားပုံတစ်ခု ရှိ၏။

ပျော်ရွှင်မှုဟူသည် လူတိုင်း လိုလားတောင့်တသော အရာတစ်ခု ဖြစ်၏။ သို့သော် လူတိုင်းကတော့ ပျော်ရွှင်မှုကို မပိုင်ဆိုင်နိုင်ပေ။

ဘာကြောင့် လူတွေ မပျော်တာလဲ?

ပျော်ရွှင်ခြင်းကို မနှစ်သက်လို့လား၊ ဒါမှမဟုတ် ပျော်ရွှင်စရာ မကောင်းလောက်အောင် ဖိစီးစရာကိစ္စရပ်တွေက ဖုံးလွှမ်းနေလို့လား?

ဘယ်လိုနေရင် ပျော်မလဲ?

အထက်ပါ မေးခွန်းတွေရဲ့ အဖြေကို ဖြေဆိုဖို့ 'ဘာနဲ့ပျော်မှာလဲ' ဆိုတဲ့ မေးခွန်းကသာ ပိုမိုပြီးတော့ အသက်ဝင်ပါတယ်။

လူသည် ထိပ်တန်းကို ရောက်ချင်ကြ၏။

ထိပ်တန်းရောက်ချင်သူသည် အမြဲတမ်း အလုပ်ကို လုပ်နေရ၏။ ဒီတော့ အလုပ်နဲ့ ပျော်ရွှင်ခြင်းသည်သာ အကောင်းမွန်ဆုံး၊ အမှန်ကန်ဆုံး ပျော်ရွှင်ခြင်းဖြစ်၏။

သို့သော်…

အလုပ် လုပ်ပါတယ်ဆိုကာမှ ဘယ်လိုလုပ်ပြီး ပျော်ရွှင်စရာရှိမှာလဲဟူသော ပြောစရာစကားရှိ၏။ အလုပ်သည် ပျော်စရာမကောင်းဟု ထင်မြင်လေ့ရှိကြ၏။

ဒါဆိုလျှင်…

ဟာသကားတွေကြည့်ပြီး ပျော်ရမှာလား၊ ဒါဟာ အနိမ့်စား ပျော်ရွှင်မှုဖြစ်၏။ တကယ့်ပျော်ရွှင်မှု မဟုတ်ပေ။ တကယ့်ပျော်ရွှင်မှုကို အလုပ်ထဲမှာ ရှာရ၏။

ဘယ်လိုရှာရမလဲ?

မိမိအလုပ်ကို ပိုပြီးကောင်းအောင်လုပ်၊ တက်ကြွရွှင်လန်းစွာဖြင့် လုပ်၊ အဲဒီလိုလုပ်တဲ့အခါ အလုပ်က အဆင်ပြေလေ မိမိက ပျော်ရင်လေပါပဲ။

ပျော်ရွှင်မှုဆိုတာ…

စိတ်ရဲ့ ကျေနပ်မှုကို ပေးစွမ်းနိုင်၏။

တစ်ခုတော့ရှိတယ်၊ စိတ်ကျေနပ်မှုဟာ မကောင်းတာကိုပြုလုပ်တဲ့အခါမှာလည်း ရှိပါတယ်။ အဲဒီ ပျော်ရွှင်မှုကတော့ မိမိကို ဖျက်ဆီးမယ့် ပျော်ရွှင်မှုပါ။ အဲဒီလို ပျော်ရွှင်မှုများကို မနှစ်သက်ပါနဲ့။ သွားမပါနဲ့။ စပြီးရင် မဆုံးတော့ပါဘူး။

အလုပ်ထဲမှာသာ ပျော်ပါ။

အလုပ်ထဲမှာ ပျော်ရွှင်မှုကိုရှာတဲ့အခါ အခက်အခဲများတွေ့ရင် ပျော်ရွှင်နိုင်ပါ့မလား။

ဘယ်လိုမှ မပျော်ရွှင်နိုင်ပေ။

သို့သော်...

အခက်အခဲတစ်ခုကို ကျော်ဖြတ်နိုင်လို့ ပျော်ရွှင်ရတဲ့ ကြည်နူးမှုကတော့ သာမန်ထက် ပိုမိုပြီးတော့ ချိုမြိန်ပါတယ်။

ချိုမြိန်သော ပျော်ရွှင်ကြည်နူးမှု အများကြီး ပိုင်ဆိုင်ဖို့ဆိုပါက အလုပ်ထဲမှာ ရှာပါ။

ပြီ

## ဗာန်ပြုန်သက်ခရက်ဖွ

'အခွင့်အရေးများသည် ဘယ်ကလာပါသလဲ'

သာမန်အားဖြင့်ကြည့်ပါက မိမိအတွက် အကောင်းဆုံး အခွင့်အရေးများသည် သူတစ်ပါးတို့ထံကပင် လာသည်ဟု ပြောဆိုရပါမည်။

ဟုတ်တယ်လေ။

အခွင့်အရေးဆိုတာ သူတစ်ပါးကပေးမှ ရတာကိုး။

သို့သော်...

အလေးအနက်တွေးကြည့်ပါက အခွင့်အရေးများသည် သူတစ်ပါးထံက လာခြင်းမဟုတ်ပေ။

မိမိထံက ထွက်သွားသော မိမိရဲ့လုပ်ဆောင် ချက်၊ ပြုမူနေထိုင်တတ်ခြင်းများကြောင့် လာခြင်းဖြစ်၏။

တစ်နည်းဆိုရပါက မိမိ၏ အကောင်းမွန်ဆုံး စိတ်ဓာတ်နှင့် အကောင်းမွန်ဆုံး လုပ်ဆောင်ချက်များကြောင့် အခွင့်အရေးတွေဟာ ရောက်လာတာပါ။

ဒီတော့…

မိမိမှာ စိတ်ဓာတ်ကောင်းနှင့် လုပ်ရပ်ကောင်း မရှိပါက အခွင့်အရေးဆိုတာဟာလည်း ရလာ၊ ရောက်လာမှာ မဟုတ်ပေ။

ဆိုရပါက…

မိမိသည်သာ မိမိရဲ့ အခွင့်အရေးများကို ဖန်တီးနိုင်သူ။ မိမိသည်သာ မိမိရဲ့ အခွင့်အရေးများကို ရှာဖွေနိုင်သူဆိုတာ သေချာစေ၏။

ဒီနေရာမှာ တစ်ခုပြောစရာရှိသည်။

တချို့ အခွင့်အရေးတွေရရှိစေဖို့ မိမိမှာလည်း ကြီးကျယ်လောက်သော လုပ်ငန်းဆောင်ရွက်ချက် မရှိပေ။ ဒါပေမယ့် အခွင့်အရေးတွေ ဝင်လာဖို့ဆိုတာ ဘယ်လိုလုပ်ရမလဲ။

လုပ်ငန်းတစ်ခုဟူသည် ကြီးမားသည်ဖြစ်စေ၊ သေးငယ်သည်ဖြစ်စေ၊ မိမိဘက်ကသာ အကောင်းဆုံးစိတ်ထားနှင့် ပြုလုပ်ပေးပါ။ အခွင့်အရေးကောင်းတွေဟာလည်း ဝင်လာပါလိမ့်မယ်။

မိမိအနေဖြင့်သာ သေးငယ်သော ကိစ္စဖြစ်လို့ လျှော့ပြီးလုပ်တာ၊ ကြီးမားလို့ ဂရုစိုက်လုပ်တာမျိုး မဖြစ်ပါစေနှင့်။ ဘယ်သူကမှ အခွင့်အရေးကိုင်ပြီး မွေးဖွားလာကြတာ မဟုတ်ပေ။

မိမိကသာ အကောင်းဆုံးလုပ်။

စောင့်ကြည့်နေသူက မိမိကို ထိုက်တန်သော အခွင့်အရေးတွေ တစ်ခုပြီးတစ်ခု၊ တစ်ဆင့်ပြီးတစ်ဆင့် ပေးသွားပါလိမ့်မည်။

ကိုယ်ပိုင်အရင်းအနှီးမရှိသူဟာ…

လုပ်ပိုင်ခွင့်ရှိတဲ့နေရာကသာ အသေသပ်ဆုံး၊ အကောင်းမွန်ဆုံး၊ အရိုးသားဆုံး၊ အကြိုးစားဆုံး၊ အဆန်းသစ်ဆုံး လုပ်လိုက်ပါ။ အရင်းအနှီးတွေ ဝင်ရောက်လာပါလိမ့်မယ်။

## သမိုင်းကောင်း

အောင်မြင်မှုသည် အောင်မြင်အောင် လုပ်ဆောင်ရတာဟာလည်း ခက်ခဲသလို၊ ရရှိလာသော အောင်မြင်မှုများကို တည်တံ့နိုင်မြဲအောင် စောင့်ရှောက်ရတာလည်း ပိုမိုခက်ခဲ၏။

အထက်ပါစကားသည် အောင်မြင်ပြီးသူတို့ ပြောလေ့ရှိသော စကားဖြစ်၏။

တချို့က အောင်မြင်မှု မရခင်ကာလမှာ အစွမ်းကုန် ကြိုးစားအားထုတ်တတ်ကြပေမယ့် အောင်မြင်သွားကြတဲ့အခါမှာတော့ ကြိုးစားမှုကို လျှော့လိုက်တယ်။

တချို့က အောင်မြင်တဲ့ဒဏ်ကို မခံနိုင်ကြဘူး။

အောင်မြင်မှုရရှိလာသောဘဝနှင့် မအောင်မြင်ခင်က ရှိနေခဲ့သော ဘဝအနေအထားသည် မတူညီ၊ အောင်မြင်လာတော့ မိမိကို

ချီးမွမ်းသူများ၊ မိမိအနားမှာ ရှိနေသည့် အခြေအရံများ၊ တိုးပွားလာသည့် မိတ်ဆွေများကြောင့် ဘဝင်မြင့်သွားတတ်ကြပါတယ်။

မိမိကိုယ်ကို စိတ်ကြီးဝင်တတ်လေ့ရှိပါတယ်။ အဲဒီအခါမှာ အပျော်အပါးများကို ပိုမို၍ လုပ်မိလေ့ရှိကာ လုပ်ငန်းနှင့်ပတ်သက်ပြီး အားစိုက်မှုတွေ လျော့နည်းသွားပါတယ်။

အောင်မြင်တဲ့ ဘဝဆိုတော့ လုပ်တိုင်းဖြစ်နေသလို မိတ်ဆွေတုများ၏ ဟန်ဆောင်စကားတွေအပေါ်မှာ သာယာမိကာ ဘယ်အချိန်ထလုပ် ထလုပ် ဖြစ်ပါတယ်၊ မလုပ်သေးလို့ပါဟုဆိုကာ တိတိကျကျမလုပ်ဖြစ်တော့ပေ။

အောင်မြင်တဲ့အချိန်ကလေးကရှိနေတော့ မိမိရဲ့ ကျဆင်းလာမှုကို သတိမပြုနိုင်ပေ။

ဒီထက်ဆိုးဝါးတာက နိမ့်ကျသွားပြီဆိုရင် နောက်တစ်ကြိမ်ပြန်မထဖြစ်တော့ပေ။ ဘာကြောင့်လည်းဆိုပါက စရိုက်ဆိုးများက ကျန်နေခဲ့လို့ပါ။ အဲဒါကိုပင် အထည်ကြီးပျက်ဟု ခေါ်၏။

အထည်ကြီးပျက်တွေဟာ ယခင်က အရှိန်အဝါကြားမှာ နစ်မောရင်း ကိုယ့်ရဲ့ ကျဆုံးနေသော လက်ရှိ သဘာဝဖြစ်ပျက်မှု အမှန်တရားကို မျက်ကွယ်ပြုလေ့ရှိပါတယ်။

အောင်မြင်မှု ပျက်စီးတာဟာ ချမ်းသာတဲ့ဒဏ်ကို မခံနိုင်လို့၊ တစ်နည်းအားဖြင့် လောကစံတရားကို လောကခံဟု မမြင်ခြင်းကြောင့် ဖြစ်တာပါ။

ဒီတော့…

အောင်မြင်မှုကို ထိန်းသိမ်းရခက်ခြင်းဆိုတာ အောင်မြင်မှုကို ထိန်းသိမ်းရမှန်း မသိလို့၊ အောင်မြင်မှုမှာ ယစ်မူးလို့ မိမိကိုယ်ကို သတိမထားမိခြင်းကြောင့် ဖြစ်၏။

လူဟာ အောင်မြင်အောင် တည်ဆောက်စဉ်ကာလတွေဟာ ကြိုးစားမှုနှင့် သတိအားကောင်းပေမယ့် အောင်မြင်သွားရင် ကြိုးစားမှုနှင့် သတိဟာ လျော့သွားပါတယ်။

တကယ့်ထိပ်တန်းရောက်နေသူတွေကတော့ အောင်မြင်မှုကို သေတဲ့အထိ ထိန်းသိမ်းသွားပါတယ်။

ဒါကြောင့်လည်း သူတို့ကို လူသေပေမယ့် နာမည်မသေသူလို့ သမိုင်းကောင်း ကျန်ခဲ့ကြတာပေါ့။

ဒါကြောင့်…

သမိုင်းကောင်းကျန်ရစ်ဖို့ ထိပ်တန်းရောက်အောင် ကြိုးစားပါ။

ထိပ်တန်းမှာပဲ ရပ်တည်နေပါ။

အောက်ကို မကျပါစေနှင့်။

## ဓား

ဓားသွေးတယ်ဆိုတာ…
ကျောက်တုံးပေါ် သွေးရတာ။
ကတ္တီပါပေါ်သွေးလို့ ထက်လာမှာ မဟုတ်ဘူး။
စိန်ခေါ်တာကို လက်ခံနိုင်မှ အောင်မြင်တာ။
အောင်မြင်ချင်တယ်ဆိုရင် တိုက်ပွဲရှိရတယ်။

(အောင်သင်း)

မြန်မာအများစု ပြောလေ့ရှိတဲ့ "ဘဝဆိုတာ တိုက်ပွဲ" ဆိုတဲ့ စကားဟာ တကယ်တမ်းအားဖြင့်တော့ အောင်မြင်မှုကိုလိုလားတဲ့သူများကို ကြုံတွေ့ရမည့်၊ ကျော်ဖြတ်ရမည့်၊ အခြေအနေတစ်ခုကို အတိုချုပ်က ပြောဆိုခြင်းပါပဲ။

စိန်ခေါ်မှုကို လက်မခံတဲ့သူ၊
အခက်အခဲကို ရင်မဆိုင်ရဲသူ၊
အတားအဆီးကို ကြောက်သူ၊
ပြဿနာကို မဖြေရှင်းချင်သူ…
ဒီလိုလူမျိုးတွေအတွက် အောင်မြင်မှုဆိုတာဟာလည်း ရှိလာမည် မဟုတ်ပေ။
အောင်မြင်မှုခရီးလမ်းဟာ…
ပန်းပွင့်တွေ မခင်းထားဘူး။
ဆင်တွေ လမ်းသွားသလို…
ကိုယ့်လမ်း ကိုယ်ဖောက်၊ ကိုယ့်လမ်း ကိုယ်လျှောက်ရတယ်။
မြန်မာစကားပုံမှာ "ဆင်သွားရင် လမ်းဖြစ်တယ်"ဟု ပြောတဲ့ စကားတစ်ခွန်းရှိတယ်။ ဆင်သွားတိုင်းတော့ လမ်းဖြစ်သွားသည်မဟုတ်ပေ။ လမ်းဖြစ်အောင် ဆင်တွေ ဘယ်လိုသွားလဲဆိုတာက အဓိက ကျ၏။
လမ်းဖြစ်အောင်သွားမှ…
ခရီးက တွင်သလို ပန်းတိုင်လည်းပေါက်၏။
ဒီအတွက်…
တိုက်ပွဲတွေကို ကျော်ဖြတ်နိုင်ရမည်။
တိုက်ပွဲများကို ရင်ဆိုင်ရဲရမည်။
တိုက်ပွဲများကို အနိုင်တိုက်ရမည်။
တိုက်ပွဲများကို မကြောက်ရ။
တိုက်ပွဲဖြစ်အောင် စိန်ခေါ်ရမည်။

ဒါဟာ...

အောင်မြင်မှုရဲ့ အခြေခံခရီးလမ်းမလည်းဖြစ်၏။

တစ်ခုတော့ရှိတယ်၊ တိုက်ပွဲဝင်မယ့် သူ့ရဲကောင်းဟာ မိမိကိုယ်ကိုယ်မိမိ တိုက်ပွဲဝင်ရဲသော စိတ်ဓာတ်၊ တိုက်ပွဲများမှာ ကြုံတွေ့နိုင်သော အနိုင်၊ အရှုံးတွေကိုလည်း ခံနိုင်ရည်ရှိရပါမည်။

စိတ်ဓာတ်တက်ကြွရမယ်။

ကိုယ်ရည်ကိုယ်သွေး မြင့်မားရမယ်။

ဓားဆိုတာ...

အမြဲတမ်း သွေးနေမှ၊

အမြဲတမ်း မြနေမှ၊

ထက်နေတဲ့ ဓားဟာ အရာဝတ္ထုတစ်ခုကို တိခနဲ ပြတ်ကျသွားနိုင်အောင် ခုတ်နိုင်၏။

ဒါပေမယ့်...

ကတ္တီပါစပေါ်မှာတော့ သွေးလို့ မရဘူးနော်။

ဤ

## အပေးအယူ

လောကကြီးဟာ အပေးအယူတွေနဲ့ ထုဆစ်ထားတယ်။

လောကကြီးမှာ ဘာမှ မပေးရင်...

ဘာမှ မရနိုင်ပါဘူး။

ကိုယ်ပေးနိုင်သလောက် ကိုယ်နဲ့ ထိုက်တန်တဲ့နေရာရမယ်။

အပေးအယူဆိုတဲ့ စကားကို လူတော်တော်များများ ပြောဖူးလေ့ရှိ၏။

တချို့က...

အပေးသာရှိပြီး အယူနည်းတယ်။

တချို့ကျတော့ အယူများပြီး အပေးနည်းတယ်။

ဒါက လူမှုဆက်ဆံရေးမှာ အမြဲမပြတ် ပြောဆိုလေ့ရှိသော စကားပါပဲ။

အောင်မြင်မှုဆိုတာဟာလည်း အပေးအယူဖြင့် တည်ဆောက်ထား၏။ မိမိဘက်က မပေးရင် တစ်ဘက်ကလည်း မိမိလိုချင်တာကို မရနိုင်ပါဘူး။

အပေးအယူဆိုတာ…

မိမိကလည်း ပေးရသလို၊ မိမိကလည်း ယူရ၏။

'အပေး'ဆိုတာ အကြောင်းတရားဖြစ်ပြီး 'အယူ'ဆိုတာကတော့ အကျိုးတရားပါ။ အကြောင်းတရားကောင်းရင်တော့ အကျိုးတရားကောင်းပါလိမ့်မယ်။

မိမိအနေဖြင့် ခွဲ၊ လုံ့လ၊ ဝီရိယ၊ စိတ်အားထက်သန်မှု၊ အလုပ်တိကျမှု၊ အများနဲ့သင့်လျော်အောင် ဆက်ဆံမှု၊ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်မှု၊ ကိုယ်ကျင့်တရားကောင်းမှု၊ ကတိတည်မှု စတဲ့ 'ပေးဆပ်မှု' မရှိရင် အောင်မြင်မှုကိုလည်း မရယူနိုင်ပါဘူး။

လူဟာ…

အောင်မြင်မှုကိုတော့ ရယူချင်ပြီး ထိုက်တန်တဲ့ ပေးဆပ်မှု မပြုလျှင်တော့ မရပေ။

နေရာဆိုတာ…

မိမိဘက်က ဘယ်လောက်အတိုင်းအတာထိ ပေးဆပ်ခဲ့ပါသလဲ၊ ဘယ်လောက်အတိုင်းအတာထိ တာဝန်ကျေခဲ့ပါသလဲ၊ ဘယ်လောက်အတိုင်းအတာထိ လုပ်ဆောင်ခဲ့ပါသလဲ ဆိုတဲ့ မိမိရဲ့ စွမ်းအားကို ကြည့်ပြီးမှ ပတ်ဝန်းကျင်က သတ်မှတ်ထားတဲ့ အရာတစ်ခု ဖြစ်ပါတယ်။

ဘာမှ မပေးရင်…
ဘာမှ မရနိုင်ဘူး။
တစ်ခုပေးရင် တစ်ခုရမယ်။
နှစ်ခုပေးပြီး တစ်ခုလိုချင်ရင်တော့ ရမယ်။
တစ်ခုပေးပြီး နှစ်ခုလိုချင်ရင်တော့ မရဘူး။
တန်ရာတန်ကြေးဆိုတာ…
ဘယ်လောက်ပေးဆပ်ခဲ့သလဲဆိုတဲ့ အချက်ကို အခြေခံပြီးမှ ဖြစ်တည်လာတဲ့ အရာတစ်ခုပါ။
ဒီတော့…
အောင်မြင်ချင်တဲ့သူဟာ…
ပေးဆပ်နိုင်အောင် ကြိုးစားပါ။

## ဘာ့ကြောင့်

၁။ Curiosity = သိလိုစိတ်ပြင်းပြမှု။

၂။ Creativity = ဆန်းသစ်မှု။

၃။ Communication = ဆက်သွယ်ဆောင်ရွက်မှု။

၄။ Character = အကျင့်စာရိတ္တကောင်းမွန်မှု။

၅။ Courage = သတ္တိရှိမှု။

၆။ Conviction = အပြစ်ဖြစ်ရင် ခံယူရဲတဲ့ သတ္တိရှိမှု။

၇။ Charisma = လူအများ၏ ချစ်ခင်လေးစားနိုင်မှု။

၈။ Competent = ကျွမ်းကျင်လိမ္မာမှု။

၉။ Common Sence = လက်တွေ့ကျကျ တွေးတတ်မှု။

၁၀။ Crisis = အကျဉ်းအကြပ်ထဲကနေ ဖောက်ထွက်နိုင်မှု။

ဒီအချက် ဆယ်ချက်ဆိုတာကတော့ "အောင်မြင်မှုအတွက် Cဆယ်လုံး" ဆိုပြီး ဆိုလေ့ရှိကြပါတယ်။

တချို့…

ဘာကြောင့် မအောင်မြင်တာလဲ?

ဘာကြောင့် မချမ်းသာတာလဲ?

ဘာကြောင့် ထိပ်တန်းမရောက်တာလဲ?

ဘာကြောင့် ခေါင်းဆောင်မဖြစ်တာလဲ?

ဘာကြောင့် … … … … ?

စသည့် မေးခွန်းတွေရဲ့ အဖြေဟာ ဒီ "C" ဆယ်လုံးအတွင်းမှာ အကျုံးဝင်နေပါတယ်။

တချို့…

အလုပ်တော့ လုပ်ချင်တယ်။ ဒါပေမယ့် ဘာလုပ်ရမှာလဲဆိုတာ မသိဘူးဆိုပါက "သိလိုစိတ်ပြင်းပျမှု" ဆိုတဲ့ C (curiosity) ချို့တဲ့လို့ပါ။

သိလိုစိတ်ပြင်းထန်တဲ့သူဆိုတာ မိမိသိချင်သော အကြောင်းအရာကို မသိ,သိအောင် ကြိုးစားတယ်။ ဒီစာအုပ်မှာ ဒီအကြောင်းအရာ မရှိပါက ဟိုစာအုပ်မှာ ဒီအကြောင်းအရာ ရှိပါလိမ့်မည်ဆိုကာ မိမိရဲ့ သိလိုစိတ်ကို ဖြည့်ဆည်း၏။

တကယ့်အသိဆိုတာ…

အလုပ်နဲ့ တွဲစပ်ထား၏။

သိတာ သိပြီး မလုပ်ရင်လည်း အလကားပါပဲ။

ဒီလိုပါပဲ။

လုပ်တော့ လုပ်တယ်၊ မအောင်မြင်ဘူး။

ဘာကြောင့်လဲ?

ဆန်းသစ်မှုဆိုတဲ့ C (creativity) တစ်လုံး ချို့တဲ့နေလို့ပါပဲ။

မြန်မာစကားပုံမှာ 'လှေကြီးထိုး ရိုးရိုးလှော်' ဆိုတဲ့ စကားပုံ ရှိ၏။ တချို့နေရာတွေမှာ လှေကြီးထိုးရိုးရိုး လှော်သင့်ပေမယ့် နေရာတိုင်းမှာတော့ မရပေ။

ခေတ်ကာလအရ ပြောင်းလဲနေတဲ့အချိန်မှာ…

လှေကြီးထိုး ရိုးရိုးလှော်ရင်တော့…

ခရီးက မတွင်ပါဘူး။ ခေတ်အခြေအနေအရ ဆန်းသစ်သင့်သည်များကို ဆန်းသစ်ပြီး ပြောင်းလဲသင့်သည်များကို ပြောင်းလဲရပါမည်။

ဒါကြောင့်…

ဘာကြောင့်…ဆိုတဲ့ မေးခွန်းများကို ဖြေဖို့ 'C ဆယ်လုံး' ဖြင့် တိုင်းတာပါ။

ꩤ

## ဟီးဘောလဒေသအဖွင့် – ၁

တစ်စင်းတည်းသော ‘လ’သည်
အမိုက်မှောင်ကို ပယ်ဖျောက်စွမ်းနိုင်သော်လည်း…
ကြယ်တာရာပေါင်းများစွာသည်
အမိုက်မှောင်ကို ပယ်ပျောက်ခြင်းငှာ မစွမ်းနိုင်။
အောင်မြင်ချင်တဲ့သူဟာ…

လကဲ့သို့ တစ်လုံးတည်း၊ တစ်ခုတည်း၊ မိမိရဲ့စွမ်းအားကို မြှင့်တင်ရပါမည်။ တစ်ခုခုကို ဦးတည်ရပါမည်။ တစ်စိုက်မတ်မတ် လုပ်ရပါမည်။

ကြယ်တွေကဲ့သို့…
ဟိုစပ်စပ်၊ ဒီစပ်စပ် လုပ်လို့မရပေ။
စွမ်းအားတွေ ပြန့်ကျဲလို့မရ။

အလင်းတွေ စုစည်းမှုမရှိရင်တော့ အမှောင်တွေကို ချေဖျက်နိုင်မှာ မဟုတ်ပါဘူး။

အောင်မြင်ချင်တဲ့သူဟာ ကြယ်တာရာများကဲ့သို့ လုပ်ဆောင်၍ မရပေ။

တချို့က…

ဟိုဟာလည်းလုပ်ချင်၊ ဒီဟာလည်းလုပ်ချင်။

'ဘာလုပ်ရင်ကောင်းမလဲ' စသည့်ဖြင့် ဝေဝါးနေတဲ့သူထံကို အောင်မြင်မှုကလည်း မရောက်လာတတ်ပါဘူး။

တစ်ခုခု တိတိကျကျသတ်မှတ်၊

ဆုံးဖြတ်ချက်ကို အခိုင်အမာချ၊

အာရုံကို မတွေပြားစေနဲ့၊

ကောင်းသထက်ကောင်းအောင် လုပ်ဆောင်။

ဒါဆိုလျှင်…

အောင်မြင်မှာပါပဲ။

အတားအဆီး အချုပ်အနှောင်များကတော့ မိမိကို ဖျက်ဆီးပစ်ဖို့ ဝင်လာမှာပဲ။

ဒါပေမယ့်…

မိမိက ဒီအာရုံ၊ ဒီလမ်းကြောင်း၊ ဒီစိတ်ဓာတ်တစ်ခုတည်းနဲ့ လုပ်တော့ 'စွမ်းအား'တွေက မြင့်မားကြီးထွားလာပြီး အဲဒီ အခက်အခဲတွေကို ရင်ဆိုင်ကျော်ဖြတ်ရဲသွားပါတယ်။

အမှောင်ကို ခွင်းနိုင်တာပေါ့။

သတိထားရမှာက မိမိက ဘယ်လောက်ပင် လုပ်နေပါစေ တစ်ခါတလေကျရင် ‘တိမ်ဖုံးလို့ လမသာ’ဆိုသကဲ့သို့ ဖြစ်ရပ်တွေလည်း ရှိတတ်ပါတယ်။

ဒါပေမယ့်…

တိမ်ဆိုတာ လမသာအောင် ခဏတာပဲ ဖုံးကွယ်လို့ရပါတယ်။

လ ပျောက်သွားအောင်တော့ ဖုံးလို့ မရပါဘူး။

အရေးကြီးတာက…

လင်းနေတဲ့ လဖြစ်ဖို့ပါပဲ။

## ဟီတောပဒေသအဖွင့် – ၂

အလေ့အကျင့်မလုပ်လျှင်
အတတ်ပညာသည် အဆိပ်ဖြစ်၏။
မကြေညက်လျှင်
အစာသည် အဆိပ်ဖြစ်၏။
ပညာမဲ့သူအတွက်
ပွဲလယ်သဘင်သည် အဆိပ်ဖြစ်၏။

သာမန်အမျိုးအနွယ်၌ မွေးဖွားစေကာမူ အရည်အချင်းရှိလျှင် လေးစားထိုက်၏။

ဝါးကောင်းဖြင့် ပြုလုပ်သော လေးသည် ညို့မရှိမူ အဘယ်မှာလျှင် အသုံးဝင်တော့မည်နည်း။

ထိပ်တန်းရောက်ချင်သူဟာ...

အတတ်ပညာ ရှိရပါမည်။

အတတ်ပညာမရှိပါက မိမိရဲ့ လုပ်ငန်းနယ်ပယ်ကို ချဲ့ထွင်လို့ မရသလို သူတစ်ပါးကိုလည်း ခေါင်းဆောင်၍မရပေ။

အကယ်၍…

မိမိမှာ အကြောင်းတစ်မျိုးမျိုးကြောင့် ငွေကြေးပြည့်စုံလို့ လုပ်ငန်းတစ်ခုခုကို တည်ထောင်ဦး၊ အတတ်ပညာမရှိပါက သူတစ်ပါးရဲ့ လိမ်ညာခြင်းကို ခံရနိုင်၏။

ဒီတော့…

အတတ်ပညာဆိုတာ သင်ကြားရ၏။

အတတ်ပညာများကို သင်ယူခဲ့သည့်အခါမှာလည်း အာရုံစူးစိုက်မှု ပြည့်ဝစွာခြင့် အလေ့အကျင့်လုပ်ရ၏။

အလေ့အထ မရှိလျှင်…

အလေ့အကျင့်ဆိုတာဟာလည်း ဖြစ်မလာပေ။

အလေ့အကျင့်တစ်ခုဖြစ်စေဖို့ဆိုပါက အလေ့အထဖြစ်အောင် လုပ်ပါ။ ကြာလာပါက အလေ့အကျင့် ဖြစ်သွားပါမယ်။

တစ်ခုရှိတာက အလေ့အကျင့်ဆိုတာ ကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် စွဲသွားတတ်ပါတယ်။ ကောင်းတဲ့အလေ့အကျင့်သာ ခက်ခဲတာ။ မကောင်းတဲ့ အလေ့အကျင့်ဆိုပါက ပိုမိုပြီးတော့ စွဲစေပါတယ်။

စွဲနေလျှင်…

ဖြတ်ရခက်၏။

ဒါကြောင့်…

မကောင်းတဲ့ အလေ့အကျင့်များကို မစမိပါစေနဲ့။
စမိရင် အဆိပ်ဖြစ်သွားပါတယ်။
အဆိပ်ဆိုတာ…
မိမိအန္တရာယ်ကို ဖိတ်ခေါ်ထားတာပဲ။
အဆိပ်မဖြစ်စေဖို့ ဆိုပါက…
မကောင်းတဲ့ အလေ့အကျင့်များကို မစမိပါစေနှင့်။

ဪ

## ဟိတောပဒေသအဖွင့် – ၃

လူသည်…

ကံကို ယိုးမယ်ဖွဲ့ပြီးကာ လုံ့လ ဝီရိယ မလျှော့သင့်ပေ။

အကြောင်းမူကား…

လုံ့လမပါဘဲ နှမ်းထဲက ဆီကို ထုတ်မယူနိုင်။

လုံ့လ ဝီရိယရှိသော ယောကျ်ားအာဇာနည်ထံသို့ ဥစ္စာနတ် ရောက်လာတတ်သည်။ လုံ့လ မရှိသူတို့ကမူ 'ကံပေးလျှင် ရလိမ့် မပေါ့'ဟု ပြောကြသည်။

သို့ဖြစ်၍…

ကံကို ဘေးဖယ်ထားပြီးလျှင် အစွမ်းရှိသမျှ ကြိုးစားအားထုတ် သင့်ပေသည်။

အားထုတ်ပါလျက် အောင်မြင်မှု မရရှိပါမူကား ဘာမှ အပြစ် တင်စရာ မရှိပေ။

ယာဉ်ရထားသည် ဘီးတစ်ဘီးတည်းဖြင့် မသွားနိုင်သကဲ့သို့ ထိုနည်းအတူ လုံ့လနှင့်ကင်း၍ အကျိုးမပေးနိုင်ပေ။

ထို့ကြောင့် လူသည် လုံ့လဉဿာဟဖြင့် မပျင်းမရိ ကြိုးစားအားထုတ်သင့်လေသည်။

ဥပမာအားဖြင့်…

အိုးထိန်းသည်သည် မြေစိုင်ခဲမှ အိုးခွက် စသည်ကို အလိုရှိသလို ပြုလုပ်ယူသကဲ့သို့ လူသည်လည်း အလုပ်ကိစ္စကို အားထုတ်ပြုလုပ်၍ အကျိုးစီးပွားကို အလိုရှိသလို ရယူသင့်လေသည်။

'ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်' ပမာ မျက်မှောက်၌ ရောက်ရှိလာသော ရွှေအိုးကို မြင်ရသော်လည်း ကံသည် သူ့အလိုလို မယူတတ်ပေ။

လုံ့လ ဝီရိယကို စောင့်၍နေသည်။

လုံ့လဖြင့်သာလျှင် အလုပ်ကိစ္စသည် ပြီးစီးအောင်မြင်၏။

စိတ်အလိုဆန္ဒဖြင့် မအောင်မြင်နိုင်။

ပမာအားဖြင့်…

အိပ်နေသော ခြင်္သေ့၏ ခွင်းထဲသို့ သားသမင်သည် အလိုအလျောက် ဝင်ရောက်မလာနိုင်ပေ။

တချို့က…

"ကံကောင်းရင် တစ်ချက်ပဲ" ဟု ပြောလေ့ရှိကြ၏။ ဝီရိယနှင့် ဉာဏ်မပါဘဲ မည်သည့်ကံမှ ထမြောက်အောင်မြင်နိုင်မည် မဟုတ်ပေ။

တကယ်တော့ လူ့ဘုံဆိုတာ…

ဝီရိယဘုံ ဖြစ်၏။

ကိုယ်လုပ်မှ ကိုယ်ရမည်။

ကိုယ့် ဘာတစ်ခုမှ မလုပ်ရင် ဘာတစ်ခုမှလည်း ကိုယ့်ဆီကို ပြန်ပြီးတော့ ရောက်လာမှာ မဟုတ်ပါဘူး။

ဒါကြောင့်…

ဝီရိယကို အသုံးပြုပါ။

ပြီ

## ဗဟိုဘောလုံးဓမ္မဘဗ္ဗ - ၄

ရွှေနှင့်ပေါင်းဖက်လျှင် ဖန်ဟာလည်း မြအရောင်ထွက်တယ်။

ဒီလိုပါပဲ…

ပညာရှိနှင့် ပေါင်းဖက်လျှင် လူမိုက်ဟာလည်း လူလိမ္မာဖြစ်နိုင်ပါတယ်။

ထို့အတူ…

ယုတ်ညံ့သူနှင့် ပေါင်းသင်းလျှင် မိမိပညာသည် ဆုတ်ယုတ်သွားမည်သာ ဖြစ်၏။

တန်းတူသူနှင့် ပေါင်းသင်းလျှင် မိမိပညာသည် တန်းတူအလယ်အလတ် ဖြစ်နေမည်။

တိုးတက်ကြီးပွားခြင်း မရှိပေ။

ပညာအရာသာသူနှင့် ပေါင်းသင်းလျှင်မူ မိမိပညာသည် ကြီးပွား တိုးတက်လာမည် ဖြစ်၏။

မြန်မာစကား၌ ပြောလေ့ရှိသော 'တံငါနားနီး တံငါ၊ မုဆိုး နားနီး မုဆိုး'ဆိုတာ တကယ်တမ်းအားဖြင့်တော့ အမှန်တရားပင် ဖြစ်ပါတယ်။

လူဟာ…

လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် နေလေ့ရှိသဖြင့် ပတ်ဝန်း ကျင်၏ လွှမ်းမိုးမှုများဟာ အဲဒီလူကို ကြီးအားစွာ ပြောင်းလဲသွားစေ နိုင်ပါတယ်။

ပတ္တမြား စိန်ကျောက်ထွက်သော ရတနာတွင်း၌ ပယင်း ဖန်ကျောက်တို့ ပေါပေါက်ရန်မှာ အလွန်ခဲယဉ်းသလို ပတ်ဝန်းကျင် ကောင်း၊ မိဘကောင်း၊ ဆရာကောင်းတို့၏ အုပ်ထိန်းမှုအောက်မှ မကောင်းတဲ့လူဖြစ်ဖို့ဆိုတာ ခဲယဉ်းလှ၏။

ဒီလိုပဲ…

မျိုးကို ဘယ်လိုပင်သင်သင်၊

ကြက်တူရွေးကဲ့သို့ စကားတတ်လာမည် မဟုတ်ပေ။

ထို့အတူ…

မကောင်းတဲ့ ပတ်ဝန်းကျင်မှာနေပြီး မကောင်းတဲ့ မိဘ၊ မကောင်းတဲ့ ဆရာသမားတွေနဲ့ မကောင်းတဲ့ စီမံခန့်ခွဲမှုမျိုးမှာလည်း လူကောင်း တစ်ယောက်ဖြစ်ဖို့ဟာ မလွယ်လှပေ။

ပိုးကောင်ဆိုတာ…

ပန်းပွင့်နဲ့ အတူနေရင် လူရဲ့ခေါင်းအထက်ကို ရောက်တယ်။

ကျောက်တုံး ကျောက်ခဲများဟာလည်း လူကြီးလူကောင်းတွေက တည်ထားကိုးကွယ်လိုက်ပါက စေတီအဖြစ်သို့ ရောက်နိုင်၏။

ဂုဏ်သည်…

ဂုဏ်ကို သိတတ်သူတို့အတွက်…

ဂုဏ်ဖြစ်သော်လည်း ဂုဏ်မဲ့သူ လူမိုက်တို့အတွက်မူ အပြစ်ဖြစ်ကုန်၏။

မြစ်ရေချိုသည်…

သမုဒ္ဒရာသို့ စီးဝင်သွားသောအခါ…

အရသာပျက်သွားလေ၏။

## ဟိတောပဒေသအဖွင့် – ၅

အကျိုးမဲ့ပြုမည့်သူထံမှ…

အလိုရှိသည့်အရာကို ရရှိသော်လည်း ကျေးဇူးမများပေ။

အဆိပ်ရောထားသည့် အရာသည်…

အမြိုက်သုခပင် ဖြစ်လင့်ကစား သေစေနိုင်၏။

ထိပ်တန်းရောက်ခြင်း ဟူသည်…

မိမိလိုချင်တာကို ရအောင်ယူတတ်၊ လုပ်ဆောင်တတ်သော သူတို့အတွက်သာ ဖန်တီးထားသော နေရာဖြစ်၏။

ထိုနေရာကို ယူချင်သူဟာ…

သာမန်အပြုအမူ၊ အလုပ်အကိုင်၊ အပြောအဆို၊ အနေအထိုင်၊ အတွေးအခေါ်၊ စိတ်ဓာတ်များဖြင့် မရနိုင်ပေ။

မြင့်မြတ်တဲ့ဘဝဆိုတာ…

မြင့်မြတ်သောစိတ်ဓာတ်နဲ့ ကြီးမားသော အလုပ်အကိုင်ရှိသူတို့အတွက် အခွင့်အရေးဖြစ်ပေမယ့် နိမ့်ကျသောစိတ်ဓာတ်နဲ့ ပျင်းရိသောလုပ်ဆောင်ချက်နဲ့ကတော့ ဘယ်လိုနည်းနဲ့မှ မရနိုင်၊ မဖြစ်နိုင်ပေ။

အရာရာအဆင်ပြေအောင် နေတတ်ရ၏။

အရာရာအဆင်ပြေအောင် ပြောတတ်ရ၏။

အရာရာအဆင်ပြေအောင် ဆက်ဆံတတ်ရ၏။

အရာရာအဆင်ပြေအောင် ပေါင်းသင်းတတ်ရ၏။

ဘာကြောင့်လဲဆိုတော့ ထိပ်တန်းဘဝဆိုတာ တောထဲမှာတရားကျင့်သလို တစ်ယောက်တည်းကျင့်ရတာ မဟုတ်ပါဘူး။

လူ့ပတ်ဝန်းကျင်၊ လူ့အသိုင်းအဝိုင်းကြားမှာ သူတစ်ပါးထက်ထူးချွန်ထင်ရှားအောင် ကျင့်သုံးရသော အရာဝတ္ထုတစ်ခုဖြစ်လို့ပါပဲ။

ဒီတော့…

လူအများရဲ့ ယုံကြည်မှုကိုရအောင် တည်ဆောက်ရတယ်။

လူအများရဲ့ လေးစားမှုကိုရအောင် ဖန်တီးရတယ်။

လူအများရဲ့ ချစ်ခင်မှုကိုရအောင် ပြုလုပ်ရတယ်။

တစ်ခါတလေကျရင် တချို့သောကိစ္စ (အကြောင်းအရာ)များဟာ မိမိတစ်ဦးတစ်ယောက်တည်းရဲ့ လုပ်ဆောင်ချက်ဖြင့် ပြုလုပ်၍ မရပေ။

အဲဒီလိုအခါမျိုးတွေမှာ သူတစ်ပါးက မိမိဆန္ဒနှင့်ညီအောင်လုပ်ဖို့၊ သူတစ်ပါးထံက မိမိဖြစ်ချင်တာကို ဖြစ်ဖို့၊ လိုချင်တာကိုရဖို့ လွယ်ကူသောအရာတစ်ခု မဟုတ်ပေ။

တစ်ခါတစ်ခါ မိမိက အမှန်တရားလို့ ယူဆထားပေမယ့်လည်း အမှားဖြစ်သွားနိုင်သလို၊ အမှားလို့ ယူဆထားတာတွေဟာလည်း အမှန်တရား ဖြစ်နိုင်ပါတယ်။

ဘယ်သူက မိမိအကျိုးကို လိုလားတယ်ဆိုတာကိုတော့ မိမိ အနေဖြင့် သိထားသင့်၏။

ဒီလိုမဟုတ်ဘဲ…

ရန်သူကို မိတ်ဆွေထင်၊ မိတ်တွေကို ရန်သူထင်ရင်တော့…

အဆိပ်ရောထားတဲ့ ပျားရည်စက်လို…

ချိုပေမယ့်…

ဘဝကို ပျက်စီးသွားနိုင်ပါတယ်။

ပြီ

## ဟီတောပဒေသအဖွင့် – ၆

ကောင်းစွာကြေညက်သော ထမင်း။

ပညာဉာဏ်ရှိသောသူ။

လင့်အလိုသို့လိုက်သော မိန်းမ။

ကောင်းစွာခံစားထိုက်သော မင်း။

စဉ်းစားဆင်ခြင်၍ ပြောကြားသောစကား။

ကောင်းစွာ စီစစ်၍ ပြုလုပ်သောအမှုတို့သည် အချိန်ကာလကြာမြင့်သော်လည်း ဖောက်ပြန်ခြင်းသို့ မရောက်ပေ။

ဒါကြောင့်…

ထိပ်တန်းရောက်ချင်တဲ့သူဆိုတာ မစူးစမ်း မဆင်ခြင်ခြင်းပါပဲ။ မည်သည့်အလုပ်ကိစ္စကိုမျှ မပြုလုပ်သင့်ပေ။ ဘာကိုပဲပြုလုပ်ပြုလုပ် စူးစမ်းဆင်ခြင်ပြီးမှ ပြုလုပ်သင့်၏။

အလုပ်ကို စူးစမ်းဆင်ခြင်မှု မပြုပါက…

နှောင်တတရားများဖြင့် တွေ့ရှိတတ်၏။

ထိပ်တန်းရောက်ချင်တဲ့သူဟာ အလုပ်တစ်ခုကို မပြုလုပ်ခင်ကော၊ ပြုလုပ်နေဆဲပါ ဆင်ခြင်သင့်၏။ နောက်တစ်ခါ…

ငြူစူတတ်သောသူသည်လည်းကောင်း၊

အလွန်သနားတတ်သောသူသည်လည်းကောင်း၊

မရောင့်ရဲလွယ်သောသူသည်လည်းကောင်း၊

ဒေါသကြီးသောသူသည်လည်းကောင်း၊

အစဉ် ယုံမှားသံသယ စိတ်မချဖြစ်နေသောသူသည်လည်းကောင်း၊

သူတစ်ပါးကို မှီခို၍ အသက်မွေးနေရသောသူတွေဟာလည်း ထိပ်တန်းဘဝကို မပိုင်ဆိုင်နိုင်ဖေ။

အဲဒီလို ဘဝမျိုးတွေမှာ မိမိဘဝဟာ ကျရောက်နေမယ်ဆိုပါက ဘယ်လိုလုပ်မလဲ?

ဖောက်ထွက်ရပါမည်။

မည်သူတစ်ဦးတစ်ယောက်မှ ထွက်ပေါက်ပိတ်နေလောက်အောင် ကျရောက်နေသောအဖြစ်မျိုး မရှိပါဘူး။ သွေးအေးအေးဖြင့် စဉ်းစားပါက၊ သွေးအေးအေးဖြင့် သုံးသပ်ပါက၊ အစဉ်အမြဲ ကြိုးစားအားထုတ်ပါက ထွက်ပေါက်ဆိုတာ တွေ့ပါလိမ့်မယ်။

အခက်အခဲကို ရင်ဆိုင်တဲ့အခါ…

အသိဉာဏ်နှင့် ကြိုးစားမှုဟာ အရေးကြီး၏။

အခက်အခဲကြုံမှ ကြောက်ရွံ့ထိတ်လန့်နေခြင်းဟာ လူဖျင်းတို့ရဲ့ အမှတ်အသားပါပဲ။

ဘေးရောက်သည့်အခါ၌ မတုန်လှုပ်သူ။

တိုးတက်ကြီးပွားသည့်အခါ၌ မာနမကြီးဘဲ ချုပ်တီးထားနိုင်သူ။

စကားအရာ၌ လိမ္မာစွာ ဆိုတတ်သူ။

တိုက်ပွဲ၌ ရဲရင့်သောသူ။

စာဖတ်ခြင်း၌ ပျော်မွေ့သူတွေဟာ ထိပ်တန်းဘဝကို ရောက်ရှိစေနိုင်ပါတယ်။

ပြီ

## ဟာသောပဒေသအဖွင့် – ၇

ထိပ်တန်းရောက်ချင်တဲ့သူဟာ…

အအိပ်ကြီးခြင်း၊ ထိုင်းမှိုင်းခြင်း၊ ကြောက်ရွံ့ခြင်း၊ အမျက်ထွက်ခြင်း၊ ပျင်းရိခြင်း၊ အလုပ်ကိစ္စ၌ လေးကန်ဖင့်နွဲ့ခြင်း တည်းဟူသော အပြစ်ခြောက်ပါးကို ရှောင်ရှားသင့်၏။

လူဟာ…

တစ်ခါတလေကျရင် အသေးအဖွဲ့ကိစ္စလေးတွေပါ ဘာမှမဖြစ်ပါဘူးဟု ထင်မြင်လေ့ရှိကြ၏။

တကယ်တော့…

သေးငယ်သော အရာဝတ္ထုများ၏ အပေါင်းအစုဟာလည်း အလုပ်ကိစ္စကို ပြီးစီးအောင်မြင်စေနိုင်သလို မိမိဘဝကိုလည်း ဖျက်ဆီးပစ်နိုင်၏။

မြက်ကို ကျစ်ထားတဲ့ ကြိုးဟာ…
အမှန်ယစ်နေသော ဆင်ကို ချည်နှောင်နိုင်၏။
ဒီတော့…
အသေးအဖွဲကိစ္စများကို အလေးမထားဘဲ မနေသင့်ပေ။ တစ်ခါတလေကျရင် မိမိက အသေးအဖွဲဟု ထင်မှတ်ထားသည့် အရာတွေက မိမိထင်မှတ်မထားသည့် အရာများ ဖြစ်ပေါ်လေ့ရှိကြ၏။
ဥပမာအားဖြင့်…
လင်းတငှက်တွေဟာ ယူဇနာတစ်ရာ ဝေးကွာသောအရပ်မှာ ရှိတဲ့ အစာကို မြင်နိုင်ပေမယ့်လည်း တစ်ခါတလေကျရင် အနီးအပါးမှာရှိတဲ့ ကျော့ကွင်းကိုတောင် မမြင်နိုင်ပါဘူး။
ဒါဟာ သတိမမူခြင်း၊ အထင်သေးခြင်း၊ အလေးမထားခြင်းဟူသော အကြောင်းများကြောင့် ဖြစ်၏။
ဒီတော့…
ဘေးရောက်သောအခါ မိတ်ဆွေကောင်းကို သိနိုင်၏။
စစ်ပွဲ၌ သူရဲကောင်းကို သိနိုင်၏။
ကြွေးမြီတင်ရှိသောအခါ၌ မှန်ကန်ရိုးဖြောင့်သူကို သိနိုင်လေ၏။
ဥစ္စာပစ္စည်း ဆုံးရှုံးသွားသောအခါ၌ မယားကောင်းကို သိနိုင်လေ၏။
ဆင်းရဲဒုက္ခရောက်သောအခါ၌ ဆွေမျိုးကောင်းကို သိနိုင်လေ၏။
ပျော်ပွဲသဘင် ကျင်းပသောအခါ၊

ပျက်စီးဆုံးရှုံးသောအခါ၊
ငတ်မွတ်သောအခါ၊
တိုင်းပြည်ပျက်သောအခါ၊
ရုံးပြင်ကနားရောက်သောအခါ၊
သေးဒုက္ခတွေကျရောက်လာတိုင်း အနားမှာရှိနေတဲ့ မိတ်ဆွေကောင်းသည် အထူးလိုအပ်လှ၏။
ဒါကြောင့်…
အရာရာကို အလေးထားနိုင်ဖို့…
မိတ်ဆွေကောင်းဟာ လိုအပ်လှ၏။

ပြ

## ဟိတောပဒေသအဖွင့် – ၈

ထိပ်တန်းရောက်ချင်သူဟာ…

မိတ်ဆွေကောင်းရှိဖို့ လိုအပ်သလို ရန်သူမရှိအောင်လည်း အထူးရှောင်ရှားရ၏။

ခက်တာက ရန်သူဟာလည်း လူထဲက လူသားတစ်ဦးပင်ဖြစ်သည့်အတွက် 'ချို'မပါတော့ အလိုအလျောက်သိဖို့ခက်၏။

သို့သော်…

သတိထားရင်တော့ သိနိုင်ပါတယ်။

ရန်သူဆိုတာ…

မျက်ကွယ်၌ အကျိုးမဲ့ကိုပြု၍ မျက်မှောက်၌ ချိုသာသောစကားကို ပြောကြားသော မိတ်ဆွေမျိုးကို အဝနား၌ နို့ရည်ရှိသည့် အဆိပ်အိုးကဲ့သို့ ဝေးစွာရှောင်ကြဉ်သင့်ပါတယ်။

ဘာကြောင့်လည်းဆိုပါက…

လူမိုက်နှင့်အတူတကွ ရန်လည်း မပြုသင့်ပေ။

ချစ်ခင်ပေါင်းသင်းခြင်းလည်း မပြုသင့်ပေ။

ဥပမာအားဖြင့်…

မီးကျီးခဲသည် ပူနိုက်ဖြစ်မှု ကိုင်သောလက်ကို လောင်တတ်တယ်။ အေးနိုက်ဖြစ်မှု မည်းညစ်စွန်းပေတတ်သည်။

ရန်သူဆိုတာ…

လျှို့ဝှက်ချက်ကို ထုတ်ဖော်ပြောဆိုတတ်ခြင်း၊

ပစ္စည်းဥစ္စာကို တောင်းရမ်းတတ်ခြင်း၊

ရက်စက်ကြမ်းကြုတ်တတ်ခြင်း၊

လျှပ်ပေါ်လော်လီစိတ်ရှိခြင်း၊

အမျက်ဒေါသကြီးခြင်း၊

သစ္စာမဲ့ခြင်း၊

လောင်းကစားကျူးခြင်း၊

ဒီအချက်တွေကို အလွန်အကျူး ပြုလုပ်လေ့ရှိပါတယ်။ မိမိအနေဖြင့် မိမိအနားက လူတွေကို လေ့လာပေါ့။ ရန်သူလား၊ မိတ်ဆွေလားဆိုတာ ခွဲခြားသိနိုင်ပါသည်။

တစ်ခါတလေကျရင် တချို့သူများကို မိမိအတွက် အကျိုးပြုတာထက် အကျိုးမဲ့ကို ပိုမိုပြီးတော့ ပြုလုပ်တတ်တာကို သိ၏။

သို့သော်…

ပေါင်းသင်းလာတာ ကြာရှည်ဖြစ်စေ၊ အပျော်သဘောဖြင့်ဖြစ်စေ၊ တခြားသော အကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ဆက်လက်ပေါင်းသင်းမိကြ၏။

'ဘာမှ မဖြစ်လောက်ပါဘူး'

ဟု မိမိက ထင်မှတ်ထားပေမယ့် တဖြည်းဖြည်း မိမိဘဝကို ဖျက်ဆီးသွားတာကို မိမိကိုယ်တိုင်ပင် မသိလိုက်ပေ။

သိချိန်ရောက်တော့…

အရမ်းကို နောက်ကျသွားပါပြီ။

ပြီး

## ဟိတောပဒေသအဖွင့် – ၉

လိမ္မာမှုနှင့် မှန်ကန်မှုကို
စကားစမြည် ပြောဆိုခြင်းအားဖြင့် သိနိုင်၏။
မာန်မာန မကြီးမှုနှင့် တည်ကြည်ငြိမ်သက်မှုကို
ကိုယ်တွေ့မျက်မြင်အားဖြင့် သိနိုင်၏။
စိတ်ထားယုတ်မာသူတို့သည်
စိတ်၌တစ်မျိုး၊ စကား၌တစ်မျိုး၊ အလုပ်၌တစ်မျိုး ဖြစ်၏။
စိတ်ထားမြင့်မြတ်သူတို့သည်ကား…
စိတ်၌လည်းကောင်း၊ စကား၌လည်းကောင်း၊ အလုပ်၌လည်းကောင်း တစ်သမတ်တည်း၊ တစ်သဘောတည်း ဖြစ်လေ၏။
စိတ်ထားပြောင်းလဲသူကို…
ဘယ်သူကမှ အယုံအကြည် မရှိပေ။

ထိပ်တန်းရောက်ချင်တဲ့သူဟာ စိတ်ပြောင်း၊ စကားပြောင်း၊ ကတိ မတည်လို့ မဖြစ်ပေ။ အစစအရာရာ တည်ကြည်နေရပါမည်။

ဒါ့အပြင်…

ပညာရှိသည် ဥစ္စာစီးပွား ဆုတ်ယုတ်ပျက်စီးခြင်းကိုလည်းကောင်း၊

စိုးရိမ်ပူဆွေးခြင်းကိုလည်းကောင်း၊

မိမိအိမ်တွင်းရေးအပြစ် (သားမယားတို့၏ ဖောက်ပြန်သောအကျင့်)ကိုလည်းကောင်း၊

အလိမ်ခံရခြင်းကိုလည်းကောင်း၊

မလေးမခန့် အပြုခံရခြင်းကိုလည်းကောင်း သူတစ်ပါးတို့အားထုတ်ဖော်မပြောဆိုသင့်ပေ။

မပြောဆိုသင့်သော စကားရပ်များသည် မပြောကြားခြင်းကပိုမို၍ ကောင်းမွန်၏။ ပစ္စည်းဥစ္စာများကိုလည်း အလွန်အကျူး မသုံးသင့်ပေ။

လူဟာ…

မရှိဆင်းရဲခြင်းကြောင့် ရှက်ရွံ့ခြင်းဖြစ်ပေါ်၏။

ရှက်ရွံ့ခြင်းဖြစ်ပေါ်လာသူသည် အစွမ်းသတ္တိ လျော့ကျဆုတ်ယုတ်ရတတ်လေသည်။

အစွမ်းသတ္တိ လျော့ကျဆုတ်ယုတ်သူသည် သူတစ်ပါးတို့၏ အနိုပ်အစက် ခံရတတ်၏။

သူတစ်ပါးတို့၏ အနိုပ်အစက်ခံရလျှင် ဆင်းရဲ…

ဆင်းရဲ…

ပူပင်သောကရောက်က အသိဉာဏ်ဆိတ်သုဉ်း၏။

အသိဉာဏ်ဆိတ်သုဉ်းလျှင် ပျက်စီးတတ်၏။

ဒီတော့…

မအောင်မြင်ခြင်း၊ ထိပ်တန်းမရောက်ခြင်းဆိုတာ တကယ်တမ်း အားဖြင့်တော့ လိုအပ်ချက်တွေ ရှိနေ၍ဖြစ်၏။

လိုတာရှိရင်…

မပြည့်ဘူး၊

မပြည့်ရင် ဖြည့်ရတယ်။

ပြီ

## ဟီတောပဒေသအဖွင့် – ၁၁

ဆိတ်ဆိတ်နေခြင်းက မြတ်သေး၏။
မမှန်စကား မုသားပြောဆိုခြင်းသည် မမြတ်ပေ။
နွား ဆိတ်သုဉ်း၍နေသော နွားခြံက မြတ်သေး၏။
နွားသိုး နွားကြမ်းတို့သည် မမြတ်ပေ။
တောထဲ၌နေရခြင်းက မြတ်၏။
မစူးမစမ်း အရမ်းလုပ်တတ်သော တရားနည်းသောနိုင်ငံ၌ နေရခြင်းသည် မမြတ်ပေ။
အသက်စွန့်ရခြင်းသည် မြတ်သေး၏။
လူယုတ်မာတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းသည် မမြတ်ပေ။
လောက၌…
တရား [illegible]

ချမ်းသာသုခဟူသည် ကျန်းမာစွာ နေရမှုဖြစ်၏။

ပညာရှိသူသည် သင့်၊ မသင့် ပိုင်းခြားဆုံးဖြတ်နိုင်မှုရှိ၏။

တကယ်တမ်းအားဖြင့်…

ဘေးရန်ရောက်ရှိလာသောအခါ သင့်၊ မသင့်ကို ထောက်ချင့်ဆုံးဖြတ်နိုင်သူသည် ပညာရှိမည်ပေ၏။

ဆုံးဖြတ်မှု မပြုနိုင်သူတို့တွင်ကား ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဘေးရန် ဖြစ်ပေါ်လာတတ်ပေသည်။

ဒါ့အပြင်…

အမျိုးအနွယ်၏ အကျိုးအတွက် တစ်ယောက်သောသူကို စွန့်ရာ၏။

ရွာ၏ အကျိုးအတွက် အမျိုးအနွယ်ကို စွန့်ရာ၏။

ဇနပုဒ်အကျိုးအတွက် ရွာကို စွန့်ရာ၏။

မိမိ၏ အတ္တအတွက် မြေတစ်ပြင်လုံးကို စွန့်ရာ၏။

လူဟာ…

စွန့်သင့်သည်များကို အခြေအနေ အချိန်အခါအရ စွန့်ရမည်ဖြစ်သလို ပေးကမ်းသင့်သည်များကိုလည်း ပေးကမ်းသင့်သောသူများအား ပေးသင့်၏။

ဒါကြောင့်…

ပေးလှူခြင်း၊ သုံးစွဲခြင်းမရှိဘဲ နေ့ရက်တို့ကို ကုန်လွန်စေသောသူသည် ပန်းပဲသမား၏ ဖားဖိုကဲ့သို့ အသက်ရှူသော်လည်း အသက်ရှင်သည် မဟုတ်ပေ။

မပေးရက်၊ မသုံးရက်သူသည် ဥစ္စာပစ္စည်းဖြင့် အဘယ်အကျိုး ရှိမည်နည်း။

ရန်သူတို့ကို မနှိမ်နင်း မဖြိုဖျက်သူသည် အားခွန်ဗလဖြင့် အဘယ်အကျိုးရှိမည်နည်း။

တရားအကျင့် မကျင့်သူသည် ကျမ်းဂန် ဗဟုသုတဖြင့် အဘယ် အကျိုးရှိမည်နည်း။

ဣန္ဒြေကို မနိုင်ကွပ် မအောင်မြင်သူသည် မိမိ*ကိုယ်*(အသက် ရှင်နေခြင်း)ဖြင့် အဘယ်အကျိုးရှိမည်နည်း။

ထိပ်တန်းရောက်ချင်သူဟာ…

မိမိကိုယ်ကို အကျိုးရှိအောင် နေရ၏။

ပြီ

## ကြောက်စရာကောင်းသော ပညာတတ်

ပညာရှိတာဟာ…

ထိပ်တန်းရောက်ဖို့ အကြောင်းတစ်ခုပါ။

သို့သော်…

ပညာရှိတိုင်းဟာ…

ထိပ်တန်းဘဝမှာ သူတစ်ပါးအကျိုးကို ဆောင်ရွက်ပါသလား?

ပညာရှိတဲ့သူတွေပေါ်ရင် အဲဒီနိုင်ငံ၊ အဲဒီလူမျိုးဟာ ဖွံ့ဖြိုးတိုးတက်ပါသလား?

ပညာရှိများလို့ သတ်မှတ်ထားတဲ့သူများဟာ သူတစ်ပါးကို စိတ်ကျေနပ်မှုရအောင် ဆောင်ရွက်ပေးပါသလား?

ပညာတတ်များရင် ကောင်းတယ်ပေါ့။

ဒါက ယေဘုယျသတ်မှတ်ချက်။

သို့သော်…

ပညာတတ်တိုင်းဟာ အများအကျိုးကို ဆောင်ရွက်ပါသည်ဟု သတ်မှတ်နိုင်ပါသလား?

မကောင်းတာကို မဆောင်ရွက်နိုင်ဘူးလား?

ပုထုဇဉ်ဖြစ်တဲ့အတွက် မည်သူမဆို ကောင်းတာကော၊ မကောင်းတာတွေပါ ပြုလုပ်မိတတ်ကြပါတယ်။

ဒါပေမယ့်…

ပညာတတ်တဲ့လူ မကောင်းတာလုပ်တာနဲ့ ပညာမဲ့ မကောင်းတာလုပ်တာ ဘယ်သူက ကြောက်စရာကောင်းပါသလဲ?

ဒီမေးခွန်းများကို ဖြေဆိုဖို့ ကမ္ဘာပေါ်မှာ ထင်ရှားတဲ့ လူသတ်လက်နက်ဖြစ်တဲ့ အဏုမြူလက်နက်တွေကို ဘယ်သူတွေက တီထွင်ခဲ့ပါသလဲ?

လူ့အသက်ပေါင်း မြောက်မြားစွာကို အချိန်ခဏလေးအတွင်းမှာ သေကြေပျက်စီးအောင် လုပ်ဆောင်ဖန်တီးခဲ့တာဟာ ပညာတတ်တွေပါ။

ပညာမတတ်တဲ့သူတွေဟာ မလုပ်ဆောင် မဖန်တီးနိုင်ပါဘူး။

ပညာတတ်တွေက တီထွင်၏။

ဒါဆို…

ပညာတတ်များကြောင့် လူအများ သေစေနိုင်၏။

ဒီလိုဆိုပါက…

လူဟာ စိတ်ထားမမြင့်ရင် ပညာအများကြီးတတ်လေ ပိုပြီးတော့ ကြောက်စရာ ကောင်းလေပါပဲ။

ဒါကြောင့်…
ပညာတတ်ရင်…
အများအကျိုးဆောင်ရွက်ပါ။
အများအကျိုး ပျက်စီးဖို့ မလုပ်ပါနဲ့။

## စိတ်ချမ်းသာပါစေ

စိတ်ချမ်းသာမှုမရှိရင် . . .

ထိပ်တန်းဘဝကို မရောက်နိုင်ပါဘူး။

ဘာ့ကြောင့်လည်းဆိုတော့ စိတ်ဆင်းရဲတဲ့သူဟာ မိမိအလုပ်ကို အကောင်းဆုံးဖြစ်အောင် မလုပ်ဆောင်နိုင်ပါဘူး။

စိတ်ဆင်းရဲတာဟာ ဘာကြောင့်ပါလဲ?

သမာဓိ မရှိလို့ပါ။

သမာဓိဆိုလို့ တရားအလုပ် အားထုတ်တာကြီးပဲ ပြေးမမြင်မိပါစေနဲ့။

သို့သော် . . .

မည်သည့်အလုပ်ကိုပဲလုပ်လုပ် သမာဓိမရှိပါက မအောင်မြင် မပေါက်ရောက်နိုင်ပေ။

သမာဓိ မရှိတော့ သူတစ်ပါးကိုလည်း ညှဉ်းဆဲမိသလို မိမိကိုယ်ကိုလည်း ညှဉ်းဆဲမိပါတယ်။

ယောဒီလောကမှာ မိမိကိုယ်ကို စိတ်ဆင်းရဲအောင် လုပ်နေတယ်ဆိုတာ သမာဓိ မရှိလို့ပါ။

တကယ်တမ်းအားဖြင့်တော့ သမာဓိ မရှိခြင်းဆိုတာ အမြဲတမ်း စိတ်ညစ်နေခြင်းပါ။

စိတ်ညစ်နေတဲ့သူဟာ...

ဘယ်အရာကိုမှ ပြီးမြောက်အောင်မြင်အောင် မဆောင်ရွက်နိုင်ပါဘူး။

ဘာကြောင့်လည်းဆိုတော့ သူ့ရဲ့အတွေးတွေက မကောင်းတာတွေ ဖြစ်သည့်အတွက် ကောင်းတာကို မလုပ်မိတော့ဘူး။

မကောင်းတဲ့အတွေးဟာ...

မကောင်းတာကိုပဲ လုပ်မိတယ်။

ကောင်းတာကိုတွေးတဲ့သူဟာလည်း...

ကောင်းတာကို ပြုလုပ်မိတယ်။

လူဟာ...

အတွေးအခေါ်ကနေတစ်ဆင့် မိမိရဲ့ဘဝကို ဖန်တီးတယ်။ အတွေးအခေါ်များကတစ်ဆင့် မိမိရဲ့ ရည်မှန်းချက်ကို အကောင်အထည်ဖော်တယ်။

အတွေးအခေါ် မရှိတဲ့သူဟာ...

မည်သည့်ရည်မှန်းချက်ကိုမှ မထားဘူး။

ဒါပေမယ့်...

အတွေးအခေါ် မရှိလို့ ရည်မှန်းချက်ကြီးစွာ မထားတာထက် စာရင် မှားယွင်းတဲ့ အတွေးအခေါ်ဖြင့် မနေမိတာကတော့ ပိုကောင်းပါတယ်။

ဘာကြောင့်လည်းဆိုတော့…
သူတစ်ပါးကို ထိခိုက်စေတဲ့ ဘဝထက်စာရင်…
ဒီအတိုင်းနေတာက ပိုကောင်းပါတယ်။
သို့သော်…
ထိပ်တန်းရောက်ချင်ရင်…
ရည်မှန်းချက်ကြီးကြီးထားပါ။
စိတ်ထားကောင်းပါစေ။

ရွှင်လန်းချမ်းမြေ့ပါစေ…

သတိုးနွယ်
၁၉-၆-၂၀၀၂